ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ ဖေ့ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်၊ ကြာသပတေးနေ့၊ (11-12-2014) (၈၀၅၁)

## ကြည်လင်သောစိတ်

- စိတ်သည် အရာရာကို ဦးဆောင်၏။
- စိတ်သည် အမွန်အမြတ်ဆုံးဖြစ်၏။
- စိတ်သည် အရာရာကို ပြီးစီးစေ၏။
- ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။
- အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့် တူ၏။

(ဓမ္မပဒပါဠိတော်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံ-ကိုရီးယားဆက်ဆံရေးအထိမ်းအမှတ်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာ



**နေပြည်တော် ဒီဇင်ဘာ ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မဒမ် ပတ်ဂွန်ဟေး၏ ဖိတ်ကြားချက်အရ (၂၅)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့ အာဆီယံဥက္ကဋ္ဌအဖြစ် တက်ရောက်ရန် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့သို့ ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်မှ မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းဖြင့် ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဓါတ်ပုံ)**

နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးကျော်ဆန်း၊ ဦးမြင့်လှိုင်၊ ဦးမောင်မြင့်၊ ဒေါက်တာကံဇော်၊ ဦးရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

နိုင်ငံတော်သမ္မတ၏ ယခုခရီးစဉ်သည် ကိုရီးယားနိုင်ငံသို့ သွားရောက်သည့် ဒုတိယအကြိမ်မြောက်ခရီးစဉ်ဖြစ်ပြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

## ထူးခြားသည့် ညအပူချိန်များ

| | |
|---|---|
| လွိုင်လင် | ၃ ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၆ ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၆ ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၆ ဒီဂရီစင်တီဂရိတ် |

# ဒေသခံပြည်သူများ မျှော်လင့်ချက်ပြည့်ဝတော့မည့် ပလက်ဝမြို့ဖွံ့ဖြိုးရေး

သတင်း-နေလင်း(သတင်းစဉ်) ❖ ဓာတ်ပုံ-မင်းသစ်

ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့သည် ဧရိယာ စတုရန်းမိုင် ၃၁၂၇ ဒသမ ၀၄ ကျယ်ဝန်းပြီး ရပ်ကွက် ခြောက်ခု၊ ကျေးရွာအုပ်စု ၉၆ အုပ်စုနှင့် ကျေးရွာပေါင်း ၃၈၅ ရွာရှိကာ လူဦးရေ ကိုးသောင်းကျော်နေထိုင်ပြီး အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။

ပလက်ဝမြို့တွင် ချင်းတိုင်းရင်းသား ခူမီးလူမျိုး အများဆုံးနေထိုင်ပြီး ရခိုင်၊ ဗမာ၊ အနူခေါင်စို၊ လီခန်၊ မတူ၊ မာရာနှင့် မြို(ခေါ်)ခမိ လူမျိုးများနေထိုင်ကြကာ တောင်ယာလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသည်။

တောတောင်ထူထပ်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲလှသည့် ပလက်ဝမြို့နယ်တွင်နေထိုင်သည့် ဒေသခံပြည်သူများသည် ကုလားတန်မြစ်ကြောင်းမှ စက်တပ်သမ္ဗန်များကို အသုံးပြုကာ ဒေသထွက်ကုန်များကို ရခိုင်ပြည်နယ် ကျောက်တော်မြို့မှတစ်ဆင့် အခြားမြို့နယ်များသို့ ဖြန့်ဖြူးရောင်းချရကြောင်းသိရသည်။ **စာမျက်နှာ ၁၀ ကော်လံ ၅ သို့** ✱



ပလက်ဝမြို့အား အပေါ်စီးမှ မြင်ရစဉ်။




ကြေးမုံ စာတည်းရှုထောင့် ၁၁-၁၂-၂၀၁၄၊ ကြာသပတေးနေ့

# လူသားအသိ

လာမည့်နွေရာသီတွင် အပူချိန်ပြင်းထန်မည်ဟု ပညာရှင်များက ခန့်မှန်းမှတ်ချက်ပေးထားကြသည်။ လက်ရှိဖြစ်စဉ်များက မှန်ကန်ကြောင်း ထောက်ပြနေသည်။ မိမိတို့နိုင်ငံ၏ အအေးဆုံးကာလဆောင်းရာသီ ဒီဇင်ဘာလသည် ယခုရက်ပိုင်းမှာ သာမန်နွေလများ၏ အပူချိန်ကဲ့သို့ ပူပြင်းနေသည်။ ဆိုးရွားလွန်းသောရာသီဥတုဖောက်ပြန်မှုဒဏ်ကို နိုင်ငံအနှံ့ခံစားလာနေရပြီ။

လတ်တလောဖိလစ်ပိုင်မှာဝင်ရောက်နေသည့် ဟာဂူပစ်မုန်တိုင်း၏ အရှိန်ကြောင့်ဟုဆိုနိုင်သော်လည်း သက်ရောက်မှုပုံစံမှာ ယခင်ကဖြစ်စဉ်များနှင့်ကွဲပြားနေသည်။ ယခင်ကတောင်တရုတ်ပင်လယ်မှာ မုန်တိုင်းဖြစ်ပေါ်သည်နှင့် မိမိတို့နိုင်ငံ အရှေ့မြောက်ဘက် ရှမ်းကုန်းမြေမြင့်နှင့်အလယ်ပိုင်း၊ မြောက်ပိုင်းဒေသများတွင် မိုးသည်းထန်တတ်သည်။ ယခုထိုသို့မဟုတ်။ မိုးမရွာဘဲ အပူချိန်လွန်ကဲမြင့်တက်လာနေသည်။

ရာသီဥတုဖောက်ပြန်ခြင်းသည် သဘာဝလွန်ဖြစ်ရပ်များဟုဆိုရမည်။ အအေးဆုံးလတွင် ပူပြင်းနေသည်။ ပညာရှင်များ ကြိုတင်ဟောကိန်းထုတ်ထားသည့် နွေရာသီဆိုလျှင် ပြောဖွယ်ရာမရှိတော့ပါပြီ။

စက်မှုတော်လှန်ရေးကအစပြုဖွံ့ဖြိုးတည်လာခဲ့သောကာဗွန်များ ယခုအခါ ပိုမိုအားကောင်းလာခဲ့ပြီး ဖန်လုံအိမ်ဓာတ်ငွေ့အဖြစ်နှင့် မြေကမ္ဘာအားသိုင်းခြုံဒုက္ခပေးလာနေပြီ။ ကာဗွန်ထုတ်လွှတ်နေသော နိုင်ငံကြီးများက ကာဗွန်ထုတ်လွှတ်မှုများလျှော့ချပေးလာသည်ဆိုသော်လည်း ညီညွတ်မှုနှင့် အချိန်ယူရပါဦးမည်။ ဤဓာတ်ငွေ့ဖန်လုံအိမ်ကိုကား အချိန်တိုအတွင်းချေဖျက်နိုင်စွမ်းကို မည်သို့မျှ တတ်နိုင်မည်မထင်ပါ။

လောလောဆယ်မိမိတို့လုပ်၍ရနိုင်သည်မှာ ထိုအပူဒဏ်မှ ကာကွယ်ပေးနိုင်စွမ်းသည့် ကာဗွန်များကို စုပ်ယူဝါးမျို၍ လူကိုအကျိုးပြုပေးနေသည့် သစ်ပင်များ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရှင်သန်စေခြင်းမှတစ်ပါး အခြားမရှိတော့ပါပြီ။ ထို့ကြောင့်လည်း တစ်ဦးချင်းမှသည် မိသားစုအလိုက်၊ လမ်းအလိုက်၊ အဖွဲ့အစည်းအလိုက် သစ်ပင်စိုက်ပျိုးကာ အပူဒဏ်ကာသဘာဝတံတိုင်းသစ်တောသစ်ပင်များ ပွားစည်းနိုင်ရေး ကြိုးစားနေကြရသည်။

မိမိတို့နိုင်ငံသားများအားလုံး သစ်ပင်စိုက်ပျိုးဝီရိယတိုးလုပ်ဆောင်နေကြသလို တစ်ဖက်တွင်လည်း မိမိတို့နိုင်ငံ၏ ရေခံမြေခံကောင်းမွန်မှုကလည်းကြီးစွာအထောက်အကူဖြစ်စေပါသည်။ သဘာဝမိုးသစ်တောကြီးများ၊ ရွက်ပြတ်တောများ၊ ပင်လယ်ကမ်းစပ် ဒီရေတောများသည် လူတို့တကူးတကစိုက်ပျိုးစရာမလိုဘဲ သဘာဝအလျောက်ရှင်သန်ပေါက်ရောက်နေကြသော သစ်တောကြီးများဖြစ်ကြသည်။ လူတို့ပယောဂကြောင့် သစ်တောကြီးများပြုန်းတီးလာနေသော်လည်း သစ်တစ်ပင်ခုတ်ပြီးတိုင်း ထိုသစ်ငုတ်တို့မှ ငါးပင်မက ပွားစည်းရှင်သန်နိုင်ပါသည်။ အမြစ်ပါမကျန် နုတ်ယူမသွားဖို့သာလိုပါသည်။

ဒီရေတောများဆိုလည်း ထိုနည်းလည်းကောင်းပင် ရှင်သန်နိုင်သည့်စွမ်းအားများကို ရေခံမြေခံသဘာဝတရားက အပြည့်အဝ လက်ဆောင်ပေးထားပြီးဖြစ်သည်။ နမူနာအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းနှင့် ကွမ်းခြံကုန်းမြို့နယ် ကမ်းတက်မြေများ ဧရိယာဧက ၃၀၀၀ ခန့်ရှိ သဘာဝဒီရေတောများ ဖြစ်ထွန်းလျက်ရှိလာနေခြင်းဖြစ်သည်။

ဤကဲ့သို့သော သဘာဝအလျောက် ပေါက်ရောက်ရှင်သန်ဖွံ့ဖြိုးနေပြီး ပင်လယ်ကမ်းနားနေ ပြည်သူများအား လှိုင်းဒဏ် လေဒဏ်ကာကွယ်ပေးလျက် သား၊ ငါး၊ ပုစွန်အလျှံပယ်ပေါကြွယ်စေသည့် ဤကဲ့သို့သော ဒီရေတောများ ရခိုင်၊ တနင်္သာရီနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် အများအပြားတည်ရှိနေဆဲဖြစ်ပါသည်။ ကမ္ဘာနှင့်ယှဉ်ပြောရလျှင်လည်း ကမ္ဘာ့ဒီရေတောတည်ရှိသည့် နိုင်ငံများတွင် သတ္တမမြောက်ဧရိယာအများဆုံးနိုင်ငံဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်တိုင်းတာချက်အရ ဒီရေတောဖုံးလွှမ်းဧရိယာ ၁၂ သိန်း ခန့်ရှိကြောင်း သိရသည်။

ယခုလည်း ဧရာဝတီတိုင်းဒေသကြီးတွင် JICA နှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်းပြီး သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဒီရေတော ဧကသုံးထောင်ခန့် စိုက်ပျိုးမည်ဟု သိရသည်။ သဘာဝအလျောက်လည်း ပေါက်ရောက်၊ လူတစ်ဦးချင်းစီမှသည် အဖွဲ့အစည်းလိုက်လည်း ထပ်မံတိုးချဲ့စိုက်ပျိုး။ ဤသို့ဖြင့် မိမိတို့နိုင်ငံတွင် သဘာဝမိုးသစ်တောများတိုးပွားဖြစ်ထွန်းလာပြီး တစ်ဖန်ပြန်၍ စိမ်းလန်းစိုပြည်လာမည်။ သို့ဆိုလျှင် လာမည့်နွေရာသီအပူရှိန်ဒဏ်ကို သစ်ရိပ်ဝါးရိပ်ခိုလျက် ရင်ဆိုင်ကျော်လွှားလွန်မြောက်နိုင်မည်မှာ အသေအချာဖြစ်ပါသည်။

သစ်တစ်ပင်ရှင်သန်အောင် မစိုက်ပျိုးနိုင်သေးလျှင် အကြောင်းမဟုတ်သော်လည်း သစ်တစ်ပင်မခုတ်မိအောင်ကျင့်ကြံနေထိုင်နိုင်မှသာ လူသားအသိနှင့် လူသားပီသနိုင်ပါမည်။ အရိပ်နေနေ အခက်ချိုးချိုး မပြုလုပ်မိခြင်းသည်ပင် လူသားအသိဖြစ်ပါသည်။ ။



## နိုင်ငံရေးဆိုင်ရာ ဘဏ္ဍာရန်ပုံငွေစနစ်လုပ်ငန်းစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် International IDEA တို့ပူးပေါင်းဆောင်ရွက်သည့် နိုင်ငံရေးဆိုင်ရာ ဘဏ္ဍာရန်ပုံငွေစနစ်လုပ်ငန်းစဉ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် International IDEA မှ Mr.Rolf Magnus Ohman နှင့် Ms.Elin Maria Sofia Hellberg Falfuera တို့က နိုင်ငံရေးဆိုင်ရာဘဏ္ဍာရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ နိုင်ငံတကာ အတွေ့အကြုံနှင့် အကောင်အထည်ဖော်ဆောင်မှု၊ ဘဏ္ဍာရေးအစီရင်ခံစာများလက်ခံရရှိခြင်းလုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးအစီရင်ခံစာများနှင့် တိုင်ကြားလွှာများအား စစ်ဆေးကြည့်ရှုခြင်းလုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးအစီရင်ခံစာများအား ဖော်ပြခြင်းလုပ်ငန်းစဉ်များ၊ အခြားဆက်စပ်နေသူများနှင့် ဆောင်ရွက်သည့်လုပ်ငန်းစဉ်များ၊ ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်လာကြသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဆောင်ရွက်နေသည့် နိုင်ငံရေးဆိုင်ရာဘဏ္ဍာရန်ပုံငွေလုပ်ငန်းစဉ်များနှင့်လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲအသုံးစရိတ်များနှင့်ပတ်သက်ပြီး ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ နည်းပညာဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့် လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးကော်မရှင်ရုံးမှ တာဝန်ရှိသူ ၁၅ ဦးတို့တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၁၀**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၇၁၀၀၀ - | ၆၇၂၀၀၀ |
| မန္တလေး | ရွှေဈေး | ၆၇၁၀၀၀ - | ၆၇၂၀၀၀ |


**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၀၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၁၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၈၉၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၅.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၆၉.၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၅.၆၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁.၁၉၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၄.၅၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆.၅၈၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၅၇.၈၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၂.၆၄၇ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၈၅၀.၆၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၈.၈၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း




ချစ်ပိုက်သစ္စာ 562829,09-73198239 569782,09-450006779
•ပုဂံ(စွယ်တော်လေးဆူ)၊ပုပ္ပါး၊ပခုက္ကူ
•တောင်ကြီး၊ အင်းလေး၊ ပင်းတယ
•မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
အပတ်စဉ်သောကြာ
ကျိုက်ထီးရိုး ချောင်းသာ (နေ့စဉ်)
ကားမျိုးစုံ စီးလုံးငှား စီစဉ်ပေးပါသည်။
www.chitpaithitsar.blogspot.com

GOLDEN STAR ခရီးသွားလုပ်ငန်း
Scania,Volvo,Yutong အဆင့်မြင့်ကားများဖြင့်...
☆ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
☆ငွေဆောင် (သောကြာ) ကားမျိုးစုံ စီးလုံးငှားသည်။
Ph: 209200, 430480, 544383, 703448, 705968

ရွှေထူးလွင် ကျိုက်ထီးရိုး ချောင်းသာ } ၁၅၀၀၀ိ/- / ၂၅၀၀၀ိ/- စား၊ တည်း၊ ငြိမ်း
Ph : 09450044494, 09450044496, 389920

EEC European Education Center
European University Degrees
Taught by European Professional Lecturers
▾ Executive MBA
▾ International Business Relations ( BA , HND )
▾ Management ( BA , HND )
▾ Diploma in Management Studies
▾ Diploma in Business English
▾ Certificate of Proficiency in English
Special Discount offer
Valid until Jan - 15
www.eecmyanmar.com facebook.com/eecmyanmar 09-250233662
No.A/601,Diamond Condo,Pyay Road,Kamaryut,Yangon.



# ပြည်တွင်းရေးရာ

**☆ နိုင်ငံတော်သမ္မတမှ**


ပထမအကြိမ်အဖြစ် ကိုရီးယားသမ္မတနိုင်ငံ ယခင် သမ္မတဟောင်း မစ္စတာအီမြောင်ဘတ်၏ ဖိတ်ကြားချက်အရ ၂၀၁၂ ခုနှစ် အောက်တိုဘာလအတွင်းက ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့ခြင်းဖြစ်သည်။ ထို့အတူ ကိုရီးယားသမ္မတနိုင်ငံဘက်မှလည်း ယခင်သမ္မတဟောင်း မစ္စတာအီမြောင်ဘတ်သည် ၂၀၁၂ ခုနှစ် မေလအတွင်းက မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့ပြီး ယခုလက်ရှိသမ္မတ မဒမ်ပတ်ဂွန်ဟေးသည်လည်း မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် ၂၀၁၄ ခုနှစ် နိုဝင်ဘာလက တာဝန်ယူကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ကိုရီးယားနိုင်ငံသည် အာဆီယံ၏ ဒုတိယကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံဖြစ်ပြီး ၁၉၈၉ ခုနှစ်မှစတင်ကာ အာဆီယံ-ကိုရီးယား ဆက်သွယ်မှုစတင်ခဲ့ကြောင်း၊ ထို့ပြင် အာဆီယံဒေသတွင်း နိုင်ငံများသို့ ကိုရီးယားနိုင်ငံမှ အလည်အပတ်လာရောက်မှုသည် လေးသန်းကျော်ရှိကြောင်း၊ ကိုရီးယားနိုင်ငံသို့ အာဆီယံနိုင်ငံများမှ အလည်အပတ်သွားရောက်မှုသည် တစ်သန်းကျော်ရှိကြောင်းနှင့် ယခုထိပ်သီးအစည်းအဝေးကို ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




**၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၃ ရက်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးသို့တက်ရောက်လာသော တောင်ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မဒမ်ပတ်ဂွန်ဟေးအား ကြိုဆိုနှုတ်ဆက်စဉ်။**
(သတင်းစဉ်)



**၂၀၁၂ ခုနှစ် အောက်တိုဘာ ၉ ရက်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ သမ္မတအိမ်တော် (Blue House) ၌ ကိုရီးယားသမ္မတ မစ္စတာ အီမြောင်ဘတ်နှင့် တွေ့ဆုံဆွေးနွေးစဉ်။**
(သတင်းစဉ်)

## မဲခေါင်ဒေသတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့စည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ မဲခေါင်ဒေသတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ဒီဇင်ဘာ ၉ ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် အရိန္ဒမာခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက ပြည်တွင်းလူကုန်ကူးမှု တားဆီးရေးလုပ်ငန်းများတွင် ထိရောက်စွာဖော်ထုတ်နိုင်ရေးအတွက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ဥပဒေအရာရှိများ၊ တရားရေးဝန်ထမ်းများ၊ လူကုန်ကူးခံရသူများ၊ လူမှုရေးအသင်းအဖွဲ့များ ယခင်ကထက် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စုံစမ်းစစ်ဆေးရေးအပိုင်းနှင့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးအပိုင်းများတွင် ပြုပြင်ပြောင်းလဲသင့်သည်များကို ပြုပြင်ပြောင်းလဲရန်လိုကြောင်း၊ အထူးသဖြင့် ၂၀၀၅ ခုနှစ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြန်လည်သုံးသပ်ရန် လိုလာပြီဖြစ်ကြောင်း ဖြင့် ပြောကြားသည်။

ဆက်လက်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးချုပ် ဝင်းနိုင်ထွန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြဆွေးနွေးရာ တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးဆွေးနွေးကြသည်။ အဆိုပါအစည်းအဝေးကို ဒီဇင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင်ကျင်းပခဲ့ပြီး ကုလသမဂ္ဂအဖွဲ့အစည်းများ၊ NGO၊ INGO များတက်ရောက်ကြသည်။

**(ကြေးမုံ)**


သမ္မတ၊ သွင်၊ မင်္ဂလာ၊ မင်္ဂလာစံပြ Top Royal
မန္တလေး - ဝင်းလိုက်၊ မြို့မ




နေပြည်တော်၊ မင်္ဂလာစံပြ
မန္တလေး မင်္ဂလာဒိုင်းမွန်း၊ အောင်သီရိ(လားရှိုး)




ရွှေဆောင်(၁)၊ မင်္ဂလာစံပြ၊
မင်္ဂလာဒိုင်းမွန်း (မန္တလေး)၊ အောင်သီရိ(လားရှိုး)




နေပြည်တော်(၃)၊ မင်္ဂလာ(၂)ဒဂုံစင်တာ(၂)
မင်္ဂလာဒိုင်းမွန်း(မန္တလေး)




နေပြည်တော်(၂)




ရွှေဆောင်(၂)၊ (မန္တလေး)မြို့မ (၁၀း၀၀)နာရီ




| သမ္မတ | သွင် | မင်္ဂလာ(၁) သိမ်ကြီးဈေး | မင်္ဂလာ(၂) ဒဂုံစင်တာ(၂) | မင်္ဂလာစံပြ | ရွှေဆောင်(၁) | ရွှေဆောင်(၂) | နေပြည်တော် | Top Royal(စိန်ဂေဟာ-ပါရမီ) | ဝင်းလိုက်(မန္တလေး) | မြို့မ(မန္တလေး) | မင်္ဂလာဒိုင်းမွန်း(မန္တလေး) |
|---|---|---|---|---|---|---|---|---|---|---|---|
| ၀၁-၂၄၆၉၆၂ | ၀၁-၃၇၂၅၉၄ | ၀၁-၂၄၃၀၅၇ | ၀၉၇၃၂၅၄၀၉၁ | ၀၉၇၃၁၇၆၀၀၀ | ၀၁-၂၅၂၁၁၃ | ၀၁-၃၇၀၇၈၇ | ၀၁-၂၅၁၂၇၇ | ၀၉၄၂၀၁၀၆၂၉၁ | ၀၂-၃၉၁၂၈ | ၀၂-၃၉၁၃၆ | ၀၉၄၀၂၇၆၅၆၄၁ |
| ၀၁-၂၄၆၉၆၃ | ၀၉၇၃၂၃၅၅၆၀ | ၀၁-၂၄၃၀၅၈ | ၀၉၇၃၂၅၄၀၉၂ | ၀၉၇၃၁၇၆၁၁၁ | ၀၁-၃၈၈၀၃၄ | ၀၉၇၃၀၀၁၇၀၄ | ၀၁-၂၅၁၂၈၈ | ၀၉၄၂၀၁၀၆၂၉၂ | ၀၂-၆၀၂၉၁ | ၀၂-၃၉၁၃၇ | ၀၉၄၀၂၇၆၅၆၄၂ |

ပွဲချိန်သတ်မှတ်ပြ
၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ
Mingalar Cinemas facebook

## ဥရောပသမဂ္ဂ မြန်မာနိုင်ငံသို့ ဒေါ်လာသန်း ၉၀၀ ထောက်ပံ့ပေးမည်

**ဘရပ်ဆယ် ဒီဇင်ဘာ ၁၀**

ဥရောပသမဂ္ဂက မြန်မာနိုင်ငံ၏ ဒီမိုကရေစီနည်းကျ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ ပို၍အထမြောက်စေရန်ရည်ရွယ်ပြီး လာမည့်ခုနစ်နှစ်အတွင်း မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာ သန်း ၉၀၀ ထောက်ပံ့ပေးမည်ဟု ဒီဇင်ဘာ ၈ ရက်က ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

ယင်းသို့ ထောက်ပံ့ပေးမှုသည် လွန်ခဲ့သောလတွင် သမ္မတအိုဘားမားက မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များသည် အချို့သောကဏ္ဍများ၌ နှောင့်နှေးကြန့်ကြာမှုများရှိနေသည်ဟု ပြောကြားခဲ့ခြင်းနှင့် ဆက်စပ်မှုရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄-၂၀၂၀ ခုနှစ်များအတွင်း နိုင်ငံ၏ကဏ္ဍစုံပြောင်းလဲရေးတွင် အကောင်အထည်ဖော်ဆောင်မှုလုပ်ငန်းစဉ်များ မြှင့်တင်နိုင်ရန် ရည်ရွယ်ကြောင်းနှင့် အထူးသဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်နိုင်စေရန်ဖြစ်ကြောင်း ဥရောပသမဂ္ဂက ပြောသည်။

ထို့ပြင် ထောက်ပံ့ငွေများကို ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ အစားအစာနှင့် အာဟာရထောက်ပံ့မှု၊ ပညာရေးအဆင့်အတန်းဖွံ့ဖြိုးတိုးတက်မှု၊ အုပ်ချုပ်မှုစနစ်နှင့် တရားဥပဒေစိုးမိုးရေး ကဏ္ဍများတွင် အကျိုးရှိစွာ အသုံးချနိုင်ရန်ရည်ရွယ်ကြောင်း ဥရောပကော်မရှင်က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် ဥရောပသမဂ္ဂက စဉ်ဆက်မပြတ် ကူညီထောက်ပံ့ပေးနေကြောင်း ထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။ **အေအက်ဖ်ပီ။**

## အနောက်နိုင်ငံများက ဆီးရီးယားဒုက္ခသည်များအား တိုးမြှင့်လက်ခံ



**ဂျီနီဗာ ဒီဇင်ဘာ ၁၀**

အနောက်နိုင်ငံများက ဆီးရီးယားဒုက္ခသည်ဦးရေ ၁၀၀၀၀၀ ခန့်ကို နောင်လာမည့်လများအတွင်း တိုးမြှင့်လက်ခံသွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအေဂျင်စီက ပြောသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဂျီနီဗာမြို့တွင် အဖွဲ့ဝင်နိုင်ငံများနှင့် အစည်းအဝေးပွဲကျင်းပစဉ် အနောက်နိုင်ငံများအနေဖြင့် ဆီးရီးယားဒုက္ခသည်ဦးရေ တိုးမြှင့်လက်ခံမည့် ကြေညာချက်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဆီးရီးယားဒုက္ခသည်ဦးရေ ၁၀၀၀၀၀ ဆိုသည့် အရေအတွက်သည် မဟာမင်းကြီးရုံးနှင့် ဒုက္ခသည်များဆိုင်ရာအေဂျင်စီများ မျှော်မှန်းထားသော အရေအတွက်ထက် နည်းနေသေးကြောင်း သိရသည်။ ဒုက္ခသည်ဦးရေ သုံးသန်းအနက် အများစုသည် လက်ဘနွန်၊ တူရကီနှင့် ဂျော်ဒန်နိုင်ငံတို့တွင်ရှိကြပြီး ၆၂၀၀၀ လောက်သာလျှင် အနောက်နိုင်ငံများတွင် ရှိကြသည်။

အနောက်နိုင်ငံများက ဒုက္ခသည်အရေအတွက်ကို တိုးမြှင့်လက်ခံခြင်းသည် ထောက်ပံ့ပေးရေးအဖွဲ့များက ဒုက္ခသည်ဦးရေ ၁၈၀၀၀၀ (၅ရာခိုင်နှုန်း) ကို လက်ခံပေးရန် တိုက်တွန်းခဲ့သောကြောင့် ဖြစ်သည်။ **ဘီဘီစီ။**

## မာလာလာယူဆွတ်ဇိုင်က ပါကစ္စတန်ဝန်ကြီးချုပ်ဖြစ်လို



**အော်စလို ဒီဇင်ဘာ ၁၀**

ပါကစ္စတန်နိုင်ငံသူ တက်ကြွလှုပ်ရှားသူ မာလာလာယူဆွတ်ဇိုင်က ဗုဒ္ဓဟူးနေ့တွင် ငြိမ်းချမ်းရေးနိုဘယ်ဆုကို လက်ခံရယူခြင်းမပြုမီ ၎င်းသည် နိုင်ငံရေးသမားတစ်ဦးဖြစ်လာရန် မျှော်လင့်ကြောင်း ဘီဘီစီသို့ ပြောကြားသည်။

ဗြိတိန်နိုင်ငံ၌ ပညာသင်ကြားမှုပြီးစီးသောအချိန်တွင် ပါကစ္စတန်နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ရန်ပင် ဆန္ဒရှိကြောင်း ၎င်းက ပြောသည်။

ယူဆွတ်ဇိုင်သည် အိန္ဒိယနိုင်ငံကလေးအခွင့်အရေးလှုပ်ရှားသူ ကိုင်လပ်ချ်ဆတ်ရာသီနှင့်အတူ ပူးတွဲ၍ ငြိမ်းချမ်းရေးနိုဘယ်ဆု ချီးမြှင့်ခြင်းခံရသည်။

မိန်းကလေးများ ပညာသင်ကြားခွင့်ရရှိရေးအတွက် လှုပ်ရှားသဖြင့် ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် တာလီဘန် သေနတ်သမားများက သူမ၏ဦးခေါင်းကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ ယူဆွတ်ဇိုင်သည် အသက်အငယ်ဆုံး နိုဘယ်ဆုရှင် ဖြစ်လာသည်။

နိုင်ငံ့တာဝန်ကို ထမ်းဆောင်ရန် အလိုရှိပါကြောင်း၊ ပါကစ္စတန်နိုင်ငံသည် ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံ ဖြစ်လာခြင်းနှင့် ကလေးအားလုံး ပညာသင်ကြားနေသည်ကို မြင်ရခြင်းတို့သည် သူမ၏ အိပ်မက်ဖြစ်ပါကြောင်း ယူဆွတ်ဇိုင်က အော်စလိုမြို့၌ ဘီဘီစီနှင့်တွေ့ဆုံခန်းတွင် ပြောကြားခဲ့သည်။

၎င်း၏ ရင်တွင်း၌ အဆိုပါဆန္ဒသည် ၂၀၀၇ ခုနှစ်က လုပ်ကြံခြင်းမခံရမီ ဝန်ကြီးချုပ်တာဝန် နှစ်ကြိမ်တိုင်တိုင် ထမ်းဆောင်ခဲ့သူ ဘနာဇီယာဘူတိုကို အားကျပြီး ပေါ်ပေါက်လာခြင်းဖြစ်သည်ဟုဆိုသည်။ **ဘီဘီစီ။**

## လွတ်လပ်သောစီးပွားရေးဇုန် နယ်မြေများ တောင်ကိုရီးယား ပြုပြင်ပြောင်းလဲမည်

**ဆိုးလ် ဒီဇင်ဘာ ၁၀**

တောင်ကိုရီးယားနိုင်ငံသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများအရ ဟောင်ကောင်နှင့် စင်ကာပူနိုင်ငံတို့ထက် သာလွန်စေရန် လွတ်လပ်သော စီးပွားရေးဇုန်နယ်မြေများကို ပြုပြင်ပြောင်းလဲမည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများက ဒီဇင်ဘာ ၉ ရက်တွင် ပြောကြားကြသည်။

တောင်ကိုရီးယားနိုင်ငံ၏ လွတ်လပ်သော စီးပွားရေးဇုန်နယ်မြေများနှင့် သက်ဆိုင်နေသော ဥပဒေစည်းမျဉ်းများကို လျှော့ချပေးခြင်းဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်မည်ဟု မျှော်လင့်ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လွတ်လပ်သော စီးပွားရေးဇုန်နယ်မြေများတွင် အခမဲ့ ငှားရမ်းခွင့်၊ သက်သာသော အခွန်နှုန်းထားခံစားနိုင်ခွင့်၊ အကောက်ခွန်လွတ်ငြိမ်းချမ်းသာခွင့် စသည့်အခွင့်အရေးများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ခံစားခွင့်ရရှိနိုင်သည်။

တောင်ကိုရီးယားနိုင်ငံ၌ ပထဝီနယ်မြေအပိုင်းအခြားများအရ လွတ်လပ်သောစီးပွားရေးဇုန်နယ်မြေ ရှစ်ခုတည်ရှိသည်။ အင်ချွန်း၊ ဘူဆန်ဂျင်ဟေး၊ ကွမ်ယန်းပင်လယ်အော်၊ ပင်လယ်ဝါ၊ အရှေ့ကမ်းရိုးတန်း၊ ဆမ်မန်းဂွမ်၊ ဒေဂူဂျောင်ဘတ်နှင့် ချွန်းဘတ်ဟူ၍ အမည်ပေးထားသည့် လွတ်လပ်သော စီးပွားရေးဇုန်နယ်မြေများကို ထူထောင်ထားရှိသည်။ ယခုနှစ်သည် တောင်ကိုရီးယားနိုင်ငံ၌ ပထမဆုံးအကြိမ် လွတ်လပ်သော စီးပွားရေးဇုန်နယ်မြေထူထောင်မှု ၁၁ နှစ်မြောက် နှစ်ပတ်လည်အခါသမယဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများသည် အဓိကအားဖြင့် အမေရိကန်နှင့် ဥရောပသမဂ္ဂ(အီးယူ)နိုင်ငံများမှ ဖြစ်သည်။ သို့ရာတွင် ယခုအခါ မိမိတို့၏ အဓိကကုန်သွယ်ဖက်နိုင်ငံများမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း လွတ်လပ်သော စီးပွားရေးဇုန်များ စီမံခန့်ခွဲရေးရုံး၏ ညွှန်ကြားရေးမှူးချုပ် ပါ့ခ်ဆွန်ကီးက ပြောကြားသည်။ **ပီတီအိုင်။**



## နိုင်ငံတကာစစ်ရေးကျွမ်းကျင်မှုပြိုင်ပွဲ တရုတ်တွင် ကျင်းပ

**နန်ကျင်း ဒီဇင်ဘာ ၁၀**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ အတည်ပြုထောက်ခံပြီး PLA သိပ္ပံနှင့်နည်းပညာတက္ကသိုလ် (UST) မှ ကြီးမှူးကျင်းပသည့် နှစ်ရက်ကြာ နိုင်ငံတကာ စစ်ရေးကျွမ်းကျင်မှုပြိုင်ပွဲကို တရုတ်နိုင်ငံ နန်ကျင်းမြို့၌ ဒီဇင်ဘာ ၁၀ ရက်တွင် ကျင်းပခဲ့သည်။

ဗိုလ်လောင်းဆယ်ဦးဖြင့် ဖွဲ့စည်းထားသည့် အသင်းများသည် ခရီးလမ်းညွှန်ခြင်း၊ စစ်မြေပြင်တိုက်ပွဲဝင်ခြင်း၊ ညဘက်ရှာဖွေခြင်း၊ စစ်ဘက်ဆိုင်ရာပရိယာယ်များနှင့် ပစ်ခတ်ခြင်းကဲ့သို့သော နယ်ပယ်များတွင် ပြိုင်ဆိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်အသင်းများမှာ တရုတ်၊ ပါကစ္စတန်၊ ဂျာမနီ၊ ဂျပန်နှင့် ဘရာဇီး အစရှိသော နိုင်ငံငါးနိုင်ငံမှ နိုင်ငံတကာစစ်တက္ကသိုလ်များမှဖြစ်သည်။ စစ်ရေးကျွမ်းကျင်မှုပြိုင်ပွဲများမှာ ကမ္ဘာ့စစ်ရေးအင်အားကြီးနိုင်ငံများအတွက် ဗိုလ်လောင်းများကို လေ့ကျင့်ပေးရန် ထုံးတမ်းစဉ်လာအလေ့အထတစ်ခုဖြစ်ကြောင်း UST ကျောင်းအုပ်ကြီး ကျောင်ရာဖေးက ပြောကြားသည်။

ယခုပြိုင်ပွဲမှာ နိုင်ငံတကာစစ်တက္ကသိုလ်များပါဝင်သည့် ပြိုင်ပွဲတစ်ရပ်အား တရုတ်နိုင်ငံအနေဖြင့် ပထမဆုံးအကြိမ် လက်ခံကျင်းပခြင်းဖြစ်သည်။ UST သည် ပြည်တွင်းစစ်တက္ကသိုလ်များ ပါဝင်ယှဉ်ပြိုင်သည့် တရုတ်နိုင်ငံ၏ ပထမဆုံးသော စစ်ရေးကျွမ်းကျင်မှုပြိုင်ပွဲကို ၂၀၁၃ ခုနှစ်တွင် ကျင်းပခဲ့သည်။ **ဆင်ဟွာ။**

## ၂၀၁၅ ခုနှစ်အတွက် စီးပွားရေး မူဝါဒများရေးဆွဲရန် တရုတ်ခေါင်းဆောင်များ အစည်းအဝေးခေါ်ယူ

**ပေကျင်း ဒီဇင်ဘာ ၁၀**

၂၀၁၅ ခုနှစ်အတွက် စီးပွားရေးမူဝါဒများကို ရေးဆွဲနိုင်ရန် တရုတ်နိုင်ငံ ခေါင်းဆောင်များ၏ အစည်းအဝေးတစ်ရပ်ကို ဒီဇင်ဘာ ၉ ရက်တွင် ပေကျင်းမြို့၌ ဖွင့်လှစ်လိုက်ကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

စီးပွားရေးဆိုင်ရာ ဗဟိုအဆင့်လုပ်ငန်းများ ညှိနှိုင်းရေးညီလာခံဟု အမည်ပေးထားသော အစည်းအဝေးသို့ မူဝါဒရေးဆွဲသူများ တက်ရောက်ကြပြီး တံခါးပိတ်အစည်းအဝေးအဖြစ် ကျင်းပခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် ဒုတိယစီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သော တရုတ်နိုင်ငံ၏ နှစ်ရှည်စီးပွားရေးတိုးတက်မှုအရှိန်အဟုန် နှေးကွေးလာမည့် အလားအလာများ ပြသလာချိန်တွင် ၂၀၁၅ ခုနှစ်အတွက် စီးပွားရေးမူဝါဒများအား ပုံဖော်နိုင်ရန် ညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ အဆိုပါ ညီလာခံ ကျင်းပမည့်ကာလကို မသိရှိရပေ။

၂၀၁၅ ခုနှစ်၌ စီးပွားရေးတိုးတက်မှုနှုန်းကို ဆက်လက်ထိန်းထားနိုင်စေရန် ရည်ရွယ်ကြောင်း အာဏာရ ကွန်မြူနစ်ပါတီ၏ နိုင်ငံရေးဦးဆောင်မှုအဖွဲ့က လွန်ခဲ့သည့် ရက်သတ္တပတ်တွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ယခုနှစ် တတိယကာလပတ်တွင် ၇ ဒသမ ၃ ရာခိုင်နှုန်း ရှိခဲ့သည်။ ယင်းမှာ ၂၀၀၉ခုနှစ် အစောပိုင်းက ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပေါ်ခဲ့ချိန်နောက်ပိုင်း အနှေးကွေးဆုံးနှုန်းဖြစ်သည်။ တရုတ်နိုင်ငံသည် ယခုအခါ စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုအများအပြားနှင့် တွေ့ကြုံရလျက်ရှိသည်။ **ဆင်ဟွာ။**

## ပြည်တွင်းရေးရာ

# စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့ ရွှေနုံးတိုးစေတီတော် ရွှေထီးတော်တင်လှူ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့ ရွှေနုံးတိုးစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူခြင်း၊ အနေကဇာတင်ခြင်းနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းနောင်နှင့်ဇနီး၊ စေတနာရှင်အလှူရှင်များနှင့်ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘုရားဖူးမဏ္ဍာပ်ရှိ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေဘိုမြို့ ပုခန်းကျောင်းတိုက်ပဓာနနာယကဆရာတော် အဘိဇဓမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိမလာဘိဝံသ မဟာထေရ်မြတ်အမှူးပြုသော ဆရာတော်အရှင်သူမြတ်များထံ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့နှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ဘုရားဒါယကာများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်တို့ကို ပင့်ဆောင်၍စေတီတော်အား လက်ယာရစ်လှည့်လည်၍ ပူဇော်ကြသည်။

ယင်းနောက် ရွှေထီးတော်ဘုံအဆင့်ကို မင်္ဂလာရထားပုံဖြင့် တင်လှူပူဇော်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဘုရားဒါယကာများက စေတီတော်အထွတ်တွင် တပ်ဆင်ကပ်လှူပူဇော်ကြသည်။ ထို့နောက် ကျန်ရွှေထီးတော်ဘုံအဆင့်တို့အား အစီအစဉ်အတိုင်း မင်္ဂလာရထားပုံဖြင့် တင်လှူပူဇော်ကြသည်။

ဆက်လက်၍တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ဘုရားဒါယကာများက သာသနာ့အောင်လံတော်ကို လွှင့်ထူပူဇော်၍ ရွှေထီးတော်မြတ်အား တရော်ကင်ပွန်းရည်၊ ရေစင်ရေသန့်များဖြင့် သန့်စင်သွန်းလောင်းပူဇော်ခြင်း၊ပရိတ်နံ့သာရည် ပက်ဖျန်းပူဇော်ခြင်းတို့ ဆောင်ရွက်ကြသည်။

ရွှေနုံးတိုးစေတီတော်ကို သာသနာသက္ကရာဇ် ၂၁၈ ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီးက ရွှေမုဋ္ဌောစေတီအမည်ဖြင့် တည်ထားခဲ့၍ မင်းအဆက်ဆက် ကိုးကွယ်တော်မူခဲ့သည်။ ကောဇာသက္ကရာဇ် ၄၇၇ ခုနှစ်တွင် အလောင်းစည်သူမင်းတရားကြီးက ရွှေမုဋ္ဌောစေတီတော်ကို ရွှေနုံးတိုးစေတီတော်အဖြစ် ဌာပနာလျက် အသစ်တစ်ဖန် တည်ထားကိုးကွယ်တော်မူခဲ့သည်။ အဆိုပါစေတီတော်သည် ၂၀၁၂ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့နံနက် ၇ နာရီ ၄၅ မိနစ်တွင် မြေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့ရသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရတနာစိန်ဖူးတော်အား တရော်ကင်ပွန်းရည်၊ ရေစင်ရေသန့်များဖြင့် သန့်စင်သွန်းလောင်းပူဇော်စဉ်။** (မြဝတီ)

ရွှေနုံးတိုးစေတီတော်ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြု၍ စေတနာရှင်၊ အလှူရှင်များ၏ လှူဒါန်းမှုအစုစုတို့ဖြင့် မူလစေတီတော်အား ပြုပြင်မွမ်းမံကာ ညဏ်တော် ကိုးပေ ထပ်မံမြှင့်တင်တည်ထားပူဇော်ခဲ့ပြီး ယနေ့တွင် ရွှေထီးတော်တင်လှူခြင်း၊ အနေကဇာတင်ခြင်းနှင့် ရေစက်ချမင်္ဂလာအခမ်းအနားတို့ကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့်အဖွဲ့သည် ကျောက်မြောင်းမြို့ရှိ အလောင်းမင်းတရားကြီးတည်ထားကိုးကွယ်ခဲ့သော အောင်မြေ ဆုတောင်းပြည့်စေတီသို့ ရောက်ရှိပြီး ပန်း၊ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ကုန်းအမှတ်(၂၂) ဘာသာရေးအဆောက်အအုံနေရာအား ကြည့်ရှုလေ့လာစဉ်။** (မြဝတီ)

# ဟန်လင်းပျူယဉ်ကျေးမှုအမွေအနှစ်နယ်မြေသည် ခိုင်မာသော ယဉ်ကျေးမှုသမိုင်းမှတ်တိုင်တစ်ခုဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ဟန်လင်းပျူယဉ်ကျေးမှုအမွေအနှစ်နယ်မြေသည် ခိုင်မာသော ယဉ်ကျေးမှု သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပါကြောင်း၊ မြန်မာတို့အတွက် တန်ဖိုးမဖြတ်နိုင်သော ဂုဏ်ယူစရာ အမွေအနှစ်ဖြစ်ပါကြောင်း၊ နောင်လာနောက်သား လူငယ်များအတွက် လေ့လာသင့်၊ လေ့လာထိုက်သောနေရာတစ်ခုဖြစ်ပြီး မျိုးချစ်စိတ်ဓာတ်အတွက် အခြေခံနေရာလည်းဖြစ်ကြောင်း၊ ယခုကဲ့သို့တွေ့ရှိအတည်ပြုနိုင်မှုသည် သမိုင်းအတွက်အဖိုးမဖြတ်နိုင်သော အောင်မြင်မှုရလဒ်ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဟန်လင်းရှေးဟောင်းသုတေသနပြတိုက် ရှင်းလင်းဆောင်၌ ဆွေးနွေးပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သောအဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ဟန်လင်းပျူယဉ်ကျေးမှု အမွေအနှစ်နယ်မြေသို့ ရောက်ရှိရာ ဟန်လင်းရှေးဟောင်းသုတေသနပြတိုက် ရှင်းလင်းဆောင်တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ဟန်လင်းပျူယဉ်ကျေးမှုအမွေအနှစ်နယ်မြေဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အချို့သောလက်ဝတ်ရတနာများသည် ယနေ့တိုင်ခေတ်မီထူးခြားဆဲဖြစ်၍ဟန်လင်းပျူခေတ်၏ မြင့်မားသောလက်မှုပညာရပ်ကို မှန်းဆနိုင်ပြီး အနုစိတ်လက်ရာအချို့သည် ယနေ့တိုင်တုပပြုလုပ်၍ပင်မရနိုင်ကြောင်း၊ ဟန်လင်းနယ်မြေတွင် နေထိုင်သူများအတွက် ဂုဏ်ယူစရာဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် သုတေသနပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ကုန်းအမှတ်(၁၇) မြို့ဝင်ပေါက်၊ ကုန်းအမှတ်(၉)လူထုခန်းမဆောင်ကြီး၊ ကုန်းအမှတ် (၂၂) ဘာသာရေးအဆောက်အအုံ၊ ကုန်းအမှတ်(၂၆)သင်္ချိုင်းဟောင်းနေရာတို့အား လှည့်လည်ကြည့်ရှု လေ့လာကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဟန်လင်းမြို့ ရေပူစမ်းသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်အကျဉ်း

၁၁-၁၂-၂၀၁၄ (ကြာသပတေးနေ့)

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၅ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၆း၄၀ "ဖူးမြော်စေချင် ထားဝယ်မြို့မှ ရှင်ကိုးရှင်"
၇း၄၀ "မြန်မာ့သမိုင်းဝင်ခံတပ်များ"
၈း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဖန်မီးအိမ်"(အပိုင်း-၁၈)
၁၀း၂၀ ရွှေရင်ခုန်သံ
၁၀း၅၀ "သဘာဝဝန်းကျင်ထိန်းလိုလျှင် သုံးစွဲစေလို စွန့်ပစ်အမှိုက်သုံးမီးဖို"
၁၂း၃၀ ဟိုးတုန်းက. . ရေဒီယိုအသံလွှင့်ဇာတ်လမ်းများ"ပြည်ထောင်စုရဲ့ ဂီတချစ်သူ" (ဝီလျံထွန်း၊ စောမြတ်နိုး၊ ရိုးရိုး၊ စောယုနန္ဒာ) ဒါရိုက်တာ-သီတာလင်း(Laurel Art Academy)
၁း၅၀ "e-ပင်စင်ဖြင့် ခရီးတွင်စေမည်"
၂း၁၅ သုခုမရင်ခွင်အငြိမ့်သဘင် "ဟားခရေဇီအငြိမ့်" (မင်းသမီး-ဒါလီချမ်းချမ်း၊ လူရွှင်တော်-ဖိုးလမင်း၊ ဂျင်မီဇရက်၊ မိုင်မိုင်ရှိုးလေး၊ဘောစိ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၃း၁၅ "ပန်းချီဆရာကြီးဦးလွန်းကြွယ်၏ သူ့ဘဝနှင့်သူ့လက်ရာ"
၆း၂၀ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၆း၄၀ "၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွက် မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်များနှင့် ကြိုတင်သတိပြု ဖွယ်ရာများ"
၇း၂၀ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဂုဏ်ပြုဇာတ်လမ်း"အချိန်တိုင်းနေရာတိုင်း" (အပိုင်း-၆)


## နိုင်ငံ့တာဝန်ကျေပွန်ဖို့အရေး ကျသင့်အခွန်မှန်မှန်ပေး






# ဆေးပညာသတင်းဆန်းများ (၈၁)

## ဒေါက်တာကံညွန့်

အများအားဖြင့် ခွဲစိတ်ဆရာဝန်ကြီးတွေက ကင်ဆာအဖုအကျိတ်တွေကို ခွဲစိတ်ပြီး ကင်ဆာအမျိုးအစားနဲ့ ကင်ဆာအဖုအကျိတ် ထုတ်ပစ်ရာမှာ ကျန်၊ မကျန် သိနိုင်ဖို့ ဓာတ်ခွဲခန်းက ရောဂါဗေဒဆရာဝန်တွေဆီကို ပို့ရတာပါ။ အများအားဖြင့် အရေပြားကင်ဆာ၊ ရင်သားကင်ဆာလို ကိုယ်ခန္ဓာအပေါ်ယံ ကင်ဆာမျိုးတွေကို ခွဲစိတ်တာမှာ ဒီလို သေချာ၊ မသေချာကိုသိနိုင်ဖို့ ပို့ရတာဖြစ်ပါတယ်။ တကယ်လို့များ ကျန်နေတယ်ဆိုရင် နောက်တစ်ကြိမ် ထပ်ခွဲရတာတို့၊ ဒီကျန်နေတဲ့နေရာက ထပ်ပွားလာ၊ မလာတို့ကို စောင့်ကြည့်ရတတ်ပါတယ်။ ဒါပေမယ့် အခုတော့ ခွဲစိတ်နေစဉ်အတွင်းမှာပဲ ကင်ဆာဆဲလ်တွေစင်၊ မစင်ကြည့်နိုင်တဲ့ Cancer Spotting Goggle ဆိုတဲ့ မှန်ဘီလူးတစ်ခုကို တီထွင်လိုက်ကြပါပြီ။ ဒါကို တီထွင်နိုင်ခဲ့တာကတော့ အမေရိကန်နိုင်ငံ Barnes Jewish Hospital က ဆေးပညာရှင်တွေ ဖြစ်ပါတယ်။ သူတို့ဟာ လူနာကို မခွဲစိတ်ခင် Peptide-Infused Dye ထိုးထားပြီး ဒီ Dye ဟာ ကင်ဆာဆဲလ်တွေနဲ့ တွေ့တဲ့အခါ အရောင်တစ်မျိုးပြောင်းနေတာကို ခွဲစိတ်ဆရာဝန်ရဲ့ မျက်စိမှာ တပ်ဆင်ထားတဲ့ Goggle နဲ့ ရှင်းလင်းစွာ မြင်တွေ့နိုင်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် ခွဲစိတ်စဉ်မှာပင် ကင်ဆာဆဲလ်တွေ ကုန်၊ မကုန်ကို သိနိုင်တယ်လို့ဆိုပါတယ်။ ယခု လောလောဆယ်မှာတော့ အပေါ်ယံကင်ဆာတွေဖြစ်တဲ့ အရေပြားနဲ့ ရင်သားကင်ဆာတွေမှာသာ အသုံးပြုနေပြီး နောက်ပိုင်းမှာတော့ တခြားကိုယ်ခန္ဓာအတွင်း ခွဲစိတ်ရတဲ့ ကင်ဆာတွေမှာလည်း အသုံးပြုနိုင်လိမ့်မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းကတော့ ငယ်ရွယ်စဉ်မှာ Shingles လို့ခေါ်တဲ့ ရေယုန်ရောဂါဖြစ်ခဲ့ဖူးသူတွေဟာ ကြီးလာတဲ့အခါ နှလုံးရောဂါနဲ့ လေဖြတ်ရောဂါဖြစ်ဖို့ ပိုများတယ်ဆိုတဲ့ သတင်းပါ။ ဒီတွေ့ရှိချက်ကတော့ ဗြိတိန်နိုင်ငံ ဆေးပညာရှင်တွေက တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ သူတို့ဟာ ဒီရောဂါဖြစ်ဖူးသူ လူသုံးသိန်းကို လေ့လာခဲ့တာ ဖြစ်ပါတယ်။ သူတို့အဆိုအရ အသက် (၄၀) မတိုင်မီ ရေယုန်ရောဂါဖြစ်ခဲ့ဖူးရင် ဘာမှမဖြစ်ဖူးသူထက် လေဖြတ်ရောဂါဖြစ်ဖို့ ၇၄ ရာခိုင်နှုန်းပိုများပြီး နှလုံးရောဂါဖြစ်ဖို့ ၅၀ ရာခိုင်နှုန်းခန့် ပိုများတယ်လို့ဆိုပါတယ်။ ဒါဟာ အဝလွန်သူတွေနဲ့ ဆေးလိပ်အလွန်သောက်သူတွေရဲ့ နှုန်းထားအတိုင်းရှိနေတာလို့ဆိုပါတယ်။ ဒါပေမယ့် အသက် (၇၀) နောက်ပိုင်းမှ ရေယုန်ရောဂါစဖြစ်သူတွေမှာတော့ ဒီလိုရောဂါနှစ်ခု ဖြစ်နိုင်ခြေဟာ သာမန်လူတွေနဲ့ အတူတူပဲလို့ဆိုထားပါတယ်။ Shingles ရေယုန်ရောဂါဟာ Hepes Simplex ခေါ်တဲ့ Virus တစ်မျိုးကြောင့်ဖြစ်တဲ့ရောဂါဖြစ်ပြီး ဒီရောဂါဟာ လူငယ်တွေမှာ အများအားဖြင့် အကာအကွယ်မဲ့ လိင်ဆက်ဆံရာက ကူးစက်တတ်တဲ့ ရောဂါတစ်ခုဖြစ်ပါတယ်။ ဒီရောဂါဖြစ်လာရင် အမြစ်မပျောက်နိုင်ဘဲ ပျောက်လိုက် ပြန်ပေါ်လိုက်ဖြစ်တတ်ပြီး နာကျင်မှုကိုဆိုးရွားစွာခံစားရတတ်ပါတယ်။ ဒါကြောင့် ဒီရောဂါမဖြစ်အောင် ကာကွယ်နိုင်ကြတာ အကောင်းဆုံးဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဦးနှောက်၊ ဦးနှောက်နဲ့ဆက်နွယ်နေတဲ့ Spinal Cord မှာ ဖုံးအုပ်ထားတဲ့ ကုရခက်တဲ့ အမြေးရောင်ရောဂါတစ်ခုအကြောင်းပါ။ ဒီရောဂါကို Multiple Sclerosis သို့မဟုတ် Desseminated Sclerosis လို့ခေါ်ပါတယ်။ ဒီရောဂါဟာ ယောကျ်ားတွေထက် မိန်းမတွေမှာ သုံးဆလောက်ပိုဖြစ်တတ်ပြီး ဒီရောဂါဖြစ်လိုက်ရင် သက်သာအောင်သာကုသနိုင်ပြီး ပျောက်လိုက်ပေါ်လိုက် ပြန်ဖြစ်တတ်တဲ့ရောဂါပါ။ ဒီရောဂါဟာ အသက် (၃၀)၊ (၄၀) အရွယ်လောက်မှာ စဖြစ်တတ်ပြီး စဖြစ်တဲ့လူတွေမှာ မျက်စိတစ်ဖက် ရုတ်တရက် မှုန်သွားတတ်ပါတယ်။ တချို့လည်း ပုံရိပ်နှစ်ရိပ်မြင်တတ်ပြီး ခြေလက်ထုံကျင်ခြင်း၊ ကြွက်သားအားလျော့ခြင်းတို့ဖြစ်တတ်ပြီး မသန်မစွမ်းဘဝ ရောက်ရတာပါ။ ဒီရောဂါရဲ့ ထူးခြားချက်ကတော့ အပူနဲ့ မတည့်ခြင်းပါပဲ။ နေပူခံတာ၊ ရေနွေးပူပူချိုးတာ၊ လေ့ကျင့်ခန်းများများလုပ်တာတွေမှာ ရောဂါလက္ခဏာ ပိုဆိုးစေပါတယ်။ ဒီရောဂါဟာ ကနဦးကတော့ ကိုယ်ရဲ့ပုံမမှန်တဲ့ ကိုယ်ခံအား Cells တွေက ကိုယ့်ရဲ့ Cells တွေကို ပြန်တိုက်ခိုက်တဲ့ Autoimmuned Disease လို့ပဲ သတ်မှတ်ခဲ့ကြတာပါ။ အခုတော့ အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်က ဆေးသိပ္ပံပညာရှင်တွေက ဒီရောဂါဖြစ်ရတဲ့ အကြောင်းရင်းကို ရှာတွေ့ခဲ့ကြပါပြီ။ သူတို့အဆိုအရ ဒီရောဂါဖြစ်ရတာဟာ ဦးနှောက်ထဲမှာ SIPRZ ဆိုတဲ့ ပရိုတိန်းဓာတ်များနေတာကြောင့်လို့ ဆိုပါတယ်။ MS ရောဂါနှင့် သေဆုံးသွားတဲ့ လူတွေမှာရော၊ စမ်းသပ်ခန်းက MS ရောဂါဖြစ်အောင်လုပ်ထားတဲ့ ကြွက်တွေမှာပါ ဦးနှောက်ထဲမှာ ဒီပရိုတိန်းများနေတာကို တွေ့ရတယ်လို့ဆိုပါတယ်။ ဒီပရိုတိန်းဟာ ဦးနှောက်ထဲကိုမကောင်းတဲ့ Immune Cells တွေ စိမ့်ဝင်သွားအောင် ဖန်တီးပေးနိုင်တာလို့ဆိုပါတယ်။ ဒီလိုတွေ့ရှိခြင်းဖြင့် ဒီ MSရောဂါကို ကာကွယ်နိုင်၊ ကုသနိုင်ဖို့ ဆေးကိုအလွယ်တကူ ထုတ်လုပ်နိုင်တော့မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်ဆေးပညာသတင်းတစ်ပုဒ်ကတော့ ဝမ်းသာစရာပါ။ ယောကျ်ားတွေမှာဖြစ်တတ်တဲ့ Prostate ကင်ဆာဆိုတဲ့ ဆီးကျိတ်ရောဂါကို စောစောသိရင် ခွဲစိတ်စရာမလိုဘဲ ပျောက်ကင်းအောင် ကုနိုင်တော့မယ်ဆိုတဲ့ သတင်းပါ။ ဒီသတင်းကိုတော့ Global Health ဆေးပညာဂျာနယ်မှာ ဖော်ပြထားတာပါ။ ဒီကုသနည်းကိုတော့ High Intensity Focused Ultrasound(HIFU) လို့ ခေါ်ပါတယ်။ ဒီကုသနည်းဟာ ခွဲစိတ်ဖို့မလိုခြင်း၊ ပိုပြီးတိကျခြင်း၊ ဘေးပတ်ဝန်းကျင်က Tissue တွေကို အန္တရာယ်မဖြစ်စေခြင်း၊ ဓာတ်ရောင်ခြည် (Radiation) အသုံးမပြုခြင်း၊ ဘေးထွက်ဆိုးကျိုးနည်းပါးပြီး ကုသမှုခံယူပြီး သုံးရက်အတွင်း ပုံမှန်နေနိုင်ခြင်း၊ ပန်းသေပန်းညှိုး ဖြစ်နိုင်ခြေနည်းပါးခြင်းတို့ကြောင့် ဒီကုသမှုဟာ ယခင်ကုသမှုတွေထက် ပိုမိုအကျိုးရှိကောင်းမွန်တယ်လို့ ဆိုပါတယ်။ ဆီးကျိတ်ကင်ဆာရောဂါဟာ အသက် (၆၀)ကျော်ယောကျ်ားတွေမှာဖြစ်တတ်ပြီး ဆီးသွားရခက်ခဲခြင်း၊ ဆီးကျန်ခြင်း၊ ညအိပ်နေစဉ် ဆီးသွားရန် အနည်းဆုံး သုံးလေးကြိမ်ထက် မနည်းထရခြင်းတို့နှင့် အစပြုတတ်ပါတယ်။ ဒါကြောင့် ဒီရောဂါလက္ခဏာမျိုးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရောဂါရှိ၊ မရှိသိနိုင်ဖို့ PSA ခေါ်တဲ့ Prostate Serum Antibody ကို အသက်(၆၀) ကျော်သူတိုင်း တစ်နှစ်တစ်ခါ စမ်းသပ်သင့်ကြောင်း တင်ပြလိုက်ရပါတယ်။

Aspirin ဆိုတဲ့ အကိုက်အခဲပျောက်ဆေးနှင့် အဖျားကျဆေးဟာ နှလုံးသွေးကြောပိတ်ရောဂါကို ကာကွယ်ဖို့ သွေးကျဲဆေးအဖြစ် နေ့စဉ်သောက်ဖို့ ဆရာဝန်တွေ၊ သမားတော်ကြီးတွေက ညွှန်တဲ့ဆေးပါ။ တကယ်လည်း Heart Attack ရထားဖူးသူတွေဟာ ဒီဆေးကို မှီဝဲနေခြင်းကြောင့် နောက်တစ်ကြိမ် နှလုံးရောဂါမရနိုင်ဘဲ တာရှည်နေနိုင်ခဲ့ကြတာပါ။ နောက်ထပ် ဒီဆေးရဲ့အာနိသင်ဟာ အစာအိမ်အူလမ်းကြောင်းကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ ရင်သားကင်ဆာတို့ကို ကာကွယ်နိုင်တယ်လို့လည်း ဆေးပညာရှင်တွေကထောက်ပြပြီး အသက်ကြီးသူတွေမှာ မှတ်ဉာဏ်စွမ်းအားမကျအောင်လည်း ကာကွယ်နိုင်တယ်လို့ ဆိုကြပါတယ်။ ဒါကြောင့် Aspirin ဟာ ဗီတာမင်ဆေးတွေပြီးရင် အသုံးအများဆုံး ဆေးတစ်ခုအဖြစ်ရှိနေပါတယ်။ ဒါပေမယ့် အခုနောက်ဆုံးလေ့လာချက်တစ်ခုမှာတော့ ဒီ Aspirin ဆေးဟာ ခန္ဓာကိုယ်အတွင်း သွေးထွက်ရောဂါ၊ ဦးနှောက်အတွင်း သွေးယိုစိမ့်ရောဂါတွေကို ပိုဆိုးစေတယ်လို့ဆိုပါတယ်။ ဒါရဲ့နောက်ဆက်တွဲအဖြစ် လေဖြတ်ရောဂါ (Stroke) ဖြစ်နိုင်ခြေကို ပိုများစေတယ်လို့ ဆိုထားပါတယ်။ ဒါကြောင့် သွေးကြောပေါက်လို့ လေဖြတ်ဖူးသူ၊ အစာအိမ်သွေးကြောပေါက်ရောဂါရှိဖူးသူတွေမှာ သတိထားစားသုံးသင့်ကြောင်း တင်ပြလိုက်ရပါတယ်။

သာမန်အားဖြင့် လူ့ခန္ဓာကိုယ်ထဲကို အဆိပ်အတောက်ဖြစ်စေတာ တစ်ခုခုဝင်လာပြီဆိုလျှင် ချေဖျက်နိုင်ဖို့ သဘာဝအလျောက် ဖန်တီးပေးထားပြီးသားပါ။ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ အူမကြီးနဲ့ မစင်ပေါက်၊ အရေပြား၊ ကိုယ်ခန္ဓာထဲက Lympatic Channels ဒါတွေအားလုံး သူ့နေရာနဲ့သူ အဆိပ်အတောက်ကို စွန့်ပစ်နေကြတာပါ။ ကျန်းမာနေတဲ့ လူတစ်ယောက်အတွက် အဆိပ်ဖြေစရာ ပြင်ပအကူအညီမလိုအပ်ပါဘူး။ ဒါပေမယ့် အနောက်နိုင်ငံတချို့မှာတော့ အဆိပ်အတောက်ပြေစေဖို့ Detox Kits ဆိုတဲ့ အဆိပ်ဖြေဖြည့်စွက်အရည်တစ်ခုကို သောက်သုံးနေကြပါတယ်။ ဒီအရည်မှာ အသီးနှင့် ဟင်းသီးဟင်းရွက်တချို့ရဲ့ အရည်၊ အသည်းအားတိုးဆေး၊ ဝမ်းပုံမှန်သွားစေတဲ့ဆေးနှင့် ကိုယ်အလေးချိန်ကျဆေးတို့ ပါဝင်တယ်လို့ ဆိုနိုင်ပါတယ်။ ယခုအခါ ဆေးပညာရှင်တချို့က ကျန်းမာနေတဲ့ လူတစ်ယောက်အတွက် ဒီအဆိပ်ဖြေအရည်ကို အားကိုးသောက်သုံးပြီး ဆေးလိပ်၊ အရက်၊ Caffeine သကြားနှင့် Fast Food ခေါ် အလွယ်တကူ ကြော်လှော်ထားတဲ့ အစားအစာတွေကို စားသုံးကြရင် အန္တရာယ်ပိုဖြစ်နိုင်တယ်လို့ ထောက်ပြထားပါတယ်။ ကိုယ်ခန္ဓာကြီးထွားစေသော အစာ၊ အင်အားဖြစ်စေသောအစာ၊ ရောဂါကာကွယ်နိုင်သော ဟင်းသီးဟင်းရွက် ပါဝင်သောအစာ၊ အုပ်စု(၃)ခုကို မျှတစွာစားသုံးခြင်း၊ လေ့ကျင့်ခန်းမှန်မှန် ပြုလုပ်ခြင်းတို့သာ လူငယ်၊ လူလတ်၊ လူကြီးတွေအတွက် အကောင်းဆုံးဖြစ်ကြောင်း အမေရိကန်နိုင်ငံ Black Mores Advisory Naturopath တစ်ဦးက အကြံပြုထားတာကို တင်ပြရင်း ယခုအပတ်ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

---

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) အလှူမင်္ဂလာဈေးရောင်းပွဲတော် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ် (၃၈)ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော အလှူမင်္ဂလာဈေးရောင်းပွဲတော်ကို (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၂၀ ရက် (စနေနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဈေးရောင်းပွဲတော်၌ ဘူးသီးကြော်၊ လက်ဖက်သုပ်၊ ချင်းသုပ်၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲစသော မြန်မာ့ရိုးရာအစားအစာဆိုင်များ၊ ရှမ်းရိုးရာအစားအစာဆိုင်များအပြင် လက်ဆောင်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ တိုင်းရင်းဆေးနှင့် နိုင်ငံခြားဆေးမျိုးစုံဆိုင်များ ပါဝင်မည့်အပြင် မြားပစ်၊ ဘောလုံးပစ်စသော ပျော်ရွှင်စရာကစားနည်းများလည်း ပါဝင်မည်ဖြစ်သည်။

ဆိုင်ခန်းအလှူရှင်များက ရောင်းရငွေများအားလုံးကို ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ပြန်လည်လှူဒါန်းကြမည်ဖြစ်သည်။

ဖျော်ဖြေရေး အစီအစဉ်အဖြစ် အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့က သီဆိုဖျော်ဖြေကြမည်ဖြစ်သည်။

**(ကြေးမုံ)**

---

# မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ကျန်းမာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် (၄၃) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၅ ရက်မှ ၉ ရက်အထိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အမှတ် (၅) ဇီဝကလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်သည်။

ညီလာခံတွင် ကျန်းမာရေးသုတေသနစာတမ်းဖတ်ပွဲ၊ ကျန်းမာရေးသုတေသနပိုစတာပြပွဲနှင့် ကျန်းမာရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲများပါဝင်မည်ဖြစ်ရာ စိတ်ပါဝင်စားသူ ပြည်တွင်းပြည်ပမှ ပညာရှင်များ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ ညီလာခံတွင် သုတေသနစာတမ်းပေါင်း ၁၀၃ စောင်၊ သုတေသနပိုစတာ ၃၂ စောင်နှင့် ပညာရပ်ဆိုင်ရာဟောပြောပွဲ ၁၃ ခု ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ထို့အပြင် ပြည်တွင်း ပြည်ပ NGO အဖွဲ့အစည်းများ၊ ဆေးဝါးကုမ္ပဏီများ၊ ဓာတ်ခွဲခန်းကိရိယာ၊ ဓာတုပစ္စည်းတင်သွင်းသည့် ကုမ္ပဏီများနှင့် ပြည်တွင်း ပြည်ပပုဂ္ဂလိကဓာတ်ခွဲခန်းများ၊ ဆေးရုံများ၊ ဆေးခန်းများမှ ဆေးပစ္စည်းကိရိယာပြခန်းများ ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

ထက်အောင်လင်း 09-73040151
H.A.L TRAVELS
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
09-254505550,09-49215713

ငွေဆောင်
NEW YEAR
စရိတ်ငြိမ်း
80000/-
Ph: 09-5024188
09-421078600
No-၁၁/၁၃၊၃ လွှာ၊ငွေရှလမ်း၊ဒိုလီတထောင်။

စိုးမြင့်ကြယ် ကားမျိုးစုံဝင်းလုံးငှားဆောင်ရွက်ပေးသည်၊
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
ပုဂံ (ရွှေစည်းခုံ၊လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်းလိုဏ်ဂူ
Dec 12,19,26
Hotel(စားရိတ်ငြိမ်း) 120000
ကျိုက်ထီးရိုး နေ့စဉ် (ငြိမ်း)35000
ချောင်းသာ နေ့စဉ် (ငြိမ်း)40000
X'mas & New Year အတွက် ချောင်းသာ Hotel , Guest အခန်းစီစဉ်ပေးသည်၊
အမှတ်(၂၆၃)၊ ကျိုက္ကဆံလမ်း၊တာမွေ၊ 01-549380,09-5093704,09-450012971

ဝန်ထမ်းအလိုရှိသည်
(လစာကောင်းမည်)
မန်နေဂျာ ကျား (၁) ဦး
အသက် (၃၀-၃၅)နှစ်ကြား၊
ဘွဲ့ရ အိမ်ထောင်မရှိ လူပျိုဖြစ်ရမည်။ တရုတ်စကားတတ်ကျွမ်းသူ ဦးစားပေးမည်။
Ph : 09972706038



## ပြည်တွင်းရေးရာ

# နေပြည်တော်ဘုတာကြီးတွင် ရထားနည်းပညာသင်ကြားရေးအဆောက်အအုံသစ်ဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

နေပြည်တော်ဘူတာကြီးယာဒ်ဝင်းအတွင်း၌ တည်ဆောက်ပြီးစီးသွားသည့် ရထားနည်းပညာဆိုင်ရာ သင်တန်းအဆောက်အအုံသစ် ဖွင့်ပွဲနှင့်လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ အဆိုပါနေရာ၌ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက အမှာစကားပြောကြားရာတွင် ဂျပန်မိတ်ဆွေများ၏ ယခု ကူညီပံ့ပိုးမှုသည် ဂျပန်-မြန်မာ ချစ်ကြည်ရေး နှစ်(၆၀) ပြည့်ကာလနှင့် တိုက်ဆိုင်နေသဖြင့် မြန်မာ့မီးရထားနှင့် Sumitomo Corporation တို့၏ ဆက်ဆံရေးသာမက နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲလာမှာ ဖြစ်ပါကြောင်း၊ သင်တန်းတွင် ရထားဆိုင်ရာစီမံခန့်ခွဲမှုဘာသာရပ်၊ ရထားလုပ်ငန်းနည်းပညာဆိုင်ရာများ ပို့ချပေးမည်ဖြစ်သည့်အတွက် မြန်မာ့မီးရထား၏ စွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဂျပန်နိုင်ငံသံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး Sumitomo Corporation မှ Mr. Masao Tabuchi က ရထားဆိုင်ရာသင်ကြားရေးအစီအစဉ်နှင့် အဆောက်အအုံအကြောင်းကို ရှင်းလင်းတင်ပြကာ အဆောက်အအုံ၏ စာရွက်စာတမ်းများကို မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး၊ ဂျပန်နိုင်ငံ သံအမတ်ကြီးနှင့် Mr. Masao Tabuchi တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အဆောက်အအုံသစ်အား ကြည့်ရှုကြသည်။

ယင်းအဆောက်အအုံသစ်၌ မြန်မာ့မီးရထား ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့် မြန်မာ့မီးရထားမှ သင်တန်းသား ၄၀ အား ဂျပန်ပညာရှင်များက ဒီဇင်ဘာ ၁၀ရက်တွင် စတင်၍ ရထားဆိုင်ရာသင်တန်းများ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**







# ပိုးထည်ချည်ထည် ကုန်သွယ်မှုပြုရန် အိန္ဒိယကုန်သည်များ မန္တလေးသို့လာရောက်လေ့လာ

**မန္တလေး ဒီဇင်ဘာ ၁၀**

အိန္ဒိယနိုင်ငံထုတ် ချည်ထည်ပိုးထည်များတင်ပို့ရောင်းချနိုင်ရေးအတွက် အိန္ဒိယနိုင်ငံမှ ကုန်သည်များနှင့် မန္တလေးမြို့မှ ကုန်သည်များတွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၈ ရက် ညနေ ၃ နာရီက မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။ အဆိုပါဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးနှင့်စီမံကိန်းဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ဇံ တက်ရောက်ပြီး မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ်တက်ရောက်ကာ အမှာစကားပြောကြားသည်။ ချည်ထည်ပိုးထည်ကုန်သွယ်မှုနှင့်ပတ်သက်ပြီး ပထမဆုံးအကြိမ် နှစ်နိုင်ငံကုန်သည်များတွေ့ဆုံကြခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံမှ ထိပ်တန်းကုမ္ပဏီ ၁၁ ခုမှ အဖွဲ့ဝင် ၂၀ လိုက်ပါလာကာ မြန်မာနိုင်ငံနှင့်ကိုက်ညီသည့်အထည်အလိပ်များ တင်ပို့နိုင်ရေးအတွက် ဆွေးနွေးကြသည်။ အိမ်နီးချင်းနှစ်နိုင်ငံအတွက် ရောင်းသူ၊ ဝယ်သူ နှစ်ဦးနှစ်ဖက်အကျိုးတူစီးပွားဖြစ်ထွန်းရေးကို ရည်ရွယ်ကာ အိန္ဒိယနိုင်ငံမှ ထိပ်တန်းကုမ္ပဏီများ လာရောက်ကြခြင်းဖြစ်ပြီး ချည်ထည်အကြမ်းများ၊ ချည်ပါဝင်မှု ၅၀ ရာခိုင်နှုန်းအထက်ပါဝင်သော ချည်ခင်များ၊ အဆင့်မြင့်ချည်ခင်များ၊ ထိုးထည်များ၊ အဆင့်မြင့်အထည်အလိပ်များတင်ပို့နိုင်ရန် စီစဉ်ထားသည်ဟု အဆိုပါတွေ့ဆုံပွဲစီစဉ်သည့် TEXPROCIL အဖွဲ့အစည်းမှ တာဝန်ရှိသူက ပြောသည်။ အိန္ဒိယနိုင်ငံမှ ရောက်ရှိလာသော ကုန်သည်များသည် မန္တလေးမြို့မှ ကုန်သည်များနှင့်တွေ့ဆုံသကဲ့သို့ မန္တလေးမြို့ရှိ ဈေးကွက်သတင်း၊ အလားအလာနှင့်ခန့်မှန်းချက်များ၊ ဈေးကွက်အသစ်ရှာဖွေခြင်းများ ပြုလုပ်ကြသည်။ ဆက်လက်ပြီး ဒီဇင်ဘာ ၁၁ ရက်တွင် ရန်ကုန်မြို့ ဆမ်းမစ်ပ့ါခ်ဗျူးဟိုတယ်၌ ရန်ကုန်နှင့်အောက်မြန်မာနိုင်ငံရှိ ကုန်သည်များနှင့်တွေ့ဆုံမည်ဖြစ်ပြီး ချည်ထည်ပိုးထည်ကုန်သွယ်မှုနှင့်ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်းသိရသည်။

**(ဝဝ၂)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၁-၁၂-၂၀၁၄ (ကြာသပတေးနေ့)

- ၅:၀၀ ပဌာန်းပါဠိတော်၊ ဇေဂ္ဂသုတ်
- ၅:၄၀ "ခန္ဓာ့နောက်က ပပဉ္စမလိုက်စေနဲ့" တရားတော် [အရှင်စန္ဒသိရီ (အောင်စကြာဆရာတော်)]
- ၈:၄၀ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
- ၉:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၄၆)
- ၉:၄၀ အနုပညာမိုးကောင်းကင်
- ၁၁:၀၀ Food & Decor
- ၁၁:၂၅ MRTV-4 Stage
- ၁၁:၅၀ ရန်ကုန်မြင်ကွင်းကျယ် (အာဆီယံမသန်စွမ်းသူများ အနုပညာပွဲတော် ပိတ်ပွဲ အခမ်းအနား)
- ၁၂:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၃၂)
- ၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ Happy Beach (Season-2) (ငါးတုပ်ကွေး)
- ၅:၀၀ ပျော်ပျော်ပါးပါး Junoir လေးများ
- ၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ဒဏ္ဍာရီ" (အပိုင်း-၇၉)
- ၇:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ Happy Beach (Season-2) (ဂျပလွတ်စုံထောက်)
- ၈:၁၅ ရသစုံညွှန်းတမ်းများ
- ၈:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၄၇)
- ၉:၅၅ သုံးရာသီ Myanmar Music Award ဆောင်းရာသီ Myanmar Top Songs
- ၁၀:၁၀ အနုပညာမိုးကောင်းကင်

# ရောဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ထုတ်ချေးရန် ကမ္ဘာ့ဘဏ်မှ အတည်ပြု

**ရန်ကုန် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်များအပါအဝင် ဧရာဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာ့ဘဏ်အုပ်စု၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအသင်း (International Development Association) ရန်ပုံငွေမှ အမေရိကန်ဒေါ်လာသန်း ၁၀၀ ထုတ်ချေးရန် ဒီဇင်ဘာ ၉ရက်က အတည်ပြုလိုက်ပြီဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်များအရ သိရသည်။

လယ်ယာစိုက်ပျိုးရေးကဲ့သို့သော ရေရရှိရေးအပေါ် မှီခိုနေရသည့် ပြည်သူများ အကျိုးရှိစေရန်ရည်ရွယ်၍ ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် မိုးခေါင်ရေရှားမှု၊ရေလွှမ်းမိုးမှုနှင့် မုန်တိုင်းအန္တရာယ်များ ကျရောက်လေ့ရှိသောဒေသများတွင် နေထိုင်သည့် ပြည်သူများ၏ ဘဝနှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ကာကွယ်ပေးနိုင်ရန်ရည်ရွယ်ကြောင်း သိရသည်။

ထို့ပြင် ဧရာဝတီမြစ်ရေရှည်တည်တံ့ရေး ထိန်းသိမ်းဆောင်ရွက်မှုလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရာတွင် ရေအရင်းအမြစ်စီမံခန့်ခွဲရေး အဖွဲ့အစည်းများ ထူထောင်ရာတွင် လည်းကောင်း၊ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်တွင် ပြုလုပ်မည့် ရင်းနှီးမြှုပ်နှံမှုများနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် သတင်းအချက်အလက်များ မှန်မှန်ကန်ကန်ပြည့်ပြည့်စုံစုံရရှိနိုင်ရေးတွင် လည်းကောင်း ကူညီသွားရန်ရည်ရွယ်ထားကြောင်း သိရသည်။

**" ဒီစီမံကိန်းက မြန်မာနိုင်ငံအတွက် ရေအရင်းအမြစ်တွေကို ရေရှည်တည်တံ့ပြီး ထိထိရောက်ရောက်စီမံခန့်ခွဲနိုင်ဖို့အတွက် ကူညီနိုင်မှာဖြစ်တဲ့အပြင် ရေအသုံးချမှု၊ မြစ်ကြောင်းသယ်ယူပို့ဆောင်ရေးနဲ့ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုတွေအတွက် ဆောင်ရွက်ရာမှာ ငွေကြေး ထောက်ပံ့ကူညီနိုင်တဲ့အတွက် လယ်ယာထွက်ကုန်တွေနဲ့ ဝင်ငွေတွေ တိုးတက်ရရှိစေမှာဖြစ်လို့ မြစ်ကြောင်းတစ်လျှောက်ရှိ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်"**ဟု ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စတာ အဗ္ဗဒူလာရေဆက်က ပြောသည်။

မြန်မာနိုင်ငံ၏ မိုးလေဝသဆိုင်ရာ လေ့လာမှုများနှင့် သတိပေးစနစ်များကို ခေတ်မီအောင်ပြုလုပ်ခြင်းဖြင့် ရာသီဥတုဆိုးရွားမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်လွယ်သည့်ဒေသများကို ကာကွယ်ပေးနိုင်မည်ဖြစ်ပြီး တိကျမှုရှိသည့် လယ်ယာစိုက်ပျိုးရေး အကြံပြုချက်များရရှိရန် တိုးမြှင့်ဆောင်ရွက်ပေးခြင်းဖြင့် လယ်သမားများ၏ ထုတ်လုပ်နိုင်စွမ်းကို တိုးမြှင့်ပေးနိုင်မည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ရှိ မြစ်ချောင်းများတွင် နုန်းပို့ချမှုများခြင်းသည် မြစ်ကြောင်းမောင်းနှင်သွားလာမှုအတွက် အဓိကစိန်ခေါ်မှုဖြစ်နေခြင်းကြောင့် ထိုစိန်ခေါ်မှုကိုဖြေရှင်းရန် ယခုစီမံချက်သည် ရေကြောင်းမောင်းနှင်သွားလာရေးဆိုင်ရာ အကူအညီပစ္စည်းများကို ပုံစံထုတ်ရာနှင့် မြစ်၏ အဓိကလမ်းကြောင်းများတစ်လျှောက် တပ်ဆင်ရာတွင် ကူညီပံ့ပိုးပေးသွားမည်ဖြစ်သည်။

**(သီသီမင်း)**



# နိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် မိမိတို့ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတတို့ ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)

မနီလာ ဒီဇင်ဘာ ၁၀

**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ Benigno "Noynoy" Aquino III အား ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီတွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ သမ္မတနန်းတော်သို့ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။**

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော် နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသော ဦးသိန်းဇော်၊ ဦးလှမြင့်ဦး၊ ဦးစိုးနိုင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်သန်းထွတ်သိန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဖိလစ်ပိုင်သမ္မတ မစ္စတာ Benigno "Noynoy" Aquino III နှင့်အတူ ဖိလစ်ပိုင်အောက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ Feliciano Belmonte Jr.၊ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Giorgidi Aggabao နှင့် သမ္မတရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော် နာယကက ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်ရခြင်း၏ ရည်ရွယ်ချက်မှာ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရေးအတွက်ဖြစ်ပါကြောင်း၊ မိမိတို့ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ပိုမိုချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်သွားရန် လိုလားပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံသို့ တိုက်ဖုန်းမုန်တိုင်း မဝင်ရောက်မီ၊ ဝင်ရောက်စဉ်နှင့် မုန်တိုင်းလွန်ကာလများအတွင်း ဖိလစ်ပိုင်သမ္မတကြီး၏ ဦးဆောင်မှုနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် မုန်တိုင်းဒဏ်အား ကြံ့ကြံ့ခံနိုင်ခဲ့ပြီး မုန်တိုင်းကျရောက်စဉ် အစိုးရနှင့် ပြည်သူများအားလုံး ပူးပေါင်းဖြေရှင်းမှုကြောင့် ထိခိုက်ဆုံးရှုံးနစ်နာမှု များစွာသက်သာစေခဲ့ကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်မှုများအတွက် မိမိတို့အနေဖြင့် စာနာမှုရှိသကဲ့သို့ မုန်တိုင်းဒဏ်မှ အောင်မြင်စွာကျော်လွှားနိုင်မှုအတွက်လည်း ဖိလစ်ပိုင်အစိုးရနှင့် ပြည်သူများအား ဂုဏ်ပြုချီးကျူးပါကြောင်းပြောကြားသည်။

ဖိလစ်ပိုင်သမ္မတက မိမိတို့အစိုးရအနေဖြင့် ပြည်သူကို အခြေပြုသည့် လုပ်ငန်းစဉ်များကို ပြည်သူများ၏ လိုလားချက်၊ ဆန္ဒများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများအား အလေးထားဆောင်ရွက်နေပါကြောင်း၊ အခြေခံပညာအဆင့်မှ စတင်၍ မသင်မနေရပညာရေးစနစ်အား ကျင့်သုံးသကဲ့သို့ အဆင့်မြင့်ပညာအဆင့်တွင်လည်း ဘွဲ့ရရှိရေးသာမက အလုပ်အကိုင်ရရှိရေးအတွက် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးလျက်ရှိပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ၏ ဖွံ့ဖြိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေသည့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေး၊ ငြိမ်းချမ်းရေးရရှိရေးအတွက် အစိုးရ၊ လွှတ်တော်၊ ပြည်သူများ၊ ပြည်တွင်းပြည်ပ လူမှုအဖွဲ့အစည်းများ အချိန်ယူအလေးထားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယကက မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေခြင်းအား ဖိလစ်ပိုင်သမ္မတက အားပေးကူညီသဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည်လည်း အတိတ်သမိုင်း၏ သင်ခန်းစာများကို ရယူလျက် လွှတ်တော်အတွင်းတွင် ပါတီအချင်းချင်း ရန်သူလိုသဘောမထားဘဲ၊ လုပ်ဖော်ကိုင်ဖက်များအနေဖြင့် နိုင်ငံနှင့် နိုင်ငံသားများအကျိုးအတွက် ပါတီစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲမထားဘဲ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါအယူအဆများ နိုင်ငံအတွင်း ပျံ့နှံ့အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် အထွေထွေရွေးကောက်ပွဲကျင်းပသည့်အခါ၌မူ လွှတ်လပ်ပြီး တရားမျှတစွာ ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲရလဒ်ကို သက်ဆိုင်ရာပါတီများကလည်း လက်ခံရမည်ဖြစ်ပြီး နိုင်ငံနှင့်နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် မိမိတို့ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ နည်းပညာပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုတိုးမြှင့်မှု၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုများရရှိရန် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ငြိမ်းချမ်းရေးရရှိရန် ပြည်သူလူထုတစ်ရပ်လုံးက လိုလားသဖြင့် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ၏ ငြိမ်းချမ်းရေးဆောင်ရွက်မှုလုပ်ငန်းစဉ်များမှ အတွေ့အကြုံများကို သင်ခန်းစာရယူပြီး မိမိတို့နိုင်ငံနှင့်ကိုက်ညီမည့် ဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဖိလစ်ပိုင်နိုင်ငံ ခေတ္တနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး



**မနီလာ ဒီဇင်ဘာ ၁၀**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ ခေတ္တနိုင်ငံခြားရေးဝန်ကြီး Mr.Rafael Seguis တို့သည် ဒီဇင်ဘာ ၁၀ ရက် မွန်းတည့် ၁၂ နာရီတွင် မနီလာမြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။**(ဓါတ်ပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ဖိလစ်ပိုင်နိုင်ငံမှ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ခြင်းအတွက်လည်း မိမိတို့အနေဖြင့် ဂုဏ်ယူပါကြောင်း၊ ဖိလစ်ပိုင်-မြန်မာ သံတမန်ဆက်ဆံရေး ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ ရောက်ရှိ

**မနီလာ ဒီဇင်ဘာ ၁၀**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Hon.Mr.Feliciano Belmonte Jr. ၏ ဖိတ်ကြားချက်အရ အဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။

ထို့နောက် ဗန်ကောက်မြို့မှ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့သို့ ဒေသစံတော်ချိန်ညနေ ၆ နာရီ မိနစ် ၂၀ တွင် ရောက်ရှိကြသည်။

ပြည်ထောင်စုလွှတ်တော် နာယကနှင့် အဖွဲ့ဝင်များအား ဖိလစ်ပိုင်သမ္မတနိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr.Giorgidi Aggabao အောက်လွှတ်တော်အမတ် Ms. Zenaida Angping နှင့်တာဝန်ရှိသူများ၊ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးရဲမြင့်အောင်နှင့် သံရုံးဝန်ထမ်းမိသားစုများက Ninoy Aquino အပြည်ပြည်ဆိုင်ရာလေဆိပ်၌ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် မနီလာဟိုတယ်သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# ရထားပို့ဆောင်ရေးစနစ်အဆင့်မြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Mikio Numata၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ Mr. Masahiko Tanaka တို့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံကြပြီး ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး၊ ၂၀၁၅ ခုနှစ်အတွင်း မြန်မာ့မီးရထားသို့ ဂျပန်နိုင်ငံမှ RBE ရထားတွဲများ လှူဒါန်းမည့်ကိစ္စ၊ ရန်ကုန်ဘူတာကြီးနှင့် မြို့ပတ်ဘူတာများတွင် ရထားအချက်ပြစနစ်များကို ဂျပန်နိုင်ငံမှ ကူညီပေးမည့်ကိစ္စ၊ ရန်ကုန်မြို့ ခေတ်မီပို့ဆောင်ရေးအတွက် Sky Train ပြေးဆွဲရေးနှင့် ODA ချေးငွေဖြင့် စက်ခေါင်းနှင့်တွဲသစ်များ ဝယ်ယူမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

အလားတူ စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်း Mr. George Yong Boon Yeo ဦးဆောင်သောအဖွဲ့နှင့် မွန်းလွဲပိုင်းတွင် တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ Dry Port တည်ဆောက်ရေးစီမံကိန်းများ၊ မြန်မာနိုင်ငံ၏ ရထားလမ်းကွန်ရက်နှင့် Container သယ်ယူပို့ဆောင်ရေး၊ မြန်မာနိုင်ငံနှင့် ဆက်သွယ်မှုကွန်ရက်များကို အဆင့်မြှင့်တင် တည်ဆောက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

# KIA (ကချင်)နှင့် RCSS/ SSA (ရှမ်းဆက်)အဖွဲ့တို့မှ တပ်သားနှစ်ဦး ဥပဒေဘောင်အတွင်းဝင်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

KIA (ကချင်) လက်နက်ကိုင်အဖွဲ့ တပ်ရင်း(၂၃)မှ ကိုယ်ပိုင်အမှတ်၊ A-၅၂၇၁၆၊ တပ်သားအဆင့်ရှိသူ စိုင်းအောင်သိန်း(ဘ) ဦးစိန်မောင် (၃၅)နှစ်သည် ဒီဇင်ဘာ ၈ ရက် နံနက် ၈ နာရီခန့်တွင် မန်ဝိန်းကြီးကျေးရွာရှိ တပ်မတော်စစ်ကြောင်းထံသို့ လက်နက်မဲ့ဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည်။ ၎င်းသည် မိုးမိတ်မြို့နယ် မိုးဟောက်ကျေးရွာတွင် နေထိုင်သော ရှမ်းလူမျိုးဖြစ်ပြီး ၂၀၁၀ ခုနှစ် ဇူလိုင်လအတွင်း နမ့်ဆန်ယန်ရွှေမှော်၌လုပ်ကိုင်နေစဉ် KIA(ကချင်) လက်နက်ကိုင်အဖွဲ့က အဓမ္မဖမ်းဆီး၍ လူသစ်စုဆောင်းခြင်းခံရသူ ၃၆ ဦးထဲတွင် ပါရှိခဲ့သူဖြစ်ကြောင်း၊ KIA (ကချင်)လက်နက်ကိုင်အဖွဲ့သို့ မိမိသဘောဆန္ဒအလျောက် ဝင်ရောက်ခဲ့ခြင်းမဟုတ်သည့်အတွက် နေထိုင်လိုစိတ်မရှိခြင်း၊ လစာနှင့် ရိက္ခာလုံလောက်မှုမရှိခြင်း၊ မိသားစုနှင့် ခွဲခွာနေရခြင်းနှင့် အတင်းအကျပ်ခိုင်းစေနှိပ်စက်ခြင်းများကြောင့် ထွက်ပြေးလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ ဒီဇင်ဘာ ၉ ရက် နံနက် ၈ နာရီခွဲခန့်တွင် RCSS/ SSA (ရှမ်းဆက်)အဖွဲ့မှ မောင်အိုက်လူ (ဘ) ဦးမောင်ဌေး (၁၄)နှစ်သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် နောင်ပိန်ရွာအနီး လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းထံသို့ လက်နက်မဲ့ဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည်။ ၎င်းသည် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း RCSS/ SSA (ရှမ်းဆက်)အဖွဲ့၏ တပ်သားသစ်အဖြစ် ဖမ်းဆီးချုပ်နှောင် စုဆောင်းခြင်းခံရသူဖြစ်ကြောင်း သိရသည်။ RCSS/ SSA (ရှမ်းဆက်) အဖွဲ့အနေဖြင့် ဒေသခံတိုင်းရင်းသားလူငယ်(ကျား/မ) မရွေး ဖမ်းဆီး၍ လူသစ်စုဆောင်းခြင်းများ ဆောင်ရွက်လျက်ရှိပြီး အသက်မပြည့်သေးသည့် မောင်အိုက်လူကဲ့သို့ ကလေးသူငယ်များကိုပါ ဖမ်းဆီး၍ လူသစ်စုဆောင်းလျက်ရှိသဖြင့် ဒေသခံတိုင်းရင်းသားများအနေဖြင့် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# (၆) ပွင့်ဆိုင်အစား (၁၂) ပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရန် အရေးကြီးအဆို ထောက်ခံမဲ (၉၉)မဲ ကန့်ကွက်မဲ (၉)မဲဖြင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်က အတည်ပြု

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ဒီဇင်ဘာ ၉ ရက်က ကျင်းပခဲ့သည့် ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး (၂/၂၀၁၄) ပဉ္စမနေ့တွင် ကရင်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းအောင်မြင့်က "ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဆွေးနွေးပွဲအတွက် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုထားသော (၆)ပွင့်ဆိုင် ခြောက်ဦးတွေ့ဆုံဆွေးနွေးမှုအစား တိုင်းရင်းသားပင်မမျိုးနွယ်စုကြီး (၇)မျိုးပါဝင်စေမည့် (၁၂)ပွင့်ဆိုင် ၁၂ ဦးတွေ့ဆုံဆွေးနွေးစေသင့်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရမှတစ်ဆင့် ပြည်ထောင်စုအစိုးရသို့ တင်ပြဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း" အရေးကြီးအဆိုတစ်ရပ်ကို တင်သွင်းခဲ့သည်။

ကရင်တိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းအောင်မြင့် တင်သွင်းသော ယင်းအဆိုနှင့်ပတ်သက်၍ ယနေ့ကျင်းပသော ဆဋ္ဌမနေ့ အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးက ဆွေးနွေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်တစ်ဦးက "ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွင်းမှာ ရှေးနှစ်ပေါင်းများစွာကပင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း ဆိုပြီး တိုင်းရင်းသားလူမျိုးစုများ အတူတကွ ပူးပေါင်းနေထိုင်လာခဲ့ကြတာ အားလုံးအသိပင်ဖြစ်ပါကြောင်း၊ လူမျိုးစုတွေဟာ အတူတကွ ပူးပေါင်းနေထိုင်လာခဲ့ကြသော်လည်း လူမျိုးစုအလိုက် ဓလေ့ထုံးစံ၊ ကိုးကွယ်ရာဘာသာ၊ ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကား ကွဲပြားခြားနားမှုတွေရှိတာ အားလုံးအသိပင် ဖြစ်ပါကြောင်း၊ ဒါကြောင့် နိုင်ငံတော်၏အသက်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ဆွေးနွေးသည့်အခါတွင် (၆)ပွင့်ဆိုင် ဆွေးနွေးရုံ၊ တိုင်းရင်းသားကိုယ်စားလှယ် တစ်ဦးတည်းဆွေးနွေးရုံနှင့်မလုံလောက်ဘဲ ကျန်တိုင်းရင်းသားများ တိုင်းရင်းသား ပင်မမျိုးနွယ်စုကြီး (၇)မျိုးပါ ထည့်သွင်းဆွေးနွေးမှသာလျှင် ပိုမိုပြည့်စုံသည့် ဆွေးနွေးချက်ဖြစ်မည်ဟု မိမိအနေဖြင့် ယူဆပါကြောင်း၊ ထို့ကြောင့် ကရင်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းအောင်မြင့်၏ အဆိုအား လွှတ်တော်မှ အတည်ပြုပေးသင့်ပါကြောင်း"ဖြင့် ဆွေးနွေးတင်ပြသည်။

အဆိုရှင် ကရင်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းအောင်မြင့်က ၎င်း၏သဘောထားနှင့် စပ်လျဉ်း၍ "မဆုံးဖြတ်ခင် ကြိုတင်ပြီး အဆိုတင်သွင်းခြင်း မဟုတ်ကြောင်း၊ အစကောင်းမှ အနှောင်းသေချာစေရန် တင်ပြခြင်းဖြစ်ကြောင်း၊ မိမိကိုယ်ပိုင်အသိနှင့်ဖြစ်ကြောင်း၊ အရေးကြီးဆုံးအချက်က ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ကို ကန့်ကွက်ခြင်းလုံးဝမဟုတ်ပါကြောင်း၊ ထည့်သွင်းစဉ်းစားနိုင်ဖို့ အကြံပြုတင်ပြခြင်းဖြစ်ပါကြောင်း၊ မိမိတို့ဦးနှောက်များများဖြင့် ဝိုင်းပြီးဆုံးဖြတ်လျှင် ပိုပြီးကောင်းမည်ဖြစ်ကြောင်း၊ နောက်တစ်ချက်က တိုင်းဒေသကြီး ဝန်ကြီးတစ်ဦးအနေနဲ့ ပုဂ္ဂိုလ်ရေးထောက်ခံမှုရဖို့ တင်ပြခြင်းမဟုတ်ကြောင်း၊ အနာဂတ်နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တင်သွင်းခြင်းဖြစ်၍ လွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါကြောင်း" ဖြင့် ပြောကြားသည်။

ယင်းအရေးကြီးအဆိုနှင့် ပတ်သက်၍ လွှတ်တော်၏ဆန္ဒသဘောထားကို ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒပြုခြင်းကို ဆောင်ရွက်ရာ ယနေ့လွှတ်တော်အစည်းအဝေးကို တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ် (၁၂၂) ဦး အနက် (၁၁၀) ဦးတက်ရောက်ခဲ့ပြီး ထောက်ခံမဲ(၉၉)မဲ ကန့်ကွက်မဲ (၉) မဲဖြင့်လွှတ်တော်က အတည်ပြုသည်။



ကရင်တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းအောင်မြင့်။

အရေးကြီးအဆိုနှင့် ပတ်သက်၍ ယနေ့ကျင်းပသည့် အစည်းအဝေးတွင် ပါဝင်ဆွေးနွေးခဲ့သော ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ကြည်မာက "အခြေခံဥပဒေပြင်ဆင်ရေးမှာ ဆွေးနွေးဖို့ဆိုရင် ဒါက အဓိကကတော့ ကိုယ်စားပြုမှုပေါ့၊ ကိုယ်စားပြုမှုမှာ အစုံပါဖို့လိုပါတယ်။ (၆)ပွင့်ဆိုင်ဆိုတဲ့ အစား (၁၂) ပွင့်ဆိုင် ၁၂ ဦးဆွေးနွေးတယ်ဆိုရင် ပိုပြီး အမြင်တွေလည်း ကောင်းလာမယ်။ တိုင်းရင်းသားပေါင်းစုံရဲ့ ပင်မမျိုးနွယ်စုတွေဖြစ်တဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း အကုန်လုံးပါဝင်ပြီးတော့ဆိုရင် အားလုံး ဝိဝါဒကွဲပြားတာတွေလည်း မဖြစ်တော့ဘဲ အားလုံးဟာ ပိုမိုပြည့်စုံကောင်းမွန်တဲ့အချက်တွေနဲ့ ဆွေးနွေးသွားနိုင်မှာဖြစ်တဲ့အတွက် ဒါကို ထောက်ခံတာဖြစ်ပါတယ်" ဟု ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ - ခင်မောင်ထွေး**

ဒဂုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ ဒေါ်မေသန်းနွယ်က "ဒီနေ့ အဆိုဆွေးနွေးရန် တင်သွင်းရခြင်းကတော့ ထောက်ခံဖို့ တင်သွင်းရခြင်းဖြစ်ပါတယ်။ ကျွန်မရဲ့ အမြင်ကတော့ အခြေခံဥပဒေပြင်ဆင်ဖို့ ဆွေးနွေးပွဲမှာ ပါဝင်သင့် ပါဝင်ထိုက်တဲ့ တိုင်းရင်းသားလူမျိုးမှန်သရွေ့ တစ်ယောက်မှ မကျန်စေချင်ပါဘူး။ ပါဝင်စေချင်ပါတယ်။ လူအရေအတွက်ကတော့ ကျွန်မ ပြောလို့မရပါဘူး။ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ခေါင်းဆောင်တွေကတော့ တစ်ယောက်မှမကျန်စေချင်ပါဘူး။ အကုန်ပါစေချင်ပါတယ်။ ကျွန်မမှာ ခံယူချက်ကတော့ တစ်ခုတည်း ရှိပါတယ်။ အမြဲတမ်းတွေးထားတာတွေကတော့ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားလူမျိုးတွေ အားလုံးဟာ အခြေခံဥပဒေ ပြင်ဆင်တဲ့အထဲမှာ ထဲထဲဝင်ဝင်ပါဝင်ပြီးတော့ မိမိတို့ရဲ့ ခံယူချက်အားလုံးကို ပြည့်ပြည့်ဝဝနဲ့ အခြေခံဥပဒေထဲမှာပါစေချင်ပါတယ်။ အားလုံးကို ဆွေးနွေးခွင့် ရစေချင်ပါတယ်"ဟု ဆိုသည်။

ဗဟန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာညိုညိုသင်းက "ပြည်ထောင်စုလွှတ်တော်ဆိုတာ နိုင်ငံမှာအမြင့်ဆုံးသော ဥပဒေပြုအဖွဲ့အစည်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့ဟာ ပြည်ထောင်စုလွှတ်တော်ထက်နိမ့်တဲ့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်လိုမျိုး ဥပဒေပြုအဖွဲ့အစည်းက ပြည်ထောင်စုလွှတ်တော်ရဲ့ဆုံးဖြတ်ချက်ကို မဖြစ်မနေလိုက်နာဖို့အတွက်၊ လေးစားဖို့အတွက် ဒါဥပဒေအရတော့ တာဝန်မရှိပါဘူး။ သို့သော်လည်းပဲ လူမှုရေးအရ၊ နိုင်ငံရေးဂုဏ်သိက္ခာအရ လေးစားလိုက်နာဖို့တာဝန်ရှိပါတယ်။ ဒါကြောင့်မို့ ပြည်ထောင်စုလွှတ်တော်က အဆိုပြုထားတဲ့ ၆ ပွင့်ဆိုင်နဲ့ပဲ ဒီဆွေးနွေးပွဲကို စတင်ဖို့အတွက် ကျွန်မက ဒါကို အဆိုပြုခြင်းဖြစ်ပါတယ်။ ၁၂ ပွင့်ဆိုင်ရဲ့ အားနည်းချက်က တိုင်းရင်းသားတွေအတွက် ကိုယ်စားလှယ်တွေကို ရွေးချယ်ရာမှာ အင်မတန်အငြင်းပွားရမယ့်ပြဿနာတွေရှိတယ်။ ဘယ်သူက ဆုံးဖြတ်မှာလဲ၊ ဒီတိုင်းရင်းသားခေါင်းဆောင်တွေကို ဘယ်သူက ဘယ်လိုဆုံးဖြတ်မှာလဲဆိုတဲ့ ပြဿနာက အများကြီးရှိပါတယ်။

ဒါကြောင့်မို့ ကျွန်မက ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားတဲ့ (၆)ပွင့်ဆိုင်နဲ့ပဲ ဒီဆွေးနွေးပွဲကို စတင်ဖို့အတွက် ဆန္ဒပြုပါတယ်။ တကယ်လို့များ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှာ လွှတ်တော်ကိုယ်စားလှယ်အများစုက ဒီအဆိုကိုအတည်ပြုဖို့ ဆုံးဖြတ်တယ်ဆိုရင် ကျွန်မက ဒီအဆိုမှာ ကြားနေဖို့ဆိုပြီး ဆန္ဒမဲပေးခဲ့တာဖြစ်ပါတယ်။ ဒီလိုပြောလို့ ကျွန်မက (၁၂)ပွင့်ဆိုင်မှာ တိုင်းရင်းသားတွေကို မပါစေချင်လို့မဟုတ်ဘူး"ဟု ပြောသည်။

နိုဝင်ဘာ ၂၅ ရက်က ကျင်းပခဲ့သော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၃ ရက်မြောက်နေ့ အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးမြင့်ထွန်းက "ခေတ်စနစ်၊ အချိန်အခါအခြေအနေနဲ့ ညီညွတ်သောဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာရေး၊ ပစ္စုပ္ပန်နှင့်အနာဂတ် မြန်မာနိုင်ငံတည်ဆောက်ရေးအတွက် အခြေအနေကောင်းများဖန်တီးလမ်းခင်းပေးနိုင်ရန် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ တိုင်းရင်းသားအစုအဖွဲ့များမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ ဆောလျင်စွာ တွေ့ဆုံညှိနှိုင်းရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်း" အရေးကြီးအဆိုကို တင်သွင်းခဲ့ရာ လွှတ်တော်က အတည်ပြုခဲ့ကြောင်း သိရသည်။


# ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများအတွက် သက်တမ်းတိုးဆောင်ရွက်ရန် အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ၂၀၁၄ ခုနှစ်အတွက် ခွင့်ပြုထားသည့် ပုံနှိပ်သူ၊ ထုတ်ဝေသူ မှတ်ပုံတင်သက်သေခံလက်မှတ်များတွင် ယာယီမှတ်ပုံတင်သက်သေခံလက်မှတ်များသည် (၃၀-၆-၂၀၁၄)ရက်နေ့တွင် လည်းကောင်း၊ အမြဲတမ်းမှတ်ပုံတင်သက်သေခံလက်မှတ်များသည် (၃၁-၁၂-၂၀၁၄) ရက်နေ့တွင်လည်းကောင်း သက်တမ်းကုန်ဆုံးကြမည်ဖြစ်ပါသည်။ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများအနေဖြင့် မိမိတို့၏လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လိုပါက လုပ်ငန်းအသိအမှတ်ပြုလက်မှတ်သက်တမ်းတိုးရန် လိုအပ်ပါသည်။

ထိုသို့သက်တမ်းတိုးရန်အတွက် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ ၂၄ နှင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေ ၁၉ နှင့်အညီ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ (၃၀-၆-၂၀၁၄)ရက်နေ့ သက်တမ်းကုန်ဆုံးမည့် ယာယီမှတ်ပုံတင် သက်သေခံလက်မှတ်ရရှိထားသူများအနေဖြင့် လုပ်ငန်းသက်တမ်းတိုးခြင်းကို (၃၁-၁၂-၂၀၁၄)ရက်နေ့ နောက်ဆုံးထား၍လည်းကောင်း၊ (၃၁-၁၂-၂၀၁၄) ရက်နေ့ သက်တမ်းကုန်ဆုံးမည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများအနေဖြင့် လုပ်ငန်းသက်တမ်းတိုးခြင်းကို ယင်းလက်မှတ် သက်တမ်းကုန်ဆုံးသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း (၁-၃-၂၀၁၅) ရက်နေ့ နောက်ဆုံးထား၍လည်းကောင်း သတ်မှတ်ပုံစံဖြင့် ဝန်ကြီးဌာနသို့လျှောက်ထား၍ အခကြေးငွေ ကျပ် ၅၀၀၀၀ ပေးသွင်းပြီး အသိအမှတ်ပြုလက်မှတ်အသစ်လဲလှယ်ရေးဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်ကာလအတွင်း သက်တမ်းတိုးဆောင်ရွက်ခြင်းမရှိသည့် ပုံနှိပ်သူ၊ ထုတ်ဝေသူ မှတ်ပုံတင်သက်သေခံလက်မှတ်များသည် အလိုအလျောက်ပျက်ပြယ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**


**✲ကချင်ရိုးရာမှ**

မနောပွဲနှင့် မနောတိုင်သည် စည်းလုံးညီညွတ်ခြင်းဟု အဓိပ္ပာယ်ရပြီး ပွဲတော်ဆင်နွှဲရာတွင် နံနက်ပိုင်းတွင် ပါဝင်ဆင်နွှဲက ညနေပိုင်းတွင်လည်း ပါဝင်ဆင်နွှဲရခြင်း၊ ပထမနေ့တွင် ပါဝင်ဆင်နွှဲပါက ဒုတိယနေ့တွင်လည်း ပါဝင်ဆင်နွှဲရခြင်း၊ ပထမနှစ်တွင် ပါဝင်ဆင်နွှဲခဲ့ပါက ဒုတိယနှစ်တွင်လည်း ပါဝင်ဆင်နွှဲရခြင်းဟု မဂဏန်းမကျင်းပရဘဲ စုံဂဏန်းသာ ကျင်းပရသော ပွဲတော်တစ်ခုဖြစ်ကြောင်း သိရသည်။

မနောပွဲတွင် ခေတ်အဆက်ဆက်က ကချင်လူမျိုးများထဲမှ ထူးချွန်ထင်ရှားသော၊ ကြည်ညိုလေးစားကြသော ပုဂ္ဂိုလ်များ၏ ဓာတ်ပုံပြခန်း၊ ကချင်ပြည်နယ်မှ ထွက်ရှိသော ဆေးဖက်ဝင်သစ်ဥ သစ်ဖုများပြခန်းများနှင့် ကချင်ရိုးရာ အသုံးအဆောင်ပစ္စည်းများပြခန်းတို့ကို ပြသထားကြောင်း တွေ့ရသည်။ ကချင်တိုင်းရင်းသားရိုးရာ ဝတ်စုံများကို ရောင်းချသည့်ဆိုင်များလည်း အများအပြားတွေ့ရပြီး ပွဲတော်လာရောက်သူများက အမြတ်တနိုး ဝယ်ယူဝတ်ဆင်ကာ ပွဲတော်တွင် ပါဝင်ဆင်နွှဲကြကြောင်း တွေ့ရသည်။

**အေးမြ(မန္တလေး)**

## တိုကျိုတက္ကသိုလ်အသင်း ခြေစမ်းပွဲကစားမည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဂျပန်ဘောလုံးအဖွဲ့ချုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှုအရ ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ်အသင်းသည် မြန်မာနိုင်ငံသို့ လာရောက်၍ ခြေစမ်းပွဲများယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် သုဝဏ္ဏကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ တစ်ရက်လျှင် နှစ်ပွဲနှုန်းဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ခြေစမ်းပွဲလာရောက်ကစားသည့် တိုကျိုတက္ကသိုလ်အသင်းတွင် နှစ်သင်းပါဝင်လာပြီး မြန်မာမှ ဧရာဝတီ၊ ကမ္ဘောဇ၊ နည်းပညာတက္ကသိုလ်(သန်လျင်)အသင်းတို့နှင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

ဒီဇင်ဘာ ၁၁ ရက် နံနက် ၈ နာရီခွဲတွင် ကမ္ဘောဇအသင်းနှင့် တိုကျိုတက္ကသိုလ်(ခ)အသင်း၊ ညနေ ၃ နာရီခွဲတွင် နည်းပညာတက္ကသိုလ်(သန်လျင်)အသင်းနှင့်တိုကျိုတက္ကသိုလ်(က)အသင်း၊ ဒီဇင်ဘာ ၁၂ ရက် နံနက် ၈ နာရီခွဲတွင် ဧရာဝတီအသင်းနှင့် တိုကျိုတက္ကသိုလ်(က)အသင်း၊ ညနေ ၃ နာရီခွဲတွင် နည်းပညာတက္ကသိုလ်(သန်လျင်)အသင်းနှင့် တိုကျိုတက္ကသိုလ်(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အခမဲ့ကြည့်ရှုအားပေးနိုင်ကြောင်းသိရသည်။ **(ရှိုင်းထက်ဇော်)**

**●အာရှမှ**

AFC Cup ပြိုင်ပွဲကို အုပ်စုအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ ရတနာပုံအသင်းမှာ အာရှချန်ပီယံလိဂ်ပြိုင်ပွဲတွင် ခြေစစ်ပွဲ၌ အဆင့်သုံးဆင့်ကစားရမည်ဖြစ်ပြီး နောက်ဆုံးအဆင့် ပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရပါက AFC Cup ပြိုင်ပွဲကို မြန်မာကလပ်အသင်းတစ်သင်းက ထပ်တိုးယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ရတနာပုံအသင်းမှာ အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်ပြီး ဧရာဝတီအသင်းမှာမူ AFC Cup ပြိုင်ပွဲကို တတိယအကြိမ် ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။ **(ဖိုးသော်ဇင်)**






# ကိုရီးယား-မြန်မာချစ်ကြည်ရေး ယဉ်ကျေးမှုဖျော်ဖြေပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

(၂၅)နှစ်မြောက် အာဆီယံ- ကိုရီးယား ဆက်ဆံရေးအထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံး၏အစီအစဉ်ဖြင့် ကျင်းပသည့် ကိုရီးယား-မြန်မာချစ်ကြည်ရေး ယဉ်ကျေးမှု ဖျော်ဖြေပွဲကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ကိုရီးယားသံရုံးမှ သံရုံးဒုတိယအကြီးအကဲ မစ္စတာဘက်ဂျယ်ဂရောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုများ တက်ရောက်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

ဖျော်ဖြေပွဲတွင် တေးသံရှင်၊ အနုပညာရှင်များက တိုက်ကွမ်ဒိုသရုပ်ဖော်အက၊ Kpop Cover Song And Dancing သရုပ်ဖော်အက၊ Music Show၊ ကိုရီးယား-မြန်မာဝတ်စားဆင်ယင်မှု Fashion Show၊ ကိုရီးယားရိုးရာ ယဉ်ကျေးမှုသရုပ်ဖော်အကနှင့် တေးသံရှင် နီနီခင်ဇော်၊ စန္ဒီမြင့်လွင်၊ နွေးနွေးချစ်ဖွယ်တို့က တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# မြန်မာအမျိုးသား မော်လ်ဒယ်စတားဟန့်ပြိုင်ပွဲတွင် အပြုံးအလှပိုင်ရှင်ဆု ဆွတ်ခူးခဲ့သူ မဟာဗလ




ကျွန်တော့်နာမည် မဟာဗလပါ၊ အသက်ကတော့ ၂၀ ပါ၊ ကျွန်တော်ငယ်ငယ်ကတည်းက မော်လ်ဒယ်ကိုစိတ်ဝင်စားပြီး ဝါသနာပါခဲ့တယ်။ မိဘတွေကတော့ ပညာရေးကိုဦးစားပေးဖို့ပြောတာနဲ့ ပညာကိုကြိုးစားပြီးသင်ယူခဲ့ပါတယ်။ အခု ဥပဒေနောက်ဆုံးနှစ်ဖြေဆိုအောင်မြင်ပြီးပါပြီ။ ကျွန်တော် ၂၀၁၄ ခုနှစ် ဇွန်လမှာ Teen Prince And Princess ပြိုင်ပွဲမှာ Mr.Absolute Model (Winner) ဆုနှင့် Best National Consume ဆုကို ရရှိခဲ့ပါတယ်။ အဲဒီပြိုင်ပွဲအကျိုးဆက်တွေကြောင့် ကျွန်တော့်ကို Mr. Star Hunk International 2014 ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ အခွင့်အရေးရရှိခဲ့တယ်၊ ဒီပြိုင်ပွဲကိုတော့ စင်ကာပူနိုင်ငံမှာ ကျင်းပခဲ့ပါတယ်။

ပြိုင်ပွဲကျင်းပခဲ့တဲ့ရက်ကတော့ နိုဝင်ဘာ ၂၂ ရက်ကပါ၊ ကျွန်တော်တို့နဲ့အတူ နောက်ထပ်နှစ်ယောက်ပါသေးတယ်၊ ကျော်ကိုကိုဝေနဲ့ကောင်းစစ်သွေးပါ၊ မြန်မာနိုင်ငံကို ကိုယ်စားပြုပြီး ပါဝင်ယှဉ်ပြိုင်ကြတာပါ၊ ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၁၇ နိုင်ငံက ပြိုင်ပွဲဝင် ၃၅ ဦး ယှဉ်ပြိုင်ကြပါတယ်၊ ယှဉ်ပြိုင်ရတဲ့အစီအစဉ်တွေအများကြီးပါ၊ ကျွန်တော်အကောင်းဆုံးကြိုးစားခဲ့ပါတယ်။ အဲဒီလိုကြိုးစားယှဉ်ပြိုင်တဲ့အတွက် Mr.Best Smile International ဆုကိုရရှိခဲ့တာပါ၊ ဒီလိုဆုရရှိခဲ့တဲ့အတွက်ပျော်ပါတယ်။ ဆက်လက်ကြိုးစားသွားဖို့ စိတ်အားထက်သန်သွားတယ်။ နောက်ဆုံးတင်ပြချင်တာကတော့ အမျိုးသားမော်လ်ဒယ်တွေကိုလည်း အားပေးကြပါလို့ပြောချင်ပါတယ်။

**ဌေးအောင်(ကြေးမုံ)**

# မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောမည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (MICPA)၏ ဟောပြောပွဲကို "ရန်ကုန်စတော့အိပ်ချိန်းမိတ်ဆက်နှင့် ပေါ်ပေါက်လာမည့် အလုပ်အကိုင်အခွင့်အလမ်းများ" ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် သခင်မြပန်းခြံလမ်း အမှတ်(၁/၁၉)ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်းရှိ ဟောပြောပွဲခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူမည်သူမဆို မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်နိုင်သည်။

အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၁-၂၁၄၆၅၃၊ ၀၉-၃၁၇၁၈ ၁၄၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပြီး တက်ရောက်လိုသူများသည် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ရုံးခန်းတည်ရှိရာ အထက်ဖော်ပြပါလိပ်စာအတိုင်း ဒီဇင်ဘာ ၁၁ ရက် နောက်ဆုံးထားပြီး စာရင်း ပေးသွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လုံးဝလက်ခံမည်မဟုတ်ကြောင်း သိရသည်။ **(ကြေးမုံ)**

**✱ ဒေသခံပြည်သူများမှ**

"ဒီဒေသမှာက စပါးနဲ့ တခြားသီးနှံစိုက်တယ်လေ။ လွန်ခဲ့တဲ့ နှစ်နှစ်သုံးနှစ်လောက်ကစပြီး ဝဥနဲ့ ကွမ်းစားဂမုန်းကို စီးပွားဖြစ်စိုက်လာကြတယ်။ ကျောက်တော်ကတစ်ဆင့် မန္တလေး၊ အဲဒီကနေ တရုတ်ပြည်ပို့တယ်" ဟု ပလက်ဝ ဒေသခံ ဒေါ်ဆာဆုက ပြောသည်။

နိုင်ငံတော်မှ ၂၀၁၁-၂၀၁၂ ခုနှစ်မှစ၍ ပလက်ဝမြို့နယ်နှင့် အနီးနားကျေးရွာများမှ ဒေသခံပြည်သူတို့၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ မြှင့်တင်နိုင်ရန်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရန်နှင့် ဒေသခံပြည်သူများသွားလာမှုလွယ်ကူစေရန် ပလက်ဝ-ကျောက်တော်လမ်းနှင့် ပလက်ဝ-မတူပီလမ်းတို့ကိုလည်း အရှိန်အဟုန်မြှင့်ဖောက်လုပ်ပေးလျက်ရှိသည်။

"ကျောက်တော်-ပလက်ဝလမ်းက လမ်းဟောင်းကို ပြန်ဖောက်တာ။ လွန်ခဲ့တဲ့ ၂၅ နှစ်ကတည်းက ဖောက်ထားတာ အမာခံကျောက်ခင်းလမ်းအဆင့်ပဲရှိသေးတယ်၊ တောင်ကုန်းတောင်တန်းတွေများတော့ တံတားတွေထိုးရဦးမယ်၊ လမ်းကောင်းသွားရင်တော့ ကုန်စည်ကူးသန်းမှု ပိုမြန်လာမယ်။ ရန်ကုန်၊ မန္တလေးထိ တိုက်ရိုက်သွားလို့ရသွားမှာပါ။ ရေလမ်းထက် ပိုမြန်သွားတာပေါ့" ဟု ပလက်ဝမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထွန်းက ပြောသည်။

"ပလက်ဝ-မတူပီကားလမ်းပြီးသွားရင်တော့ ချင်းပြည်နယ်ထဲက မြို့နယ်တွေကို တိုက်ရိုက်သွားလို့ရသွားပြီ။ အခုက ကျောက်တော်ကနေ မန္တလေး၊ မန္တလေးကနေတစ်ဆင့်ချင်းပြည်နယ်ထဲကမြို့တွေကို အချိန်ယူပြီးသွားနေရတယ်" ဟု ချင်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာဘမောင်က ပြောသည်။

ပလက်ဝမြို့နယ်သည် တောင်ကုန်းတောင်တန်းပေါများပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် မြို့နယ်အတွင်း ကျန်းမာရေးလွှမ်းခြုံနိုင်ရန် အခက်အခဲများရှိနေကြောင်း သိရသည်။

"ပလက်ဝမြို့မှာ ကျန်းမာရေးကဏ္ဍ လွှမ်းခြုံဖို့ဆိုတာအခက်အခဲရှိတယ်၊ ၅ နှစ်အောက်ကလေးငယ်တွေကို စီမံချက်အနေနဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းလုပ်တဲ့အခါ ဆေးတွေရေရှည်အထားခံဖို့ ဆိုလာစနစ်နဲ့ အအေးထိန်းစက်တွေတပ်ဆင်ပေးဖို့လိုပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေ ကာကွယ်ဆေးထိုးဖို့ တစ်ရွာနဲ့ တစ်ရွာ သွားရင် လမ်းပန်းဆက်သွယ်ရေးခက်တော့ နေ့တစ်ဝက်ကျော် အချိန်ပေးပြီးသွားနေရတယ်"ဟု ပလက်ဝမြို့နယ်ဆေးရုံမှ ဒေါက်တာအေးကျော်က ပြောသည်။

ပလက်ဝမြို့နယ်အတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ 280 KVA မီးစက်ဖြင့် တစ်နေ့ လေးနာရီ လျှပ်စစ်မီးပေးထားပြီး အနီးအနားကျေးရွာများအား ဆိုလာပြားများ တပ်ဆင်ပေးထားကြောင်း၊ ၂၀၁၅ ခုနှစ်တွင် လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာများအား ဆိုလာပြားများ တပ်ဆင်ပေးရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

ပလက်ဝမြို့နယ်သည် အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ထိစပ်လျက်ရှိကာ မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံ ကုန်သွယ်မှုပြုလုပ်နိုင်ရန် ကုလားတန်မြစ်ကြောင်း ဘက်စုံစီမံကိန်းဆောင်ရွက်လျက်ရှိရာ ပလက်ဝမြို့နှင့် စစ်တွေမြို့တို့တွင် မြစ်တွင်းသွားရေယာဉ်များဆိုက်ကပ်နိုင်ရန် ဆိပ်ခံတံတားနှစ်စင်းတည်ဆောက်လျက်ရှိရာ ပလက်ဝမြို့သည် ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိ ခရီးတစ်ထောက်နားရာ ကုန်သွယ်ရေးဇုန် ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

"ကုန်သွယ်ရေးဇုန်ဖြစ်လာရင်တော့ ပလက်ဝမြို့က စည်ကားလာမှာပါ။ ဒီဒေသက လူတွေရဲ့ဘဝလည်း ဖွံ့ဖြိုးလာမယ်။ ဆက်သွယ်ရေးကတော့ အားနည်းနေတယ်။ ကမ်းရိုးတန်းဖုန်းတွေပဲရှိသေးတော့ အင်တာနက်သုံးလို့မရသေးဘူး။ ဆက်သွယ်ရေးကဏ္ဍကိုပါ မြှင့်တင်ပေးမယ်ဆိုရင် ဒေသကလူတွေ မျက်စိပွင့်နားပွင့်ဖြစ်လာမယ်" ဟု ပလက်ဝဒေသခံ ကိုပီတာလွယ်လူးက ပြောသည်။

ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရန်အတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် လွန်စွာမှ အရေးပါသည်။တောတောင်ထူထပ်ပြီး သွားလာရေးခက်ခဲသော ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့အား နိုင်ငံတော်မှ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လမ်းများဖောက်လုပ်ခြင်း၊ တံတားများ တည်ဆောက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ မဝေးတော့မည့်ကာလတွင် ပလက်ဝဒေသခံပြည်သူတို့ မျှော်လင့်နေသည့် ပလက်ဝမြို့ဖွံ့ဖြိုးတိုးတက်မှု အိပ်မက်သည်လည်း မကြာခင် အကောင်အထည်ပေါ်လာတော့မည်ဖြစ်သည်။




## ပြည်တွင်းရေးရာ

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ် တရားမဝင်သယ်ဆောင်လာသော ခိုင်းနွားများဖမ်းဆီးရမိ

**နေပြည်တော်  ဒီဇင်ဘာ  ၁၀**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် တရားမဝင် ကျွဲ/နွားများ သယ်ယူပို့ဆောင်နေကြောင်း သတင်းရရှိသဖြင့် အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးကျော်မျိုးမြင့်ဦးစီးသောအဖွဲ့သည် အမြန်လမ်းရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်ချက်နှင့်အညီ ဒီဇင်ဘာ ၄ ရက် ညဦးပိုင်းမှစ၍ မိုင်တိုင်အမှတ်(၂၄၆/၀)၌ ကင်းပုန်းဝပ်စောင့်ဆိုင်းနေစဉ် ည ၁၀ နာရီ ၄၅ မိနစ်က မန္တလေးဘက်မှ နေပြည်တော်ဘက်သို့မောင်းနှင်လာသော ကုန်တင်ယာဉ် သုံးစီးအား သံသယဖြစ်ဖွယ် တွေ့ရှိသဖြင့် အသင့်စုဖွဲ့ထားသော အမြန်လမ်းရဲတပ်ဖွဲ့မှူးထံ ဆက်သွယ်သတင်းပို့ခဲ့ရာ တပ်ဖွဲ့မှူး ရဲမှူးကြီး နေဝင်း ဦးစီးသောတပ်ဖွဲ့ဝင်များမှ မိုင်တိုင်အမှတ် (၂၂၇/၀)မှ ပိတ်ဆို့စစ်ဆေးခဲ့ရာ ယာဉ်သုံးစီးနှင့်အတူ ခွင့်ပြုချက်မရှိဘဲ နွားများသယ်ဆောင်လာသော အမျိုးသား ၁၇ ဦးအား ခိုင်းနွား ၃၁ ကောင်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ပူးပေါင်းအဖွဲ့မှ ထိုသို့ ဆောင်ရွက်နေစဉ် မသင်္ကာဖွယ် ယာဉ်တစ်စီးမှာ နေပြည်တော်ဘက်သို့ ထပ်မံမောင်းနှင်သွားကြောင်းတွေ့ရှိရသဖြင့် လိုက်လံပိတ်ဆို့တားဆီးခဲ့ရာ မိုင်တိုင်အမှတ် (၂၁၄/၆)တွင် တားဆီးနိုင်ခဲ့ပြီး ခွင့်ပြုချက်မရှိဘဲ နွားများသယ်ဆောင်လာသူ အမျိုးသား ငါးဦးအား ခိုင်းနွား ၁၀ ကောင်နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ခွင့်ပြုချက်မရှိဘဲ နွားများသယ်ဆောင်လာသော အမျိုးသား ၂၂ ဦးအား သက်သေခံယာဉ် လေးစီး၊ ခိုင်းနွားအထီး ၄၁ ကောင်(ကာလပေါက်ဈေး ၂၂၃ သိန်းခန့်)၊ လက်ကိုင်ဖုန်းမျိုးစုံ ၁၉ လုံး၊ ငွေကျပ် ၅၂၈၃၀၅၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် အဆိုပါတရားခံများအား ပန်းတင်အမြန်လမ်းရဲစခန်းက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ(၅)ဖြင့် အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# နောင်ချိုမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၀ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၈ ရက်က နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် မူဆယ်မှ မန္တလေးသို့ ခရီးသည်တင်ယာဉ်လိုင်းမှ ဦးကိုဖြိုး မောင်းနှင်လာသော 6C/. . . . . မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ခုံအမှတ် ၄၁၊ ၄၂၊ ၄၃ တို့တွင် လိုက်ပါလာသူ ခရီးသည် မကော်ရန်မိန်၊ မတွမ်ရှင်ရှိုးနှင့် မတွမ်ချင့်ဟွေးတို့အား သံသယဖြစ်ဖွယ်တွေ့ရှိရသဖြင့် ရှာဖွေရာ မကော်ရန်မိန် သယ်ဆောင်လာသည့် လက်ဆွဲခြင်း၊ လက်ကိုင်အိတ်နှင့် ၎င်းဝတ်ဆင်ထားသည့် ဘောင်းဘီအိတ် အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၇၀၀ အားလည်းကောင်း၊ မတွမ်ရှင်ရှိုး သယ်ဆောင်လာသည့် လက်ဆွဲခြင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ မတွမ်ချင့်ဟွေး သယ်ဆောင်လာသည့် လက်ဆွဲခြင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ အား လည်းကောင်း စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့သုံးဦးအား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**



**မကော်ရန်မိန်(၄၂)နှစ်၊ မတွမ်ရှင်ရှိုး(၄၂)နှင့် မတွမ်ချင့်ဟွေး (၃၄) တို့ သုံးဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

## မူးယစ်ဟူသမျှ ဆန့်ကျင်ကြ

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် ဂေါသကလမ်း အမှတ် (၁၀)တွင် ပါတီရုံးချုပ်တည်ရှိသော **ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးပါတီ**သည် ယင်းတို့၏ ပါတီအမည်အား **ဗမာပြည်သူ့ပါတီ (Bamar People's Party)** ဟု အမည်ပြောင်းလဲခွင့်ပြုပါရန်နှင့် ပါတီ၏ တံဆိပ်ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ၂၇-၁၁-၂၀၁၄ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလျှောက်ထားလာပါသည်။

၂။ ယင်းသို့ တင်ပြလျှောက်ထားလာသည့် **ဗမာပြည်သူ့ပါတီ (Bamar People's Party)** ဟူသည့် အမည်နှင့်ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီတံဆိပ်ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဗမာပြည်သူ့ပါတီ (Bamar People's Party) ၏ တံဆိပ်ပုံစံ။**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်။**

# လှိုင်ကော်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၇၀ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မူးယစ်တပ်ဖွဲ့စု (၂၀)လွိုင်ကော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၈ ရက်က လွိုင်ကော်မြို့နယ် လွိုင်လင်လေးကျေးရွာအုပ်စုမှ ထီးစဲခါးရဲကင်းရှေ့ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဆိုင်မြို့နယ်မှ လွိုင်ကော်မြို့ဘက်သို့ ခွန်ခိုင်မောင်းနှင်ပြီး ခွန်တီးနှင့် ခွန်မျိုးသန့်တို့ လိုက်ပါလာသည့် ၃က/. . . Hilux ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်မောင်းထိုင်ခုံကြားမှ စက္ကူဖြင့်ထုပ်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀ နှင့် ခွန်တီး ဝတ်ဆင်ထားသော သားရေဂျာကင်အင်္ကျီအိတ်အတွင်းမှ ဆေးပြား ၃၉၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၅၀၇၀ ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့သုံးဦးအား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**

Asia Top 0943164118,09421099574,0933377844
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေ့ဘော်ကတ္တူ၊ ထမ်ဖဲမ်း Guest Package 65000
ပုဂံ (ရွှယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ၊ နေပြည်တော် Guest Package 60000
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ Guest Package 65000
ကျိုက်ထီးရိုး(နေ့စဉ်)/ ချောင်းသာ (နေ့စဉ်) Guest Package 35000

(အဝ) အင်းလေး‌ရောင် ကျိုက်ထီးရိုး ချောင်းသာ (နေ့စဉ်) Guest Package (Bf,Lunch,Dinner)
Hotel, Restaurant
Hotel Guest House Package
09421061860,421099405,421129597




# အောင်ဇေယျကြိုးတံတားအဆင်း ကွန်တိန်နာတစ်စီး တိမ်းမှောက်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

လှိုင်သာယာဘက်မှ အင်းစိန်ဘက်သို့ အောင်ဇေယျကြိုးတံတားပေါ်မှ မောင်းနှင်လာသည့် ကွန်တိန်နာယာဉ်တစ်စီးသည် ယနေ့နံနက် ၈ နာရီက တံတားအဆင်း အင်းစိန်ဘက်ခြမ်း လှိုင်မြစ်လမ်းမပေါ် အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်မှလာသော နစ်ဆန်းဒီဇယ်ယာဉ်အား ပွတ်တိုက်မိပြီး လမ်းလယ်ဘက်သို့ တိမ်းမှောက်သွားရာ လမ်းလယ်မှ စက်ဘီးစီးနင်းလာသူတစ်ဦး ပိမိသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြရိပ်ညို (၅) ဗိုလ်ချုပ်လမ်း လှိုင်သာယာမြို့နယ်နေ ယာဉ်မောင်း မင်းသူအေး (၃၄)နှစ် မောင်းနှင်လာသော ကွန်တိန်နာယာဉ် အပြာရောင် 3B---ယာဉ်သည် လှိုင်သာယာဘက်မှမောင်းနှင်လာစဉ် အောင်ဇေယျကြိုးတံတား အင်းစိန်ဘက်ကမ်း တံတားအဆင်းတွင် မျက်နှာချင်းဆိုင်မှလာသော ယာဉ်မောင်း ဦးသန်းမောင် (၅၀)နှစ် မောင်းနှင်လာသည့် ၄စ/. . . . . နစ်ဆန်းဒီဇယ်ယာဉ်နှင့် ပွတ်တိုက်မိရာ ကွန်တိန်နာယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့ပြီး လမ်းလယ်မှ စက်ဘီးစီးနင်းလာသူ အသက် (၃၀) ဝန်းကျင်ခန့်ရှိ အမျိုးသားတစ်ဦး ပိမိသေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ အင်းစိန်မြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၆၈၄)**



# အကောက်ခွန်ရှင်းလင်းမှုများ လွယ်ကူလျင်မြန်စေရေး နိုင်ငံအဆင့်မှတစ်ဆင့် အာဆီယံပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ကုန်ပစ္စည်း ရှင်းလင်းထုတ်ယူရာတွင် တစ်ရက်နောက်ကျခြင်းသည် အကောက်ခွန်တစ်ရာခိုင်နှုန်းနှင့် ညီမျှသည့် ကုန်ကျမှုရှိ၏။ ရံဖန်ရံခါတွင် စာရွက်စာတမ်းများအား စည်းမျဉ်းနှင့် ကိုက်ညီအောင် ဆောင်ရွက်ရသည့် စရိတ်သည် အကောက်ခွန်ပေးဆောင်ရသည်ထက် များ၏။ ကုန်ပစ္စည်းရှင်းလင်းရန် ကြာချိန်သည် စုစုပေါင်း သယ်ယူပို့ဆောင်ရေးကြာမြင့်ချိန်၏ ၂၀ ရာခိုင်နှုန်းအထိရှိ၏ဟု ကုန်သွယ်မှုလွယ်ကူချောမွေ့ရေးနှင့်ပတ်သက်၍ ကမ္ဘာ့ဘဏ်၏ လေ့လာတွေ့ရှိချက်အရ သိရသည်။



ကုန်ပစ္စည်းများကုန်သွယ်ရာတွင် အကောက်ခွန်ရှင်းလင်းမှုများ လွယ်ကူလျင်မြန်စေရေး နိုင်ငံအဆင့် ပြတင်းတစ်ပေါက်စနစ် (National Single Window)တည်ထောင်ပြီး ထိုမှတစ်ဆင့် အာဆီယံပြတင်းတစ်ပေါက်စနစ် (ASEAN Single Window) အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်း ရှန်ဂရီလာ ဟိုတယ်၌ကျင်းပရာ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် **(အပေါ်ယာပုံ)**နှင့် U3AID- funded Economic Reform and ASEAN Integration Program Yangon, Country Manager တို့က အဖွင့်အမှာစကား ပြောကြားသည်။

"ပြတင်းတစ်ပေါက်စနစ် (Single Window)ဆိုတာဟာ သွင်းကုန်ထုတ်ကုန်တွေကို ရှင်းလင်းထုတ်ယူရာမှာ မြန်မြန်ဆန်ဆန်ထုတ်ယူနိုင်ဖို့နဲ့ ကုန်ကျစရိတ်သက်သာစေဖို့ စီမံထားပြီး တစ်ဖက်မှာလည်း သွင်းကုန်/ထုတ်ကုန်တွေကို ဥပဒေလုပ်ထုံးလုပ်နည်းတွေနဲ့ အညီ နိုင်ငံ့အကျိုးအတွက် ကြီးကြပ်ထိန်းကွပ်တဲ့အစီအမံတွေ ထိရောက်စေဖို့ အကောင်အထည်ဖော်ထားတဲ့ ခေတ်မီကုန်စည်ရှင်းလင်းရေးစနစ်တစ်ရပ်ဖြစ်ပါတယ်။ ပြတင်းတစ်ပေါက်စနစ်ကြောင့် ကုန်စည်ရှင်းလင်းမှု ပိုမိုမြန်ဆန်လာတဲ့အတွက် ကြန့်ကြာခြင်း၊ ကုန်စည်ရှင်းလင်းခြင်းတို့နဲ့ပတ်သက်ပြီး ကုန်ကျစရိတ်တွေ သက်သာလာမယ်။ ဥပဒေလုပ်ထုံးလုပ်နည်းတွေကို ရှင်းလင်းလွယ်ကူစွာ နားလည်လာကြပြီး ကြိုတင်ခန့်မှန်း သိမြင်လာမယ်။ Business Cost ကို ကြိုတင်မှန်းဆ တွက်ချက်နိုင်မယ်၊ ပို့ကုန်တွေအတွက် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်လာမယ်၊ စွမ်းအားစုတွေကို ထိထိရောက်ရောက် ထက်ထက်မြက်မြက် လိုအပ်တဲ့အတိုင်း ခွဲဝေချထားလာနိုင်မယ်။ ထင်သာမြင်သာရှိမှုတွေ တိုးပွားလာခြင်းနဲ့ သမာဓိဂုဏ်တွေ တိုးပွားလာနိုင်မယ် စတဲ့ အကျိုးကျေးဇူးတွေကို ကုန်သွယ်သူတွေ ရရှိခံစားရမှာဖြစ်ပါတယ်"ဟု အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမိုးကျော်အေးက ရှင်းလင်းပြောပြသည်။

ထို့ပြင် အစိုးရဌာနများသည်လည်း ကုန်ပစ္စည်းရှင်းလင်းထုတ်ယူရာတွင် မြန်ဆန်ပြီး ကုန်ကျစရိတ်သက်သာလာသည့်အတွက် ကုန်သွယ်မှုပမာဏ တိုးမြင့်လာပြီး အခွန်ကောက်ခံရရှိမှု တိုးမြင့်လာခြင်း၊ အကောက်ခွန်နှင့် အခြားသက်ဆိုင်သည့် ဌာနများ၏ ဥပဒေလုပ်ထုံးလုပ်နည်းများကို ကုန်တင်သွင်းတင်ပို့သူများက တိုးတက်ပူးပေါင်း လိုက်နာဆောင်ရွက်လာစေခြင်း၊ လူ၊ ငွေကြေးနှင့် အချိန်ဟူသည့် စွမ်းအားစုများကို အထိရောက်ဆုံး၊ အကောင်းဆုံး အသုံးချနိုင်ခြင်း၊ ကွပ်ကဲမှုကောင်းမွန်စေရန် Risk Management စနစ်ကို ပြေပြစ်လွယ်ကူစွာ ဆောင်ရွက်နိုင်စေခြင်း၊ ထင်သာမြင်သာရှိစေပြီး ကောင်းမွန်သော စီမံအုပ်ချုပ်မှုရရှိစေကာ သက်ဆိုင်ရာဌာနများ သမာဓိဂုဏ် မြင့်မားလာစေခြင်း စသည့်အကျိုးကျေးဇူးများ ခံစားရမည်ဖြစ်ကြောင်း သိရသည်။

ပြတင်းတစ်ပေါက်စနစ်တွင် သွင်းကုန်/ထုတ်ကုန်ရှင်းလင်းရေးလုပ်ငန်း အဆင့်ဆင့်လုပ်ဆောင်ရန်အတွက် ICT နည်းပညာ အသုံးပြုရသည်။ အဆိုပါနည်းပညာကို မြန်မာနိုင်ငံရှိ အကောက်ခွန်ဦးစီးဌာနတွင် အသုံးပြုရန် ဂျပန်နိုင်ငံ၏ Grant AID အထောက်အပံ့နှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော MACCS/MCIS System နှင့် ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းသန့်က "ဂျပန်နိုင်ငံမှာ NACCS (Nipon Automated Cargo and Port Consolidated System)နဲ့ CIS (Customs Intelligence System)ကို ၁၉၇၈ ခုနှစ်က စတင်သုံးစွဲခဲ့ပြီး ၃၆ နှစ်ကျော် အတွေ့အကြုံရရှိပြီးဖြစ်ပါတယ်။ ဗီယက်နမ်နိုင်ငံမှာ VNACCS (Vietnam Automated Cargo Clearance System)နဲ့ VCIS (Vietnam Customs Intelligence System)ကို ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှာ စတင်သုံးစွဲပါတယ်။ ဒါပေမယ့် Cargo Control စနစ်မပါပါဘူး။ မြန်မာနိုင်ငံမှာ MACCS (Myanmar Automated Cargo Clearance System)နဲ့ MCIS (Myanmar Customs Intelligence System)ကို ၂၀၁၃ ခုနှစ် ဇူလိုင်လကုန်ပိုင်းတွင် စတင်ပြီး ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် Cargo Control စနစ်အပါအဝင် စတင်သုံးစွဲနိုင်ရန် ရည်မှန်းချက်ချမှတ်ဆောင်ရွက်နေပါတယ်။ လက်ရှိကာလအထိ မြန်မာ- ဂျပန် ပူးပေါင်းလုပ်ငန်းအဖွဲ့ရဲ့ အစည်းအဝေးတွေကို ၂၀၁၃ ခုနှစ် ဇူလိုင်လကုန်ပိုင်းမှ စတင်ခဲ့ရာ ၂၀၁၄ ခုနှစ် နိုဝင်ဘာလကုန်အထိ စုစုပေါင်း Working Group Meeting ကို (၁၇)ကြိမ် အောင်မြင်စွာဆောင်ရွက်ခဲ့ပါတယ်၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း ပြုလုပ်ခဲ့တဲ့ (၆)ကြိမ်မြောက် အစည်းအဝေးမှာ Brief Design ကို အောင်မြင်စွာ ရေးဆွဲအတည်ပြုနိုင်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှာ (၇)ကြိမ်မြောက် အစည်းအဝေးမှာစတင်ပြီး ယနေ့အထိ Detail Design ကို စတင်ညှိနှိုင်းရေးဆွဲလျက်ရှိပါတယ်။ လုပ်ငန်းများစတင်ချိန်မှ ယနေ့အထိ မြန်မာ-ဂျပန်နှစ်ဦးနှစ်ဖက် နားလည်မှုစာချွန်လွှာနှင့် စာချုပ်စာတမ်းလက်မှတ်ရေးထိုးမှုပေါင်း (၈)ကြိမ် ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်အတွင်း ဂျပန်နိုင်ငံရဲ့ NACCS စနစ်ကို ဝန်ထမ်း ၂၄ ဦးဖြင့် နှစ်ကြိမ်၊ ဗီယက်နမ်နိုင်ငံရဲ့ VNACCS ကို ဝန်ထမ်း ၁၀ ဦးဖြင့် တစ်ကြိမ် သွားရောက်လေ့လာခဲ့ပြီး ဂျပန်နိုင်ငံတွင် Software Tendering အတွက် တစ်ကြိမ်၊ Hardware Tendering အတွက် တစ်ကြိမ် သွားရောက်ခဲ့ပါတယ်"ဟု ရှင်းလင်းပြောပြသည်။

ထို့နောက် နိုင်ငံအဆင့် ပြတင်းတစ်ပေါက်စနစ်နှင့်ပတ်သက်၍ သိလိုသည်များကို တက်ရောက်လာကြသူများက မေးမြန်းကြပြီး အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြောင်း သိရသည်။

**သတင်း-စိုးစိုးနိုင်(ကြေးမုံ)**
**ဓာတ်ပုံ-ငွေးအောင်(ကြေးမုံ)**

## ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲဆုရရှိသူများ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖိတ်ခေါ်ကျင်းပခဲ့သော ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုစာမူပြိုင်ပွဲ၏ ဆုရရှိသူများအမည်စာရင်းကို စာမူစိစစ်ရွေးချယ်ရေးအဖွဲ့က ဒီဇင်ဘာ ၈ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုဒေါ်မြင့်မြင့်အေး(စိမ်းရွက်လွှာ)က "စပါးရေးတဲ့ဖူးစာ"စာမူဖြင့်လည်းကောင်း၊ ဒုတိယဆု ဒေါ်မြင့်မြင့်သန်း(မေကျော်-ပြန်/ဆက်)က 'ကံလှရွာမှာ စံမြရှိတယ်"စာမူဖြင့်လည်းကောင်း၊ တတိယဆု ဦးအောင်သန်း(သင်းအောင်သန်း) က "ပွဲတင်သံ" စာမူဖြင့်လည်းကောင်း ဆုရရှိခဲ့ကြသည်။ အထူးဆုများအဖြစ် ဦးစံရွှေမင်း(ကျော်ဖြိုးလွင်)က "မေတ္တာသာ ပဓာနပေမို့"စာမူဖြင့်လည်းကောင်း၊ ဦးမျိုးတင့်(မျိုးတင့်-ညောင်လေးပင်)က "ခေတ်ပြောင်းချိန်"စာမူဖြင့်လည်းကောင်း၊ ဦးခင်မောင်ရွှေ(တောမြင့်မြေ-ကျွန်းလှယဉ်)က "ကျွန်းလှယဉ်ရွာသားဖြစ်ခွင့်ပေးပါ"စာမူဖြင့်လည်းကောင်း၊ ဦးသောင်းရွှေ (ကေတုမောင်ညိုလင်း)က "ထင်းဖောင်သမား"စာမူဖြင့်လည်းကောင်း၊ ဦးဇော်လွင်ဦး(ဇော်လွင်ဦး-ဟသ်ာတ)က "တစ်နှံကို ဆယ်ပြည်ထွက်တယ်"စာမူဖြင့်လည်းကောင်း အသီးသီးဆုရရှိခဲ့ကြသည်။

ဒို့ကျေးရွာဂျာနယ်ဝတ္ထုတိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား နေပြည်တော်တွင်ကျင်းပမည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့အခမ်းအနား၌ ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်သည်။ အထူးဆုရရှိသူများအား မိမိတို့နေထိုင်သည့် ခရိုင်နှင့်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**





မြတ်ဆွေ ( Francisco) ကိုယ်တိုင်ထုတ်ဝေသော
မင်းဂွတ်သီး နှင့်ကင်ဆာရောဂါအကြောင်း
ကိုယ်တွေ့ဖြစ်ရပ်များ **စာအုပ်ထွက်ပါပြီ**

သင့် ကျန်းမာရေး လက် စွဲ စာအုပ် အဖြစ် လူတိုင်း ဆောင်ထားသင့် တဲ့ ပထမစာအုပ်နဲ့မတူ စာဖတ် ပရိသတ်အမေရိကန်ရှိ အထူးကု ဆရာဝန်ကြီးများ ၏ အမှာစာ နှင့် ဝေတနာရှင်များ၏ တုံ့ ပြန်မှု များ ဖြင့် ဖြည့်စွက်မွမ်းမံထားသော စာအုပ်ဖြစ်ပေသည် အမြို့မြို့အနယ်နယ် စာအုပ် ဆိုင်များတွင် ဝယ်ယူ ရရှိ နိုင်ပါပြီ ရောင်းချလိုသူ များ ဖြန့်ချိရေးဌာနသို့ ဆက်သွယ်၍ အမှာစာများပေးပို့နိုင်ပါသည်

ဖြန့်ချိရေး ဦးစိန်မြင့် ၅၁/၁ ဦးအောင်လှရိပ်သာလမ်း လှည်းတန်း ကမာရွတ် ရန်ကုန်မြို့
ဖုန်း ၅၁၂၂၁၇/၅၂၇၃၃၄/၀၉၅၀၉၆၉၀ Email:seinmyint.mcd@gmail.com


## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန e-Government လုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သည့် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများနှင့် Application Software ရေးသားခြင်းလုပ်ငန်းအတွက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
(က) Server and Accessories (၁)စုံ
(ခ) e-Service Online Application Software
(ဂ) e-Data Application Software

၂။ e-Service Online Application နှင့် e-Data Application Software များရေးသားခြင်းလုပ်ငန်းဆောင်ရွက်လိုသော ပြည်တွင်း IT ကုမ္ပဏီများအနေဖြင့် အဆိုပြုဆောင်ရွက်မည့်လုပ်ငန်းအစီအမံများအား ရေးသားနိုင်ရန်နှင့် အသေးစိတ်မေးမြန်းနိုင်ရန်တို့အတွက် ရှင်းလင်းပြောကြားခြင်းအား ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊ နေပြည်တော်တွင် ၁၈-၁၂-၂၀၁၄ ရက် နံနက် ၉း၃၀နာရီ၌ ပြုလုပ်သွားမည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သစ်တောဦးစီးဌာန၊ ရုံးအမှတ်(၃၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၀၁ တွင် ၁၈-၁၂-၂၀၁၄ ရက်မှစ၍ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါပေးသွင်းမှုကို ၂၉-၁၂-၂၀၁၄ ရက် ၁၀း၃၀နာရီတွင် ပိတ်ပါမည်။

**သစ်တောဦးစီးဌာန**

## (မှူဝံကြယ်)ဆေးတိုက်အတွက်ထောက်ခံချက်




လွန်ခဲ့သော နှစ်ပေါင်း(၁၅)နှစ်မှ စွဲကပ်လာသော ဂေါက်နှင့် အဆစ်အမြစ်ရောင်ရောဂါကို မှူဝံကြယ်ဆေးတိုက်မှ ထုတ်လုပ်သော လေးဖက်နာအဆစ်အမြစ်ရောင် ရောဂါပျောက်ဆေးကို သောက်သုံးလိုက်မှသာ ဝေဒနာများသက်သာပျောက်ကင်းပါကြောင်း ထောက်ခံအပ်ပါသည်။ ဤဆေးကိုသောက်သုံးခြင်းဖြင့် မည်သည့်ဘေးထွက်ဆိုးကျိုးမျှ မရှိပါကြောင်းကိုလည်း သိစေအပ်ပါသည်။

ပါမောက္ခ ဦးအေးအောင်(သင်္ချာ)
[၁၂/ဥကတ(နိုင်)၀၄၈၉၃၀]
ဖုန်း-၀၉-၂၅၀၀၂၁၆၂၉
အခန်း(၃၁)၊ တိုက်(၅)၊ မလိခအိမ်ရာ
ရတနာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့


**RUBY** ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၇ )ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**ကားမျိုးစုံငှားနိုင်ပါသည်။**
ခရီးစဉ်မျိုးစုံအတွက် ကားမျိုးစုံနှင့် လချုပ်များလည်း ငှားနိုင်ပါသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
MT & K Tours Ph-656573 663161, 09250066441

အားကစား



# နာနီပြန်လာမည့် မျှော်လင့်ချက် မန်ယူဆုံးရှုံး

**မန်ယူအသင်းသည် ပေါ်တူဂီတောင်ပံကစားသမား နာနီအား ပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်းအသင်းသို့ အငှားချခဲ့ရာမှ အိုးထရက်ဖို့ဒ်သို့ ပြန်လည်ခေါ်ယူနိုင်မည့် မျှော်လင့်ချက်မှာ အခွင့်အရေးအနည်းငယ်သာ ရှိတော့ကြောင်း မန်ယူအသင်းက ထုတ်ဖော်ပြောကြားလိုက်သည်။**

နည်းပြဗန်ဟားလ်သည် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက စပို့တင်းလစ္စဘွန်း နောက်တန်းကစားသမား မားကို့စ်ရိုဂျိုအား ခေါ်ယူခဲ့သည့် တစ်စိတ်တစ်ပိုင်းအဖြစ် မန်ယူ တောင်ပံကစားသမား နာနီကို အိုးထရက်ဖို့ဒ်မှ စပို့တင်းလစ္စဘွန်းအသင်းသို့ အငှားဖြင့် သွားရောက်ကစားခွင့်ပြုခဲ့ပြီး လက်ရှိတွင် ရက်သတ္တ ၁၂ ပတ်အတွင်း မန်ယူအသင်းသို့ ပြန်လည်ခေါ်ယူရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် စပို့တင်းလစ္စဘွန်း နောက်တန်းကစားသမား မားကို့စ်ရိုဂျိုကို ခေါ်ယူနိုင်ရေး ပြောင်းရွှေ့ကြေးယူရို သန်း ၂၀ ပေးလိုက်ရသည့်အပြင် တောင်ပံကစားသမား နာနီကိုပင် စပို့တင်းလစ္စဘွန်းအသင်းသို့ အလွတ်ပေးလိုက်ရသည်။ တောင်ပံကစားသမား နာနီကမူ "နည်းပြဗန်ဟားလ်က ကျွန်တော့်ကို အသင်းဟောင်းမှာ ပြန်ကစားနိုင်မယ့် အခွင့်အရေးတစ်ရပ်ပေးခဲ့တာပါ။ ကျွန်တော့်အနေနဲ့ကတော့ အဲဒီတုန်းက မန်ယူမှာပဲ ဆက်ကစားဖို့ ဆန္ဒရှိခဲ့တာပါ။ ဒါပေမယ့် အခုချိန်မှာတော့ ကျွန်တော့်အတွက် အကောင်းဆုံးအခွင့်အရေးကိုရွေးချယ်လိုက်ပါပြီ။ စပို့တင်းလစ္စဘွန်းမှာပဲ ဆက်ကစားမယ်လို့ ဆုံးဖြတ်ထားတာဟာ မှန်ကန်မယ်လို့ထင်ပါတယ်" ဟု ပြောကြားခဲ့သည်။

"ဇန်နဝါရီအပြောင်းအရွှေ့ကာလမှာ မန်ယူအသင်းကို ပြန်ဖို့စဉ်းစားရဦးမှာပါ၊ စပို့တင်းလစ္စဘွန်းမှာပဲ ဆက်ကစားပြီး အကောင်းဆုံးစွမ်းဆောင်ရည်တွေပြသနိုင်ဖို့လည်း စဉ်းစားထားပါတယ်"ဟု နာနီက ပြောကြားခဲ့သည်။ နာနီသည် လက်ရှိကလပ် စပို့တင်းလစ္စဘွန်းအသင်းနှင့်အတူ ချန်ပီယံလိဂ်လေးပွဲအပါအဝင် ပွဲပေါင်း ၁၄ ပွဲ ပါဝင်ကစားပေးထားပြီး ခုနစ်ဂိုးသွင်းယူထားနိုင်ခဲ့သူဖြစ်သည်။

**(ငွေကြယ်)**

## ဒူးအရွတ်ဒဏ်ရာရရှိခဲ့သည့် အဂူရို

## ရက်သတ္တလေးပတ်မှ ခြောက်ပတ်အထိ နားရမည်

မန်စီးတီးတိုက်စစ်မှူး ဆာဂျီယိုအဂူရိုသည် ဒူးအရွတ်ဒဏ်ရာပြဿနာကြုံခဲ့ခြင်းကြောင့် ရက်သတ္တလေးပတ်မှ ခြောက်ပတ်ကြာအထိ အနားယူရမည်ဖြစ်ကြောင်း မန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီက ပြောကြားခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိတိုက်စစ်မှူး အဂူရိုသည် မန်စီးတီးအသင်းက အဲဗာတန်အသင်းအား တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် အဲဗာတန်ကစားသမား မူဟာမက်ဘီဆစ်နှင့် ဘောလုံးယှဉ်လုရာမှ ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး အဂူရိုသည် အောက်တိုဘာ ၁၈ ရက်က စပါးအသင်းအား မန်စီးတီးအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အနိုင်ဂိုး လေးဂိုးစလုံးကို သွင်းယူပေးနိုင်ခဲ့ပြီး နိုဝင်ဘာ ၂၅ ရက်တွင် ကစားခဲ့သည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွင် မန်စီးတီးအသင်းက ဘိုင်ယန်မြူးနစ်အသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင်လည်း ဟက်ထရစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ အဂူရိုသည် ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းအတွက် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် ကမ္ဘာ့အကောင်းဆုံးကစားသမားများထဲမှ တစ်ဦးအပါအဝင်အဖြစ် နည်းပြပယ်လီဂရီနီက ချီးကျူးစကားပြောကြားခဲ့ပြီး ပရီမီယာလိဂ်တွင်လည်း သွင်းဂိုး ၁၄ ဂိုးဖြင့် ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်လျက်ရှိသည်။ **(နိုင်လင်းကြည်)**





## စပိန်မြေသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေသည့် မာကိုရူးစ်

ဒေါ့မွန်အသင်း၏ ဂျာမနီ လက်ရွေးစင်ကွင်းလယ်လူ မာကိုရူးစ်သည် လာမည့်ဇန်နဝါရီကာလအတွင်း အသင်းမှထွက်ခွာ၍ စပိန်မြေသို့ ပြောင်းရွှေ့ကစားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မာကိုရူးစ်မှာ မကြာမီကာလအတွင်း ဒေါ့မွန်အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည်ဖြစ်ပြီး လက်ရှိအချိန်တွင် ၎င်းအား ချယ်လ်ဆီး၊ မန်စီးတီး၊ မန်ယူ၊ ဘာစီလိုနာ၊ ရီးယဲလ်မက်ဒရစ် စသည့် ဥရောပအင်အားကြီးကလပ်များက အပြိုင်စောင့်ကြည့်နေခြင်းဖြစ်သည်။ ထို့ပြင် မာကိုရူးစ်မှာ ပြီးခဲ့သည့်ရက်ပိုင်းက ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်နေကြောင်း သတင်းများ ထွက်ပေါ်ခဲ့သော်လည်း ယင်းအပြောင်းအရွှေ့မှာ ဖြစ်မြောက်လာခဲ့ခြင်းမရှိပေ။ ထို့ကြောင့် မာကိုရူးစ်အနေဖြင့် စပိန်မြေသို့ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေပြီး ရီးယဲလ်မက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့မှာ ၎င်းအားခေါ်ယူရန် စိတ်အားထက်သန်နေခြင်းဖြစ်သည်။ ထို့ပြင် ရီးယဲလ်မက်ဒရစ်အသင်း၏ တာဝန်ရှိသူများမှာ မာကိုရူးစ်၏ အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးလျက်ရှိပြီး ကစားသမားကိုယ်တိုင်မှာလည်း စပိန်ဘာသာစကားကို သင်ကြားလျက်ရှိကြောင်း goal.com က ဖော်ပြခဲ့သည်။ သို့သော် ဘာစီလိုနာအသင်းမှာလည်း ၎င်းအားအလွယ်တကူ လက်လွှတ်ရန် ဆန္ဒမရှိဘဲ အသင်းသို့ အရောက်ခေါ်ယူရန် ပြင်ဆင်နေကြောင်း စပိန်သတင်းစာ Mirror က ဖော်ပြခဲ့သည်။ မာကိုရူးစ်မှာ လာမည့်လအနည်းငယ်အတွင်း ဒေါ့မွန်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ပြီး ရီးယဲလ်နှင့် ဘာစီလိုနာအသင်းတို့က ၎င်းအားစာချုပ်ကြေး အပါအဝင် ယူရိုသန်း ၄၀ ခန့်အသုံးပြုရန် စီစဉ်လျက်ရှိကြောင်း စပိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။

**(ကိုရဲ)**

*ဒီဇင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ယှဉ်ပြိုင်ကစားမည့် ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၅) မှ စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်နေသည့် ပွဲငါးပွဲကို ကြိုတင်ခံစားကြည့်လိုက်မိပါတယ်. . . .*

## ဘွန်ဒက်လီဂါ ပွဲစဉ် – ၁၅

ဝင်း ထွဋ် ဦး

### ရှော်ကေး-ကိုလုံး ည ၉:၀၀(၁၃-၁၂-၂၀၁၄)

ဘွန်ဒက်လီဂါ နောက်ဆုံး သုံးပွဲဆက် ဂိုးမြူးပြီး နိုင်ပွဲဆက်ခဲ့သည့် ဒီမက်တီယို၏ ရှော်ကေးအသင်း အကောင်းဆုံးပုံစံရရှိနေပါသည်။ ကိုလုံးအသင်းက နောက်ဆုံးသုံးပွဲမှာ ခြေစွမ်းကျဆင်းပြီး ရှုံးပွဲဆက်ခဲ့သည်။ လက်ရှိ အိမ်ကွင်း အကောင်းဆုံးခြေစွမ်းရနေသည့် ရှော်ကေးအသင်းသာပွဲကို ဦးဆောင်ကစားပြီး အောင်ပွဲခံသွားပါလိမ့်မည်။

### အော့စ်ဘတ်- ဘိုင်ယန်မြူးနစ် ည ၉:၀၀ (၁၃-၁၂-၂၀၁၄)

အမှတ်ပေးဇယား တတိယနေရာမှာ ရပ်တည်နေသည့် အော့စ်ဘတ်၏ ခြေစွမ်းအမှန်ကို ဘိုင်ယန်မြူးနစ်နှင့်ပွဲမှာ တွေ့ရပါတော့မည်။ အိမ်ကွင်း ခြောက်ပွဲကစားအပြီး ငါးပွဲနိုင် ဒေါ့မွန်တစ်သင်းကိုသာ ရှုံးထားသည့် အော့စ်ဘတ်အသင်း အဝေးကွင်းရှုံးပွဲမရှိ မှတ်တမ်းပိုင်ရှင်ကို ဟန့်တားနိုင်အောင် ကြိုးစားမှာဖြစ်သော်လည်း ဧည့်သည်အသင်းက ကွင်းမရွေးသည့် အသင်းဖြစ်နေ၍ အများဆုံးသရေသာမျှော်လင့်နိုင်ဖွယ်ရှိနေသည်။

### ဟာသာဘာလင် -ဒေါ့မွန် ည ၉:၀၀ (၁၃-၁၂-၂၀၁၄)

ယခုနှစ်ရာသီ အဝေးကွင်းနိုင်ပွဲ တစ်ပွဲသာရယူနိုင်ပြီး တစ်ပွဲသရေ ငါးပွဲရှုံးရလဒ်ကို ပိုင်ဆိုင်ထားသည့် ဒေါ့မွန်အသင်း ဟာသာဘာလင်ကွင်းတွင် အောင်ပွဲခံနိုင်အောင် အားထည့်ရန်းမှာ သေချာပါသည်။ ဟာသာဘာလင် အိမ်ကွင်းမှာ နောက်ဆုံးကစားခဲ့သည့် နှစ်ပွဲဆက်တွင် ဒေါ့မွန်တို့ အသာစီးရယူနိုင်ခဲ့သည်။ ယခုတစ် ကြိမ်တွင်လည်း ဒေါ့မွန်အသင်း အသာရဦးမည်ဟု သုံးသပ်မိသည်။

### လေဗာကူဆင်-မိုချင်ဂလက်ဘတ် ည ၉:၀၀ (၁၄-၁၂-၂၀၁၄)

ရမှတ်တူ၊ အဆင့်အထက်အောက်နှစ်သင်း ဆုံတွေ့မှုဖြစ်၍ ပြိုင်ဆိုင်မှုပြင်းထန်ပြီး ကြည့်ကောင်းမည့် ပွဲတစ်ပွဲဖြစ်ပါလိမ့်မည်။ လေဗာကူဆင်သည် အိမ်ကွင်းမှာ မိန့်စ်တစ်သင်းကိုသာ ဂိုးမသွင်းနိုင်ခဲ့ဘဲ ကျန်သည့် ပြိုင်ဘက်တိုင်းကို တိုက်စစ်ပိုင်းခြေစွမ်းပြပြီး ဂိုးသွင်းနိုင်ခဲ့သည့် အသင်းဖြစ်နေ၍ မိုချင်ဂလက်ဘတ်တို့ အခက်တွေ့ဖွယ်ရှိနေသည်။ လေဗာကူဆင်အသင်းကပ်ပြီး အနိုင်ယူသွားပါလိမ့်မည်။

### ဝုဖ်ဘတ်-ပါဒါဘွန်း ည ၁၁:၀၀ (၁၄-၁၂-၂၀၁၄)

ပြီးခဲ့သည့် ပွဲစဉ် (၁၄) မှာ ဟန်နိုဗာကို ဂိုးပြတ်အနိုင်ယူကာ အဆင့်(၂) နေရာမှာ ရပ်တည်နေနိုင်သည့် ဝုဖ်ဘတ် ယခုအိမ်ကွင်းပါဒါဘွန်းနှင့် ပွဲကိုလည်း ဂရုစိုက်ကစားမှာသေချာပါသည်။ အိမ်ကွင်းခုနစ်ပွဲ ကစားအပြီး ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ ရှုံးပွဲမရှိဆိုသည့် မှတ်တမ်းကောင်းကို ပါဒါဘွန်းနှင့် ပွဲမှာလည်း ဆက်ထိန်းနိုင်ဦးမည်ဟု သုံးသပ်မိပါသည်။


ခရီးသည် (၅) ဦးနှင့်အထက် စာရင်းသွင်းခြင်းဖြင့် Discount များရယူခံစားနိုင်ပါပြီ။
စိတ်အေးချမ်းသာစွာ အပန်းဖြေရင်း ဗဟုသုတ ရှာမှီးနိုင်မည့် ခရီးစဉ်များ
FIRST CHOICE Travel & Tour
ဗန်ကောက်၊ ပတ္တရား (၄ ည ၅ ရက်) Dec 25-29
ဖူးခက် (၃ ည ၄ ရက်)
စင်္ကာပူ (၃ ည ၄ ရက်)
လာအို (၅ ည ၆ ရက်)
ဗီယက်နမ် (၅ ည ၆ ရက်)
ကွမ်ကျိုး၊ ဟောင်ကောင်၊ မကာအို (၇ ည ၈ ရက်)
ကမ္ဘောဒီးယား (၄ ည ၅ ရက်)
ကိုရီးယား (၇ ည ၈ ရက်)
ဂျပန် (၈ ည ၉ ရက်)
Hotline No. 09421069966
ကုမ္ပဏီများ၊ မိသားစုများ၊ အသင်းအဖွဲ့များအတွက် သီးသန့်ခရီးစဉ်များကိုလည်း စိတ်တိုင်းကျ စီစဉ်ဆောင်ရွက်ပေးနေပါပြီ။
အမှတ်၆၆/၆၈(စီ-၄) အင်းစိန်လမ်းမ စံရိပ်ငြိမ်အနီး ကမာရွတ်မြို့နယ် ရန်ကုန်မြို့ 09 421069966 • 09 73059081



NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
ENROL NOW ACCA (UK)
January 2015 Intake Part I ,II,III,Dip IFR
အမှတ်(၁၈)၊(၃အေ-၆ဘီ)၊သပြေညို(၂)တိုက်၊ဦးထွန်းလင်းခြံလမ်း၊လှည်းတန်း၊ကမာရွတ်မြို့နယ်။
၀၁ -၅၀၄၇၃၇၊ ၅၁၂၉၀၀၊ ၀၉ ၄၅၀၀၂၂၆၄၆၊ ၀၉ ၇၃၁၀၈၄၀၉၊ ၀၉ ၅၁၇၀၁၀၅



၂၀၁၅ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့်စာသင်သားများအတွက်
ငြိမ်း
အပြတ် ၁၀၀၀၀၀ ကျပ်
EXAM SPECIAL CLASS (သိပ္ပံ၊ ဝိပ္ပံ)
၃ လပြတ် (ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ)
- တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးအောင်မြင်စွာဖြေဆိုနိုင်စေရန်၊ အမှတ်ပေးစည်းမျဉ်းနှင့်အညီ သင်ရိုးကုန်လေ့လာတတ်မြောက်စေ၍ ဝါရင့်ဆရာ၊ ဆရာမကြီးများ ကိုယ်တိုင် ၃ လပြတ် သင်ကြားပေးမည်။
- နားမလည်သည်များကို ထပ်မံရှင်းပြ၍ စာကျက်ရန် Study Guide (သင်ထောက်ကူလမ်းညွှန်) များထားပေးမည်။
- ငြိမ်း ပညာရေးလမ်းညွှန်ဂျာနယ် သင်ရိုးကုန်စာအုပ် ၁၄ အုပ်နှင့် Exam Guide (A,B,C,D,E) မေးခွန်း ၅ စုံကို အခမဲ့ပေးဝေ သင်ကြားပေးမည်။
- ယခုနှစ်မှစ၍ ဖြေဆိုမည့်သူများအပြင် Repeater များအတွက်ပါ စာမေးပွဲဖြေဆိုနိုင်စေရန်၊ စာလိုက်နိုင်စေရန် စီစဉ်ထားသည်။
- မိဘ (သို့မဟုတ်) အုပ်ထိန်းသူကိုယ်တိုင် လာရောက်အပ်နှံနိုင်သည်။
ဆက်သွယ်ရန်
Nyein Center ■ ၁၆၇/၁၇၃၊ အခန်း B-2၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၂၅၆၆၂၁
Nyein လှည်းတန်း ■ ငြိမ်း အဝေးသင် သင်တန်း၊ အမှတ် ၂၃၊ အခန်း B-4၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၇၃၀၀၉၆၂၇

## ကြော်ငြာ


**Pleasant Times**
Travels & Tours Co.,Ltd
Release Your stress with Pleasant Times

တောင်ကြီး-အင်းလေး-ကလော-ပင်းတယ (Dec:24)
ထားဝယ်- ရှင်ကိုးရှင်-မောင်းမကန်(Flight) (Dec:25)
မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မင်းကွန်း (Dec:24)
ပုဂံ-ပုပ္ပါး-စွယ်တော်လေးဆူ-ပခုက္ကူ (Dec:24)
ပြည်- အကောက်တောင်(နေ့ချင်းပြန်) (Dec:20)
သထုံ- မဲလံတောင်- ဘုရင်ညီဂူ- ရေပူစမ်း (Dec:20)
အမှတ်(၇၃),အထက်ကြည့်မြင်တိုင်လမ်းနှင့် အုန်းပင်လမ်းထောင့်၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့.
Tel: 01-500993, 09-73158702, 09-73072661, 09-420029003

**(ရောင်း၊ ငှား၊ ဝယ်ယူ)မည်**
၁။ ဗဟန်းနတ်မောက်လမ်းသွယ်(၁)ပေါ် မြေ ၀.၁၉၆၀ဧက နှင့် မြေနှင့်အိမ်ပါ ၀.၂၂၂ဧကစီရှိ။ (၁ပေပတ်လည် ၃သိန်းနှုန်း)
၂။ စမ်းချောင်းဟုမ်းလမ်းအနီး(12½'x35') ခန့် ၂၅ထပ် 900 Ls
၃။ ၃၄-လမ်း (12½'x40') မြေညီ+ထပ်ခိုး၊ ကြိုးဖုန်း ၁လ = 6½ Ls
တိုက်ခန်းများဝယ်ယူလိုသည်။ ၂၇၆-ပထပ်၊ ၃၇လမ်း(ထက်) 09 43133981

မူးယစ် ကင်းစင် အောင်ပွဲဆင်

**ဆု ပြည့်** ကားမျိုးစုံစီးလုံးငှားသည်
ကိုရိုလာထိအိုး(ငြိမ်း)- ၃၅၀၀၀ | ခရစ္စမတ်
ချောင်းသာ(ငြိမ်း)- ၄၀၀၀၀ | New Year
ငွေဆောင်(ငြိမ်း)- ၅၀၀၀၀ | 6+1 FREE
0931815390,0931815395

**မိုး ၂** 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ် ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။


**ပျောက်ဆုံးကြောင်း**
ကျွန်တော် ခင်မောင်ဝင်း[၁၂/လမတ(နိုင်)၀၂၅၅၆၅]ကိုင်ဆောင်သူ၏ Passport No.- 653745 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း ၀၉-၅၁၃၈၇၉၅


**Success Language Academy**
**English Teachers Wanted**

We would like to offer a chance to enthusiastic young graduates to start a career in teaching English. Eligible candidates must be the holder of a University Degree (Preferable - BA (English); MA (English); Diploma in ELT or ELTM) with a warm and friendly personality and a full commitment to teaching English language. Please send an application via e-mail to this address: sayar.arthur@gmail.com


**ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)**
**နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားလွှာ**

ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့်သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဂုဏ်ပြုပွဲကို ၂၁-၁၂-၂၀၁၄ရက် ၁၀နာရီတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီခန်းမ (ရွှေတိဂုံဘုရားတောင်ဘက်မုခ်)၌ ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အသက်(၇၅)နှစ်အထက်ရှိ ဘိုးဘွားများစာရင်းနှင့် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများ (အမှတ်စာရင်းနှင့်အတူ)အောက်ပါပုဂ္ဂိုလ်များထံ ၁၅-၁၂-၂၀၁၄ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းကြပါရန်နှင့် အသင်းဝင်များ၊ မြို့နယ်သူ/သားများ တက်ရောက်ကြပါရန်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ (ဖိတ်စာသီးသန့်မပို့ပါ၊ ၁၀ နာရီမှ ၁၂နာရီအထိ ညောင်ဦးမုန့်ဟင်းခါးဖြင့်ဧည့်ခံပါမည်။ ၁၂ နာရီအစည်းအဝေးစတင်ပါမည်။)

| | |
|---|---|
| ဦးသောင်းညွန့်- | ဖုန်း-၀၁-၅၅၂၄၈၉ |
| ဒေါက်တာခင်မောင်သန်း | ဖုန်း-၀၉-၇၃၂၄၀၅၃၁ |
| ညောင်ဦးဖိုးချို | ဖုန်း-၀၁-၅၄၅၃၂၃ |
| ဦးယုတင် | ဖုန်း-၀၉-၅၀၂၈၀၄၅ |
| ဦးကျော်ဝင်း | ဖုန်း-၀၁-၅၁၂၅၃၁၊ ၀၉-၄၂၀၀၄၆၂၉၉ |
| ဦးမြင့်လွင် | ဖုန်း-၀၉-၅၁၃၀၈၄၃ |
| ဦးကြည်စိုး | ဖုန်း-၀၉-၅၁၀၆၇၀၆ |
| ဦးရဲဝင်းနိုင် | ဖုန်း-၀၉-၄၂၀၇၃၆၈၈၆ |
| ဦးလွမ်းနိုင် | ဖုန်း-၀၉-၃၁၁၁၂၄၅၁ |
| ဦးသာဒွေး | ဖုန်း-၀၉-၈၆၈၈၇၉၆ |
| ဒေါ်ဆွေဆွေ | ဖုန်း-၀၉-၇၃၀၂၄၄၃၉ |

**အမှုဆောင်အဖွဲ့**


Fashion Euphoria (Junction Square)
Clearance Sales (50% to 80%)
၉-၁၂-၂၀၁၄ ရက်မှ ၁၄-၁၂-၂၀၁၄ ရက်အထိ

Fashion Euphoria (Junction Square)ဆိုင်ခွဲမှ ကုန်ပစ္စည်းရှင်းလင်းသိမ်းဆည်းခြင်း အထူးအစီအစဉ်ဖြင့် အရည်အသွေးမြင့် ဇာအမျိုးမျိုး၊ အရောင်အသွေးစုံလင်သော ပိုးအမျိုးမျိုး၊ ဇင်းမယ်၊ ချိဖွန်နှင့် ကွန်ပျူတာပန်းထိုး၊ ကွန်ပျူတာချိတ်၊ မြန်မာချိတ်မျိုးစုံတို့ကို စစ်မှန်သော အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်ပါသောကြောင့် ပျော်ရွှင်စွာ လာရောက်ဝယ်ယူအားပေးနိုင်ပါကြောင်း မိတ်ဆွေဟောင်း၊ မိတ်ဆွေသစ်များအား ဖိတ်ခေါ် အပ်ပါသည်။

F 129, ပထမထပ်၊ Junction Square
Ph:09-5105471

UAB
UNITED AMARA BANK
လုံခြုံစိတ်ချ၊ အားထားယုံကြည် UAB




**ယူနိုက်တက်အမရဘဏ်**မှ လူကြီးမင်းတို့၏ ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ
ပိုမိုအဆင်ပြေချောမွေ့စေရန် ဘဏ်အတိုးနှုန်းအသစ်များနှင့်အတူ
(၃၃)ဘဏ်မြောက်ဖြစ်သော **လားရှိုးဘဏ်ခွဲ** အား
(၁၀/၁၂/၂၀၁၄) တွင် ထပ်မံဖွင့်လှစ်လိုက်ပြီဖြစ်ပါကြောင်းနှင့်
နေ့စဉ်အတိုးနှုန်းတွက်ချက်ပေးသောSuper Call Deposit Account


| အပ်ငွေ (ကျပ်) | အတိုးနှုန်း |
|---|---|
| ကျပ်သိန်း(၁၀၀)အောက် | ၄.၀၀ % pa |
| ကျပ်သိန်း(၁၀၀)နှင့်အထက်မှ ကျပ်သိန်း(၁,၀၀၀)အောက် | ၈.၂၅ % pa |
| ကျပ်သိန်း(၁,၀၀၀)နှင့်အထက်မှ ကျပ်သိန်း(၅,၀၀၀)အောက် | ၈.၃၀ % pa |
| ကျပ်သိန်း(၅,၀၀၀)နှင့် အထက် | ၈.၃၅ % pa |

အား ဝန်ဆောင်မှုပေးနေပြီဖြစ်ပါကြောင်း
သတင်းကောင်းပါးအပ်ပါသည်။

UAB Call Center - 01 8603305, Email - prd@unitedamarabank.com

www.unitedamarabank.com
www.facebook.com/UnitedAmaraBank
www.linkedin.com/company/united-amara-bank-limited

လားရှိုးဘဏ်ခွဲ တည်နေရာ -
အမှတ်(ဆ-၁၄/၅)၊ ရပ်ကွက်(၇)၊ နယ်မြေ(၁၄)၊ သိန္နီလမ်း၊ ရှမ်း/မြောက်၊ လားရှိုးမြို့။
ဖုန်းနံပါတ်။ ၀၈၂-၂၂၉၇၀


အင်းယားကန်ဘေးမှာ အမြင့်ဆုံးထိုးထွက်လာမည့် ရတနာ . . .
ကမ္ဘာ့စိတ်ကူး ၊ ကမ္ဘာ့အဆင့်အတန်းမီ . . .
ခေတ်မီခမ်းနားလှတဲ့ လူနေမှုဘဝအတွက်
DIAMOND
INYA PALACE
အရောင်းဖွင့်ပွဲအခမ်းအနားကို စတင်ကြပါစို့
AERIAL VIEW
■ DIAMOND INYA PALACE SHOW FLAT
အား ၁၂-၁၂-၂၀၁၄ နေ့မှစတင်၍ အမှတ်(၂)၊ ဦးထွန်းငြိမ်းလမ်း မရမ်းကုန်းမြို့နယ်၌ နံနက် (၉)နာရီမှ ညနေ(၅)နာရီထိ လာရောက်ကြည့်ရှု ဝယ်ယူနိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
■ 7% Discount (၁၂ - ၁၂ -၂၀၁၄ မှ ၂၀ - ၁၂ -၂၀၁၄ ထိ)
■ Loose Furniture Gift Voucher သိန်း(၁၀၀)တန် သိန်း (၂၀၀)တန် သိန်း (၃၀၀)တန် သိန်း (၅၀၀)တန် အခန်းဝယ်ယူသူတိုင်းကို ပေးမည်
■ အခန်းဝယ်ယူသူတိုင်း မိမိအိမ်ခန်းအပြင် မြေပိုင်ဆိုင်မှုပါ ရရှိမည်ဖြစ်သည်။
■ Payment System အရစ်ကျ ၅၀% ပေးချေပြီး (၃၄)ထပ်အမိုးပြီးမှ ၅၀% အရစ်ကျပေးချေရန်
Diamond Inya Palace Site / Show Flat:
No. 2, U Tun Nyein Street, Mayangone Township, Yangon , Myanmar
HP : 09-420097995, 420097998
Mandalay Golden Wing Sales Office
No. 39, 7 Mile, Pyay Road, Mayangone Township, Yangon, Myanmar
Tel: 01-656 850 ~ 2
HP : 09-420097992 ~ 4
Website : http://www.diamondinyapalace.com
Another Pretigious Project By
MGW


DAGON CITY 1 MAKES MYANMAR MORE BEAUTIFUL
WITH L'OREAL
ON PHASE 2 SELECTION DAY
3 PM / 14 December 2014
DAGON CITY 1
BY MARGA LANDMARK
PHASE 2 FOR RESERVATION NOW
L'ORÉAL PARIS
၂၀၁၄ ဒီဇင်ဘာ ၁၃ ရက်နေ့ မတိုင်မီ အိမ်ခန်းကြိုတင်စာရင်းပေးသွင်းပြီး ၂၀၁၄ ဒီဇင်ဘာ ၁၄ ရက်နေ့ တနင်္ဂနွေမွန်းလွဲ ၃ နာရီ တွင် ကျင်းပမည့် "Dagon City 1 Makes Myanmar More Beautiful with L'Oreal" အစီအစဉ်ပွဲကို တက်ရောက်နိုင်မည့် အခွင့်အရေးကိုပိုင်ဆိုင်နိုင်ပါသည်။
အထူးအစီအစဉ်အနေဖြင့် iPhone 6 ၊ဖက်ရှင်ရှိုး နှင့် အထူးကံစမ်းမဲအစီအစဉ်များပါဝင်ပါသည်။
အကောင်းဆုံးအိမ်ရာများဆီမှ ပိုမိုကောင်းမွန်သောအခွင့်အရေးများ
ကျယ်ဝန်းမှု- ပိုမိုကျယ်ဝန်းသောအိမ်ခန်းများနှင့်အတူ အိပ်ခန်းများ
နီးကပ်စွာတည်ရှိမှု- မြန်မာတို့ အမြတ်တနိုးထားရာ ရွှေတိဂုံစေတီတော်မြတ်နှင့် နီးကပ်စွာတည်ရှိမှု
စိမ်းလမ်းစိုပြေမှု- ပိုမိုရှုခင်းကောင်းပြီး ပိုမိုကျယ်ဝန်းသောကိုယ်ပိုင်ပန်းခြံ
ရွေးချယ်မှု- ပိုမိုရွေးချယ်မှုရှိသော အိမ်ခန်းပုံစံများ
စောဦးစွာ VIP အကျိုးခံစားခွင့် နှင့် နှစ်လိုဖွယ်အချက်အလက်များ
၁ရက်နေ့ - ၇ရက်နေ့ ဒီဇင်ဘာ : ၂% အကျိုးခံစားခွင့်
၈ရက်နေ့ - ၁၃ရက်နေ့ ဒီဇင်ဘာ : ၁% အကျိုးခံစားခွင့်
Developed by:
MARGA LANDMARK
王董國際有限公司
WONG & TUNG INTERNATIONAL LIMITED
SPINE ARCHITECTS
MEINHARDT
Engineers • Planners • Managers
Colliers INTERNATIONAL
LangdonSeah
GALLERY SHOWROOM ADDRESS: U Htaung Bo Circle, No. 61, 63, Zoological Garden Road, Dagon Township, Yangon.
RESERVATION HOTLINE: +95 9 4482 55555 WWW.DAGONCITY1.COM www.facebook.com/dagoncityone

# ရွှေနန်းတော်ကျောင်းအား နိုင်ငံခြားသားခရီးသွားများ လေ့လာလည်ပတ်မှုများပြား



**မန္တလေး၊ ဒီဇင်ဘာ ၁၀**

ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာ မြန်မာ့အနုပညာဗိသုကာလက်ရာများ စံပြုကျောင်းဖြစ်သော မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ရွှေနန်းတော်ကျောင်း (ရွှေကျောင်း) အား ပွင့်လင်းရာသီဖြစ်သော နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် နိုင်ငံခြားသားခရီးသွားများ လာရောက်လေ့လာလည်ပတ်မှုများပြားလျက်ရှိကြောင်း သိရသည်။

"ဒီသစ်သားကျောင်းကြီးကို လေ့လာခွင့်ရတဲ့အတွက် များစွာကျေနပ်မိပါတယ်။ ပန်းချီ၊ ပန်းပု အနုပညာဗိသုကာလက်ရာတွေ အနီးကပ်တွေ့ရတဲ့အတွက် များစွာသဘောကျမိပါတယ်။ ကျောင်းကြီးတည်ဆောက်ပုံနဲ့ အနုပညာလက်ရာတွေကို မိမိတို့နိုင်ငံသားများကိုလည်း ပြန်လည်ဖောက်သည်ချ ပြောပြသွားမှာဖြစ်ပါတယ်။ ရှေးခေတ် မြန်မာပညာရှင်များရဲ့ အနုပညာလက်ရာများကို များစွာအံ့သြမိပါတယ်" ဟု ကျောင်းကြီးအား လာရောက်လည်ပတ်လေ့လာနေသော အမေရိကန်နိုင်ငံသား Mr.အဲလ်ရစ်၏ ပြောကြားမှုကို စကားပြန်တစ်ဦးက ပြောပြသည်။

ရွှေကျောင်းဟု လူသိများသော ရွှေနန်းတော်ကျောင်းသည် နှစ်ပေါင်း ၁၃၀ ကျော် သက်တမ်းရှိပြီး ကုန်းဘောင်ခေတ် ၁၉ ရာစု မြန်မာ့အနုပညာဗိသုကာလက်ရာစံပြုကျောင်းကြီးဖြစ်သည်။

ရွှေနန်းတော်ကြီးမှာ အမိုးသုံးဆင့်၊ လယ်ပေါ်နှစ်ထပ်၊ စမြင်ပါသော ဇေတဝန်ဆောင်ဖြစ်သည်။

အဆိုပါ ကျောင်းကြီးတစ်ဆောင်လုံးတွင် အရှေ့အနောက် တိုင် ၁၅ လုံးတန်းနှင့် တောင်မြောက် ၁၀ လုံးတန်းရှိခြင်းကြောင့် တိုင်ပေါင်း ၁၅၀၊ နယားရုပ်ထောက်တိုင်ပေါင်း ၅၄ တိုင်နှင့် သရက်ကင်းအုတ်လှေကားငါးစင်းဖြင့် တည်ဆောက်ထားသည်။

ကျောင်းကြီးတစ်ခုလုံးတွင် မြန်မာမှုသစ်သားပန်းပုအခြေခံ ခြူးပန်း၊ ခြူးနွယ် အပြောက်အမွှမ်းများ၊ ရုပ်လုံးရုပ်ကြွများ၊ ကျေးငှက်တိရစ္ဆာန်ရုပ်များ၊ နံ့ရံကပ်ရုပ်ကြွများနှင့် အတွင်းမာရဘင် အရှေ့ပိုင်းကွန်းစင်တိုင်အခြေတွင် ဇာတ်ကြီးဆယ်ဘွဲ့၊ တောထွက်ခန်း၊ မဟာပဒုမဇာတ်၊ ဥတေနဇာတ်တော်များကို စိတ်ဝင်စားဖွယ် လက်ရာမြောက်စွာ အနုစိတ်တပ်ဆင်ထားကြောင်း သိရသည်။

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်လက်ရာများကို တစ်နေ့ထက်တစ်နေ့ ကမ္ဘာကသိရှိလာသည်နှင့်အမျှ ၎င်းလက်ရာမွန်များကို လေ့လာနိုင်ရန် နိုင်ငံခြားသားခရီးသွားများ လာရောက်လည်ပတ်မှု များပြားလျက်ရှိလာပြီး ဒေသခံများ၏ ဒေသထွက်ကုန်များရောင်းချရမှု မြင့်တက်လာသည်ကို တွေ့ရကြောင်း ယင်းမြို့ခံများက ပြောသည်။

**သန်းဇော်မင်း**

## စဉ့်ခိုးကျေးရွာတွင် မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြော

**မော်လူး၊ ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ စဉ့်ခိုးကျေးရွာတွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၆ ရက် ညနေ ၄ နာရီက စဉ့်ခိုးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ အင်းတော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်၊ အင်းတော်မြို့ အထောက်အကူပြုကော်မတီဝင် ဦးချစ်ရွှေ၊ မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းစိန်၊ မော်လူးနယ်မြေရဲတပ်ဖွဲ့စခန်း စခန်းမှူး ရဲအုပ်အေးမင်းသိန်းနှင့် ရဲတပ်ဖွဲ့ဝင်များတက်ရောက်ခဲ့ကြကြောင်း သိရသည်။

ယင်းအပြင် အင်းတော်မြို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းစိုး၊ အင်းတော်မြို့ အထွေထွေအုပ်ချုပ်ရေး ဒုတိယဦးစီးမှူး ဦးကျော်စွာဝင်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးသိန်းဆွေဝင်းတို့ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

ဆက်လက်ပြီး စဉ့်ခိုးကျေးရွာတွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောပွဲသို့ အင်းတော်မြို့ပြည်သူ့ဆောက်လုပ်ရေးတာဝန်ခံ အင်ဂျင်နီယာ AE ဦးဆန်းလင်း၊ ဒေသခံအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

မူးယစ်ဆေးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောခြင်းကို အင်းတော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်က ဒေသခံပြည်သူများ နားလည်သိရှိစေရန် ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားပြီး ဒေသခံများမှ သိလိုသည်များ မေးမြန်းသည်ကို ပြန်လည်ဖြေကြားခဲ့သည်။

**ခင်မောင်ဆွေ**

## အရန်သားဖွားသင်တန်း ပထမနှင့် ဒုတိယအကြိမ် သင်တန်းဆင်း

**ကနီ၊ ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် အရန်သားဖွားသင်တန်း ပထမနှင့် ဒုတိယအကြိမ် သင်တန်းဆင်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျန်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအုန်းဝင်းက မိခင်နှင့်မွေးကင်းစကလေး သေပျောက်မှုလျော့နည်းစေရန် ကျေးလက်ဒေသများတွင် အရန်သားဖွားသင်တန်းတက်ထားသူများမှ အထောက်အကူရရှိနိုင်စေရန်နှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျန်ထွန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရှိန်တို့က ပထမနှင့် ဒုတိယအကြိမ် အရန်သားဖွားသင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး မြို့နယ်ကျန်းမာရေးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအုန်းဝင်းက ဆေးသေတ္တာနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြမြအေးက မွေးထုပ်နှင့် ဆေးပစ္စည်းများကို ပေးအပ်ခဲ့ကြသည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

## စစ်ကိုင်း ဆက်သွယ်သွားလာမှုအဆင်ပြေစေရေး ကျေးရွာချင်းဆက်လမ်းများဖောက်လုပ်

**ကလေး၊ ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက်လမ်းများကောင်းမွန်ရေးနှင့် ကျေးရွာချင်းဆက်လမ်းများ ရာသီမရွေးသွားလာနိုင်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ပုံငွေကျပ် ၁၁၇၈၄ ဒသမ ၁၄၈ သန်းဖြင့် ကတ္တရာလမ်း ၂၂ မိုင် ၅ ဖာလုံ၊ ကျောက်ချောလမ်း ၁၇၃ မိုင် ၅ ဖာလုံ၊ မြေသားလမ်း မိုင် ၁၆၀၊ သစ်သားတံတား ပေ ၃၄၃၀၊ ကွန်ကရစ်ရေကျော် ပေ ၁၇၆၀ နှင့် ရေပြွန် ၅၈၅ ပေတို့အား ဆောင်ရွက်ရန်ခွင့်ပြုထားပြီးဖြစ်ကြောင်း တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်က ပြောသည်။

"ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးတွေဆောင်ရွက်နေတဲ့အခါ မြို့ပေါ်နှင့်ကျေးလက် ဖွံ့ဖြိုးမှုတွေမကွာမှ အောင်မြင်ပါမယ်။ မြန်မာနိုင်ငံမှာက ကျေးလက်နေလူတန်းစားက အများစုဆိုတော့ ကျေးရွာတွေ ချမ်းသာမှမြို့ကချမ်းသာပါမယ်။ကျေးရွာတွေချမ်းသာဖို့ဆိုရင် လမ်းပန်းဆက်သွယ်ရေးကအဓိကကျပါတယ်။အမြဲတမ်းအလေးထားပြီးလွှတ်တော်အတွင်း တင်ပြဆောင်ရွက်ပေးနေပါတယ်" ဟု၎င်းကဆိုသည်။

ကလေးခရိုင်အတွင်း မင်းကင်းမြို့နယ် တောင်တွင်းချောင်ဒေသနှင့် ပျဉ်းကိုင်းဒေသလမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ကလေးဝမြို့နယ်မဟာမြိုင်တောအတွင်းတည်ရှိသည့် ချင်းချောင်း၊ ဝေပုံဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် ကလေးမြို့နယ် မြစ်သာမြစ်အရှေ့ဘက်ခြမ်းဒေသလမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးတို့ လိုအပ်နေသေးကြောင်း သိရသည်။

**လင်းလက်ကြယ်စင်**


### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၇) ၅၉×၆၀ အောင်ဇေယျ× အနော်ရထာရှိ ဦးပိုင်အမှတ်၊ ၉၁-ကသည် ဦးတင်ဝင်းအမည်ဖြင့်လည်းကောင်း ဦးပိုင်အမှတ်၊ ၉၁-ခသည် ဦးမြင့်ဆွေအမည်ဖြင့်လည်းကောင်း ချထားပေးသော မြေကွက်-တို့အား ဒေါ်ဆွေဆွေအောင်[၉/ခအဇ(နိုင်)၀၃၅၈၅၆]မှ မြေစလစ်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် ဂရန်သစ် အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၄)၊ ဦးပိုင်(၉၄-က) ၅၉×၆၀ကြား၊ အနော်ရထာ×ကျန်စစ်သားလမ်းရှိ ဦးတင်ဝအမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးမြနွယ်[၅/ရတန(နိုင်)၀၄၄၃၈၈]မှ မြေစလစ်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၈၂)၊ ဦးပိုင်အမှတ်-(၁၆-ဃ)၊ စစ်ကိုင်း-မန္တလေးလမ်းအရှေ့ဘက်၊ ချမ်းမြဝတီပန်းခြံ၊ ချော်လမ်းကြားရှိဒေါ်လှခင် အမည်ပေါက်ဂရန်မြေကွက်အား ဖခင် ဦးကြင်ဟိန်း၊ မိခင် ဒေါ်လှခင်နှင့်သား ဦးကျော်မင်းတို့ အသီးသီးကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၇၂၅/၂၀၁၄)ဖြင့် အမွေဆက်ခံခဲ့သောသား၊ သမီးနှင့်ချွေးမဖြစ်သည့် ဒေါ်အေးမ[၉/မရတ(နိုင်)၀၄၉၃၈၃]၊ ဒေါ်အေးမြင့်[၉/မရတ(နိုင်)၀၄၉၁၀၄]၊ ဒေါ်စန်း[၉/မရတ(နိုင်)၀၄၉၃၈၅]၊ ဦးသန်းထွန်း [၉/မရတ(နိုင်)၀၄၈၅၇၇]နှင့် ဒေါ်သန်းသန်း[၉/မရတ(နိုင်)၀၄၉၂၀၆]တို့မှ အမှုတွဲအမှတ်-၁၈၆၆/၂၀၁၄-၂၀၁၅ဖြင့် တိုး/ပြောင်း/ပျောက်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၁)၊မြေကွက်အမှတ်(၅၁၅/က)၊မြေကွက်တည်နေရာအမှတ်(၅၁၅/က)၊အနော်ရထာလမ်း၊လှိုင်သာယာမြို့နယ်၊ဦးငယ်လေးအမည်ပေါက်၊ပါမစ်မြေအားအမည်ပေါက်ဦးငယ်လေးထံမှအရပ်ကတိအရောင်းစာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်သူဒေါ်ဝင်းဝင်းမာ(၁၂/မဘန(နိုင်)၀၈၆၈၉၀)ကပါမစ်ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ကိုယ်တိုင်ကတိခံဝန်ချက်၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ရဲစခန်းထောက်ခံစာတို့တင်ပြပြီးဂရန်သစ်လျှောက်ထားလာရာ(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၁၀၇၃/က)၊ မြေကွက်တည်နေရာအမှတ်(၁၀၇၃/က)၊ ဘုရားလမ်း၊ ၇/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးတင်အုန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်အုန်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ်အမှတ်(၄၂၇၉/၂၀၁၄)ဖြင့် ပိုင်ဆိုင်သူ ဒေါ်နွဲ့ကြည်[၁၂/သကတ(နိုင်)၀၀၉၁၃၆၇]မှ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃/မာန်ပြေ)၊ မြေကွက်အမှတ်-(၈၄၃)၊ မြေကွက်တည်နေရာအမှတ်(၂၆/၈၄၃)၊ မာန်ပြေ(၁၅)လမ်း၊ (၃)မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးကျော်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်(ဖခင်)နှင့် ဒေါ်အေးကြင်(မိခင်)တို့ ကွယ်လွန်သဖြင့် သမီးများဖြစ်သော ဒေါ်ကြင်ဆန်းရင်(ခ)ခင်ခင်ဇော်[၁၀/ရမန(နိုင်)၀၁၀၆၆၀]နှင့် ဒေါ်လှလှအေး[၁၂/သကတ(နိုင်)၀၂၂၉၉၄]တို့မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### အသိပေးကြော်ငြာခြင်း

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၃/ရွှေပေါက္ကံ)၊မြေကွက်အမှတ်(၁၇၁)၊မြေကွက်တည်နေရာအမှတ်(၁၇၁)၊(၁၃/ရွှေပေါက္ကံ)ဦးကျော်ဆွေ(၁၂/မရက(နိုင်)၁၀၈၉၇၅)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဦးကျော်ဆွေကိုယ်တိုင်မှဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ဂရန်မိတ္တူလျှောက်ထားလာခြင်းအားဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ရာကန့်ကွက်သူမရှိသဖြင့်ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍မူလထုတ်ပေးထားသည့်ဦးကျော်ဆွေအမည်ပေါက်၊နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အားမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှပယ်ဖျက်ပြီးဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃/ရန်ပြေ)၊မြေကွက်အမှတ်(၂၉၉)၊မြေကွက်တည်နေရာအမှတ်(၂၉၉)၊အာဇာနည်လမ်း၊၃/ရန်ပြေရပ်ကွက်၊သာကေတမြို့နယ်၊ဒေါ်မချို အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဒေါ်မချို(ဇနီး)ကွယ်လွန်သဖြင့်တစ်ဦးတည်းသောခင်ပွန်းဖြစ်သူဦးလှအောင်(၁၂/သကတ(နိုင်)၀၄၄၂၉၇)မှသေစာရင်းနှင့်ကျမ်းကျိန်လွှာတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါရန်နှင့်ကန့်ကွက်မှုမရှိပါကဌာနမှလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၁၂၁၈/ခ)၊ မြေကွက် တည်နေရာအမှတ် (၁၂၁၈/ခ)၊ ရာဇသူရလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဒေါ်စန်းစန်း+ဦးသံချောင်း)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ခင်ပွန်း(ဦးသံချောင်း) ကွယ်လွန်သဖြင့် ဒေါ်စန်းစန်း[၁၂/ပဘတ(နိုင်)၁၁၀၉၇၃]က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# မော်လူးဘူတာ၌ ကွန်ကရစ်ဇလီဖားတုံးများ ရောက်ရှိ



**အင်းတော်၊ ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်တော်မြို့နယ် မော်လူးမီးရထားဘူတာယာဒ်ဝင်းတွင် မီးရထားသံလမ်းများ ကြံ့ခိုင်မှုရှိစေရန် သစ်သားဇလီဖားတုံးများနေရာတွင် လဲလှယ်တပ်ဆင်ရန် ကွန်ကရစ်ဇလီဖားတုံးများ မီးရထားဖြင့် ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

မီးရထားလမ်းများ ကြံ့ခိုင်မှုရှိစေရန်နှင့် အဆင့်မြှင့်တင်ရန် ကွန်ကရစ်ဇလီဖားတုံးများကို ပခုက္ကူ ကွန်ကရစ်ဇလီဖားတုံး စက်ရုံမှ DF - 2041 မီးရထားစက်ခေါင်းဖြင့် ချိတ်ဆက်မောင်းနှင်လာသော မီးရထားတွဲ ၁၂ တွဲပါ မီးရထားသည် မော်လူးဘူတာယာဒ်ဝင်းအတွင်းရောက်ရှိပြီး ယင်းကွန်ကရစ်ဇလီဖားတုံးများအား မြေပြင်သို့ရောက်ရှိစေရန် မော်လူးမီးရထားဘူတာလမ်းဗိုလ်လေး ဦးထင်လတ်အောင်၏ ဦးဆောင်မှုဖြင့် မြန်မာ့မီးရထား သံလမ်းအလုပ်သမားများက ဆောင်ရွက်ခဲ့ကြသည်။

ကွန်ကရစ် ဇလီဖားတုံးများ၏အရှည်မှာ ၆ ပေ ၅ လက်မ၊ အကျယ်(ပြက်) ၉ လက်မခွဲ၊ အမြင့်(အထူ) ၈ လက်မ ရှိပြီး မီးရထားတွဲ ၁၂ တွဲတွင် ကွန်ကရစ်ဇလီဖားတုံး ၈၀ ပါ ၇ တွဲနှင့် ၁၆၀ ပါ ၅ တွဲ ပါရှိကြောင်း၊ အဆိုပါကွန်ကရစ်ဇလီဖားတုံးများ မြေပြင်ပေါ်သို့ သယ်ချခအဖြစ် တစ်တုံးလျှင် ကျပ် ၈၀ နှုန်း၊ သစ်သားဇလီဖားတုံးနှင့် ကွန်ကရစ်ဇလီဖားတုံး လဲလှယ်ခအဖြစ် တစ်တုံးလျှင် ကျပ် ၆၀၀ နှုန်းရရှိကြောင်း သိရသည်။

**မိုးဇော်**

# ကျွန်းလှတွင် GAP နည်းစနစ်ဖြင့် ကြံသီးနှံ တောင်သူပညာပေးစိုက်ကွင်းပြပွဲ ကျင်းပ

**ကျွန်းလှ၊ ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်၌ GAP နည်းစနစ်ဖြင့် ကြံသီးနှံတောင်သူပညာပေးစိုက်ကွင်းပြပွဲကို ဒီဇင်ဘာ ၇ ရက် နံနက် ၈ နာရီက ပိတောက်မြိုင်ကွင်း(၃) တောင်သူဦးစိန်ထွန်း၏ ယာမြေနှစ်ဧကတွင် ကျင်းပခဲ့ကြောင်းသိရသည်။

"ကျွန်တော်ယခင်က ကြံသီးနှံကိုသမားရိုးကျစနစ်ဖြင့် စိုက်ပျိုးခဲ့ပြီး တစ်ဧကေ တန် ၂၀ မှ ၂၅ တန်အထိသာ ထွက်ရှိပါတယ်။ အခုနှစ်မှစပြီး GAP နည်းစနစ်နဲ့ နဝဒေး(၄) ကြံမျိုး ပြောင်းလဲစိုက်ပျိုးပါတယ်။ တစ်ဧက တန် ၆၀ မှ ၈၀ အထိ ထွက်ရှိမှာဖြစ်တဲ့အတွက် အကျိုးအမြတ်များရရှိမှာဖြစ်ပါတယ်။ ကြံစိုက်တောင်သူတွေ ပြောင်းလဲစိုက်ပျိုးသင့်ပါတယ်"ဟု တောင်သူဦးစိန်ထွန်းကအကြံပြုပြောပြသည်။

အဆိုပါ ကြံသီးနှံစိုက်ကွင်း သရုပ်ပြပွဲတွင် ခရိုင်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူးဦးမြင့်လှိုင်၊ မြို့နယ်ဦးစီးမှူးဒေါ်မြင့်မြင့်ရီ၊ ကန့်ဘလူ ဦးစီးမှူးဦးသိန်းဌေးတို့ GAP နည်းစနစ်ဖြင့် ကြံစိုက်ပျိုးနည်းကို တောင်သူများအား ရှင်းလင်းကြပြီး ဝန်ထမ်းများကလက်တွေ့စိုက်ပျိုးပြသကြရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်းနှင့်ကော်မတီများ၊ စိုက်ပျိုးရေးကြီးကြပ်တာဝန်ခံများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ကြည့်ရှုအားပေးကြကြောင်းသိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# သံတောင်ကြီးတောင်စခန်းမြို့၌ ခရီးသွားလာရေးလုပ်ငန်းများ ဆွေးနွေး

**သံတောင်ကြီး၊ ဒီဇင်ဘာ ၁၀**

ကရင်ပြည်နယ် သံတောင်ကြီးတောင်စခန်းမြို့တစ်မြို့အနေဖြင့် ကမ္ဘာလှည့် ခရီးသွားလာရေးလုပ်ငန်းများ အဆင်ပြေရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဌေးအောင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်းနှင့် တာဝန်ရှိသူများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများသည် ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီက သံတောင်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် တွေ့ဆုံကြသည်။

ရှေးဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီးနောက် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလာရေးလုပ်ငန်းများတွင် ဆောင်ရွက်ရမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးအမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးနိုင်မင်းစိုးသိန်း၊ ပဲခူးတိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးကျော်ဦးတို့က ဆွေးနွေးတင်ပြကြပြီး ခရီးသွားလာရေးလုပ်ငန်းရှင်များဖြစ်ကြသော ဒေါက်တာအောင်မြတ်ကျော်၊ ဒေါက်တာချမ်းအေး၊ ဦးအောင်မြင့်၊ ဦးရာဇာ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသော်ပလဲ၊ မြို့အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစောခါမောင်တို့က သိရှိလိုသည်များကိုမေးမြန်းခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# မော်လမြိုင်ကျွန်း မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုကြည့်ရှု

**မော်လမြိုင်ကျွန်း၊ ဒီဇင်ဘာ ၁၀**

မော်လမြိုင်ကျွန်းမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို မြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုလုပ်ငန်းများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးကျော်မိုးလှိုင်သည် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးကိုက ဝန်ထမ်းများနှင့်အတူ ဒီဇင်ဘာ ၇ ရက် နံနက် ၈ နာရီတွင် မော်လမြိုင်ကျွန်းမြို့နယ် စော်ကဲချောင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အဖွဲ့ဝင်အသင်းသား ၁၆၃ ဦးနှင့်တွေ့ဆုံပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စာရင်းမှတ်တမ်းထိန်းသိမ်းမှုနှင့် လုပ်ငန်းအောင်မြင်ရေးဆောင်ရွက်နေမှုများကို အကြံပြုဆွေးနွေးပြီး အဖွဲ့ဝင်အသင်းသားများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းဆောင်ရွက်ထားမှုများကို ကွင်းဆင်းကြည့်ရှုသည်။

ယင်းနောက် ရုံးချုပ်ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် နံနက် ၁၀ နာရီတွင် မော်လမြိုင်ကျွန်းမြို့နယ် တယ်ချောင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖွဲ့ဝင်အသင်းသား ၁၂၄ ဦးနှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် ရေလိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖွဲ့ဝင်အသင်းသား ၁၂၅ ဦးနှင့်လည်းကောင်း အကြံပြုတွေ့ဆုံဆွေးနွေးကြကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

# ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အရှိန်မြှင့်တင် ဆောင်ရွက်နိုင်ရန် စွမ်းရည်မြှင့် သင်တန်းဖွင့်

**ကျောက်ဆည်၊ ဒီဇင်ဘာ ၁၀**

ပြည်သူ့အကျိုးပြုဝန်ဆောင်မှုများ အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်အတွင်းရှိ ဝန်ထမ်းများ စွမ်းရည်မြှင့်တင်ရေးသင်တန်းကို ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ကျောက်ဆည်ခရိုင်အတွင်းရှိ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးမြို့နယ်များမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်လျက်ရှိပြီး သင်တန်းကို ဒီဇင်ဘာ ၈ ရက်မှ စတင်ကာ သုံးရက်ကြာဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများကို ဝန်ဆောင်မှုပေးလျက်ရှိသည့် Internet အခြေခံပညာ၊ ရုံးစီမံခန့်ခွဲမှုပညာ၊ ရုံးစာရေးသားနည်း၊ ကွန်ပျူတာအခြေခံနှင့် သတင်းရေးသားပေးပို့ခြင်းတို့ကို သင်ကြားပို့ချကြောင်း သိရသည်။

ကျောက်ဆည်ခရိုင်အတွင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအဖြစ် Internet Room ထားရှိပြီး ပြည်သူများအား အခမဲ့ အသုံးပြုစေနိုင်သည့်အပြင် Wifi ထုတ်လွှင့်ပေးခြင်း၊ စာပေရေချမ်းစင်နှင့် နံရံကပ်စာပေရေချမ်းစင်များကို လူစည်ကားသော နေရာများနှင့် မြို့နှင့်အလှမ်းကွာဝေးသော ကျေးရွာများတွင် ထားရှိပေးခြင်း၊ နယ်လှည့်စာကြည့်တိုက်များနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းနှင့် ပြည်သူ့စာကြည့်တိုက်များထားရှိကာ ပြည်သူများ စာပေဖတ်ရှုမှု တိုးပွားပြီး အသိပညာဗဟုသုတများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မွန်၏ ပြောကြားချက်များအရ သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

**HOW အဆင့်မြင့် ခရီးသွားလုပ်ငန်း(အထူးခရီးစဉ်)**
- အင်းလေး၊ တောင်ကြီး၊ ထန့်ဆန်းဂူ၊ ပင်းတယ၊ ကလော၊ အောင်ပန်း
ဟိုတယ်အိပ်၊ ဟိုတယ်/စားသောက်ဆိုင်စား၊ Scania Bus, အဆင့်မြင့်ကားတို့ဖြင့် အဆင့်မြင့်မြင့် သွားမယ်။ ၄ညအိပ်-၅ရက်ခရီး၊ စရိတ်ငြိမ်း-၁၂၀၀၀၀/-
(Dec-16,19,23,24,30 Jan-2,6,9,13,16) နေ့ရက်များတွင် ထွက်မည်။
Ph : 09-73027303 , 09-5114301, 09-5180337

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/အရှေ့၊ မြေကွက်အမှတ်-၉၄၀/ခ၊ မြေကွက်တည်နေရာအမှတ်-၉၄၀/ခ၊ အောင်သပြေအရှေ့(၁၁)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတ၊ ဒေါ်တင်အုန်း အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်တင်အုန်း (မိခင်)နှင့် ဦးသောင်း (ဖခင်) တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်မြင့်မြင့်အေး[၁၂/သကတ(နိုင်)၁၁၄၂၇၇]မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်းကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ပါကြောင်း**

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဘုရင့်နောင်)၊ မြေကွက်အမှတ်(ည/၂၁)၊ မြေကွက်တည်နေရာအမှတ်(ည/၂၁)၊ အာသောကလမ်း၊(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးသိန်းဝင်း၊ ဒေါ်လှအမည်ပေါက်၊(၂၅)နှစ်ဂရန်မြေအား အမည်ပေါက်မိခင်ဒေါ်လှမှာ(၁၉-၇-၂၀၁၃)နှင့်ဖခင်လင်ချဉ်ဟင်(ခ)မောင်လှမှာ(၅-၆-၁၉၈၇)တွင်လည်းကောင်းအသီးသီးကွယ်လွန်သွားပါသဖြင့် သားတော်စပ်ပြီးအမည်ပေါက်တစ်ဦးဖြစ်သူဦးသိန်းဝင်း(၁၂/ဒဂတ(နိုင်)၀၀၉၉၅၁)နှင့် ကျန်သားသမီးများဖြစ်ကြသည့် ဦးသိန်းစံ(၁၂/တမန(နိုင်)၀၉၀၇၂၀)၊ ဒေါ်ခင်ခင်မော်(၁၂/တမန(နိုင်)၀၉၀၇၂၁)တို့မှတွဲလျက် သားသမီးများဖြစ်ကြောင်းကျမ်းကျိန်လွှာ၊ သေစာရင်း၊(၂၅)နှစ်ဂရန်တို့တင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်ဖွင့်လှစ်စာချုပ်ချုပ်ရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ဒေါ်ထွေးထွေး[၁၂/ပဇတ(နိုင်)၀၂၅၅၀၅] သိစေရန်**

ကျွန်ုပ်မိတ်ဆွေဖြစ်သော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာ၊ မြလမ်း၊ အမှတ်-၁၅ နေ ဦးတင်ဝင်း [၁၂/ပဇတ(နိုင်) ၀၁၈၄၃၆]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအကြောင်းကြားပါသည်။

၁။ လူကြီးမင်းနှင့် ကျွန်ုပ်မိတ်ဆွေတို့သည် ယခင်က တစ်ရပ်ကွက်တည်းနေထိုင်လာခဲ့သော မိတ်ဆွေများဖြစ်ကြောင်း၊

၂။ လူကြီးမင်းက ကျွန်ုပ်မိတ်ဆွေထံ လာရောက်၍ ငွေကျပ် ၆၅၀၀၀၀/- ကို ခေတ္တချေးပေးပါရန် အကူအညီ တောင်းခံလာကြောင်း။

၃။ ကျွန်ုပ်မိတ်ဆွေက သဘောရိုးဖြစ်ကြောင်း ယုံကြည်၍ ၂၀-၁၀-၂၀၁၂ ရက်နေ့တွင် "နှစ်ဦးသဘောတူ ငွေယုံကြည်အပ်နှံခြင်း ကတိစာချုပ်"ချုပ်ဆိုပြီး လူကြီးမင်းနှင့် လူကြီးမင်း၏ ခင်ပွန်း ဦးသန်းဌေးတို့အား ပေးအပ်ခဲ့ကြောင်း။

၄။ အဆိုပါငွေများကို ၂၀-၄-၂၀၁၃ ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပေးဆပ်မည်ဟု ကတိထားရှိကာ လူကြီးမင်းက ငွေလက်ခံသူနေရာ၌လည်းကောင်း၊ လူကြီးမင်း၏ ခင်ပွန်းက အသိသက်သေနေရာ၌လည်းကောင်း လက်မှတ်ရေးထိုးရယူသွားခဲ့ကြောင်း။

၅။ သို့သော်သတ်မှတ်ရက်ကျော်လွန်သည်အထိ လူကြီးမင်းက ပြန်လည်ပေးဆပ်ခြင်းမပြုဘဲ အကြောင်းအမျိုးမျိုးပြ၍ ရှောင်တိမ်းနေကြောင်း ညွှန်ကြားလာပါသည်။

၆။ သို့ပါ၍ အထက်ပါ ငွေကျပ် ၆၅၀၀၀၀/-ကို ၂၀-၁၂-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး ပြန်လည်ပေးဆပ်ရန် တောင်းဆိုပါသည်။ လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်းအသိပေး အကြောင်းကြားပါသည်။

ဦးလှရွှေ
တရားလွှတ်တော်ရှေ့နေ-၇၉၁၂
အမှတ်-၂၂၊ ၂၆လမ်း၊ ၁ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်။ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၇၉၇၇၆

**မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ အ. ထ. က (၁) (တောင်ကျောင်းကြီး)တွင် ချစ်စွာသောတပည့်များအား ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)ပြည့်အနန္တောအနန္တဂိုဏ်းဝင် ကျေးဇူးရှင်မြတ်ဆရာ အပေါင်းတို့၏ ဂုဏ်ကျေးဇူးကို အထူးအောက်မေ့သောအားဖြင့် တပည့်ဟောင်းအပေါင်းမှ ရှိခိုးဦးတင် ကန်တော့ပန်းဆင်ကြမည့် "(၁၆) ကြိမ်မြောက် အထက(၁) အာစရိယပူဇော်ပွဲ"သို့ အောက်ပါအစီအစဉ်အတိုင်း မပျက်မကွက် ဆက်ဆက်တက်ရောက်ကြပါရန် ရပ်နီးရပ်ဝေးမှ ကျောင်းသားဟောင်းအပေါင်းတို့အား လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၇-၁၂-၂၀၁၄ရက်(စနေနေ့)၊ အချိန် -နံနက် (၉) နာရီ၊
နေရာ - ပေလေးပင်ခန်းမ (အ. ထ. က-၁)
ဆက်သွယ်လှူဒါန်းနိုင်သောဖုန်းနံပါတ်များ
တောင်တွင်းကြီးမြို့
ဦးခင်မောင်လွင် (၀၉-၄၂၀၇၀၅၆၃၇)၊ ဦးညီညီနိုင်(၀၉-၅၃၃၃၄၀၇)၊
ဦးလွင်မျိုးဇော် (၀၉-၄၀၁၅၈၄၉၅၀)၊ ဦးဇော်ကြီး(၀၉-၅၃၃၃၆၇၂)၊
ဦးလှိုင်လှိုင်(၀၉-၅၃၃၃၂၉၄)၊ ဦးအောင်ကျော်တင့် (၀၉-၄၁၀၆၃၀၂၆၀)
ရန်ကုန်မြို့
ဦးဌေးလွင် (၀၉-၄၃၀၂၇၅၀၉)၊ ဦးမင်းညွန့် (၀၁-၆၉၂၄၄၅)၊
ဒေါ်မြင့်မြင့်ဌေး (၀၉-၈၆၃၂၁၈၉)၊ ဦးကျော်စိုးမင်း(၀၉-၅၁၇၇၂၄၄)၊
ဦးနေမျိုးအောင်(၀၉-၅၀၅၃၃၉၂)၊ ဦးကျော်စိုးလှိုင်(၀၉-၅၁၀၄၇၃၀)၊
ဦးလှိုင်စိုးမိုး(၀၉-၅၀၃၉၄၆၈)၊ ဦးကျော်မျိုးလှိုင် (၀၉-၅၁၈၆၂၉၄)
မန္တလေးမြို့ - ဦးပြည့်စုံ (၀၉၂၀၂၅၇၉၈)
နေပြည်တော် - ဦးလှိုင်မင်း (၀၉၄၂၈၃၂၃၈၆၆)၊ ခွန်သိန်းထွန်း (၀၉၅၃၃၃၅၁၇)
ပဲခူးမြို့- ဦးအောင်ဇော်သောင်း (၀၉၄၂၈၁၈၀၆၂၈)
မကွေးမြို့ - ဒေါ်စိုးစိုးနွယ် (၀၉၅၃၄၂၀၀၄)

# မြန်မာ့ရှုခင်းများကြည့်ရှုလိုသည့် ဆိုင်ကယ်စီးနိုင်ငံခြားသားများ မကွေးသို့ ရောက်ရှိ

**မကွေး၊ ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံတွင် နှစ်အတန်ကြာနေထိုင်ခဲ့ဖူးသော ဆွစ်ဇာလန်ဇာတိသား၊ ထိုင်းနိုင်ငံသားတစ်ဦး၏ ပြောကြားချက်အရ မြန်မာ့သဘာဝအလှအပ ရှုခင်းများကို ခံစားလိုသော ထိုင်းနိုင်ငံရောက်တိုးရစ် ၁၃ ဦးသည် All Asia Exclusive ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့၏ ချိတ်ဆက်မှုဖြင့်မြဝတီနယ်စပ် တရားမဝင် ဝင်ရောက်မှု ကာကွယ်တာဆီးရေးဂိတ်စခန်းမှဆိုင်ကယ်များဖြင့် ဝင်ရောက်ကာ ဒီဇင်ဘာ ၇ ရက် နံနက် ၁၁နာရီခွဲခန့်က မကွေးမြို့သို့ ရောက်ရှိလာကြောင်း သိရသည်။

ယင်းအဖွဲ့တွင် ဆွစ်ဇာလန်နိုင်ငံသားသုံးဦး၊ အီတလီနိုင်ငံသားနှစ်ဦး၊ ပြင်သစ်နိုင်ငံသားတစ်ဦး၊ ထိုင်းနိုင်ငံသားတစ်ဦး၊ ဂျာမနီနိုင်ငံသားငါးဦး၊ ဘယ်လ်ဂျီယံနိုင်ငံသား တစ်ဦး စုစုပေါင်း ၁၃ ဦးပါဝင်သည့် ဆိုင်ကယ်စီးခရီးသွားများသည် BMW ကာဝါစူကီဆိုင်ကယ် ၁၃ စီးဖြင့် ဒီဇင်ဘာ ၂ ရက်က မြဝတီဂိတ်မှ ဝင်ရောက်ကာ မြဝတီ၊ မကွေး၊ ပုဂံညောင်ဦး၊ မန္တလေး၊ တောင်ကြီး၊ တာချီလိတ်ခရီးစဉ် ရေးဆွဲထားရှိပြီး မန္တလေး၊ ပုဂံ၊ တောင်ကြီးမြို့များအား ပိုမိုအဓိကထား စိတ်ဝင်စားကြောင်း၊ ဖြတ်သန်းသွားလာသောမြို့များရှိ အထင်ကရ နေရာအချို့အား ဝင်ရောက်လည်ပတ်ရန် စီစဉ်ထားရှိကြောင်း သိရသည်။

"မကွေးမြို့က ခရီးစဉ်အရဖြတ်သွားတာပါ၊ ခရီးစဉ်လမ်းတစ်လျှောက် သူတို့နိုင်ငံလမ်းမကြီးတွေမှာ မရနိုင်တဲ့ Country Road ရဲ့ အရသာကို ခံစားခွင့်ရတယ်လို့ ထင်ပါတယ်။ လမ်းတစ်လျှောက်က တောတောင်သဘာဝအလှတွေ၊ ကျေးလက်ရှုခင်းတွေကို သူတို့ သဘောကျတာတွေ့ရပါတယ်။ မကွေးကနေ စလင်းရုပ်စုံကျောင်းကိုသွားပြီး မြန်မာ့အနုပညာလက်ရာတွေကို လေ့လာပါမယ်" ဟု ခရီးစဉ်တွင်လိုက်ပါလာသူ ဟိုတယ်နှင့် ခရီးသွားလာရေးတာဝန်ရှိသူတစ်ဦးက ၎င်း၏ ခရီးစဉ်အတွေ့အကြုံအားရှင်းပြသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ခရီးစဉ်တွင်လိုက်ပါလာသူ တာဝန်ခံဦးအေးမောင်လှိုင်၏ ပြောပြချက်အရ ၂၀၁၃ ခုနှစ်တွင် နိုင်ငံခြားသား ၂ ဒသမ ၀၈ သန်းဝင်ရောက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်းထိ ၂ ဒသမ ၅၅ သန်း ဝင်ရောက်မှုရှိကြောင်း၊ ဝန်ကြီးဌာန၏ မျှော်မှန်းချက်



နိုင်ငံခြားသားခရီးသည် သုံးသန်း ဝင်ရောက်မည်ဟုယူဆကြောင်း ၎င်းက သုံးသပ်ပြောသည်။

ယခုခရီးစဉ်၌ Tourist Visa ဖြင့် ဝင်ရောက်သူခရီးသည်များသည် ၁၄ ရက်ခရီးစဉ်အတွင်း မြန်မာ့သဘာဝရှုခင်း အလှအပများကို ခံစားမှတ်တမ်းတင်ရန်သာ အဓိကဖြစ်ပြီး တာဝန်ရှိသူတစ်ဦးအနေဖြင့် မြန်မာ့ယဉ်ကျေးမှုများနှင့် ထိတွေ့နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၎င်းကပြောသည်။

ယင်းအပြင်၎င်းအဖွဲ့ကို ပုဂံတွင်ရုပ်သေးပွဲများ ကြည့်ရှုခွင့်ရရန် စီစဉ်ထားရှိပြီး ပုဂံ၊ တောင်ကြီး၊ မန္တလေးမြို့များတွင် နှစ်ညစီ ညအိပ်ရပ်နားကာ မြန်မာ့သဘာဝအလှတရားများနှင့် ယဉ်ကျေးမှုများကို ထိတွေ့စေပြီး တာချီလိတ်နယ်စပ်မှ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း တာဝန်ခံဦးအေးမောင်လှိုင်က ဆက်လက်ပြောသည်။

ဆိုင်ကယ်စီးကမ္ဘာလှည့် ခရီးသည်များသည် နန်းထိုက်သူ ဟိုတယ်အနီး ဧရာဝတီမြစ်ကမ်းခြေရှိ Elysium စားသောက်ဆိုင်တွင်နေ့လယ်စာစားသောက်၍ မွန်းလွဲ ၁၂ နာရီခွဲတွင် ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

**ဧယျာတု(မကွေး)**

## တောင်သာမြို့နယ် ငါးပင်စင်ကျေးရွာ၌ ကျန်းမာရေး အသိပညာပေးဆွေးနွေးပွဲနှင့် စကားဝိုင်းဆွေးနွေး

**တောင်သာ၊ ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊တောင်သာမြို့နယ်၊ ငါးပင်စင်ကျေးရွာအုပ်စုတွင် ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီက ကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်ကလျာအောင်ဦးဆောင်သော အမျိုးသမီးရေးရာအဖွဲ့ဝင်များက အဆိုပါကျေးရွာတွင် ကျင်းပခဲ့သည်။

အဆိုပါ ကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်ကလျာအောင်နှင့် မြို့နယ်ကျန်းမာရေးသူနာပြု (၁) ဒေါ်ခင်မာသန်းတို့က ဆွေးနွေးပွဲသို့တက်ရောက်လာသော ကျေးလက်နေအမျိုးသမီးငယ်များအား သွေးလွန်တုပ်ကွေးရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါ၊ ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးနှင့် လူကုန်ကူးမှုများအကြောင်းကို အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဦးဆောင်သော အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲအပြီးတွင်ကျေးရွာရှိ ပြည်သူ ၉၂ ဦးတို့အား အိုင်အိုဒင်းဆားများ အခမဲ့ပေးအပ်ခဲ့သည်။

ယင်းအပြင် ရဘဲကျေးရွာရှိ အသက် ၁၀၆ နှစ်ရှိ ဦးမိုးသာကို ငွေကျပ် ၅၀၀၀၀ နှင့် ငှက်ပျောသီး၊ ကြက်ဥ၊ ခေါက်ဆွဲထုပ်၊ မုန့်ထုပ်များ လှူဒါန်းကန်တော့ခဲ့ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

## မြိုင်မြို့နယ်တွင် မြေပဲအထွက်ကောင်းသဖြင့် တောင်သူများ စီးပွားရေး အဆင်ပြေ

**မြိုင်၊ ဒီဇင်ဘာ ၁၀**

မြိုင်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသနေတောင်သူများမှာ ယခုနှစ်တွင် နောက်မိုးကောင်းသဖြင့် မြေပဲအထွက်နှုန်းကောင်း၍စီးပွားရေးအဆင်ပြေလျက်ရှိသည်။

မြိုင်မြို့နယ်တွင် ဆီထွက်သီးနှံဖြစ်သည့် မြေပဲကို တောင်သူတစ်ဦးလျှင် အနည်းဆုံး နှစ်တင်းမှ ငါးတင်း၊ အများဆုံး ၁၀ တင်းအထိ စိုက်ပျိုးကြပြီး ယခုနှစ်တွင် နောက်မိုးကောင်းသဖြင့် ခြောက်လပဲ(ခေါ်) ပဲကြီးမြေပဲ အထွက်နှုန်းမှာ အနည်းဆုံး ၁၅ တင်း၊ အများဆုံး တင်း ၂၀ မှ ၃၀ အထိ ထွက်ရှိရာ တောင်သူများအနေဖြင့် ဝမ်းစာအတွက်သာမက စီးပွားဖြစ်ပါ ရောင်းချလျက်ရှိပြီး မြေပဲဆန်တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဝန်းကျင်ရောင်းရကြောင်းသိရသည်။

"မြေပဲအထွက်ကောင်းတော့ မြေပဲပုတ်၊ မြေပဲဆွတ်သူတွေနဲ့ နေ့စားအလုပ်သမားများလည်း နေ့စဉ်အလုပ်နဲ့လက်နဲ့မပြတ်အောင် အငှားလိုက်ရတော့ အဆင်ပြေတယ်။ ကျွန်တော်တို့ဆီမှာ အငှားလိုက်သူ အမျိုးသားတစ်ဦးလျှင် ကျပ် ၃၀၀၀ ပေးရတယ်။ အမျိုးသမီးတစ်ဦး ကျပ် ၂၀၀၀ နဲ့ ငှားရတယ်။ ကလေးတွေလည်း မြေပဲဆွတ်တာ တစ်တင်း ကျပ် ၈၀၀ နဲ့ နှစ်တင်းရတော့ ကျပ် ၁၆၀၀ ရတဲ့အတွက် အလုပ်သမားတွေလည်း အဆင်ပြေပါတယ်"ဟု တောင်သူတစ်ဦးက ပြောသည်။

**ထွန်းလှိုင်(မြိုင်)**

## နွားထိုးကြီးမြို့နယ် ကျောက်ချောလမ်းခင်းနေမှု ကွင်းဆင်းကြည့်ရှု

**နွားထိုးကြီး၊ ဒီဇင်ဘာ ၁၀**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၏ နောက်ဆုံးစည်ပင်သာယာလမ်းအဖြစ် နွားထိုးကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်၊ အမှုဆောင်အရာရှိ ဦးအောင်သိန်း၊ ကော်မတီဝင် ဦးအေးလွင်၊တာဝန်ခံအင်ဂျင်နီယာ ဦးသက်နိုင်ဦးတို့အဖွဲ့သည်ဒီဇင်ဘာ ၈ရက်ကဝတ်လဲဖွင့်ကုမ္ပဏီမှ ဆောင်ရွက်နေသောသာစည်-မြိုင်သာ လမ်းပဲချက်-နဘဲမြစ်လမ်းပိုင်း ပေ ၆၁၂၀ တစ်မိုင် တစ်ဖာလုံ အရှည်ကျောက်ချောလမ်းခင်းကျင်းနေမှုကို ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**

## အောင်ချက်မြင့်မားရေး ဟောပြောပွဲ

**ကံမ၊ ဒီဇင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ကံမ)မြဝတီခန်းမ၌ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အောင်ချက်မြင့်မားရေး ဟောပြောပွဲကို ဒီဇင်ဘာ ၆ ရက်မှ ၇ ရက်အထိ ပြုလုပ်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မကွေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများက သင်ကြားပို့ချခဲ့ပြီး ကံမမြို့နယ်အတွင်းမှ ကျောင်းသား၊ ကျောင်းသူ ၃၂၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ဧယျဝင်း(ပြန်/ဆက်)**

## သွေးသည်အသက်

**အများသိစေရန်အသိပေးကြေငြာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊ကုလားဝဲကျေးရွာ၊ကွင်းအမှတ်(ရ၁၀)၊လယ်မြေဧကအကျယ်အဝန်း(၅.၁၄)ဧကရှိလယ်မြေများသည်ကျွန်ုပ်၏အမှုသည်ဖြစ်သူဒေါ်နွယ်နွယ်ရီ(၁၂/သသန(နိုင်)၀၃၈၆၉၉)မှမြေစာရင်းဦးစီးဌာနတွင်လက်ရှိအမည်ပေါက်ပိုင်ဆိုင်လျက်ရှိပြီးယင်းလယ်မြေများကိုကျွန်ုပ်အမှုသည်မှအပြီးအပိုင်ရောင်းချတော့မည်ဖြစ်၍ကန့်ကွက်ရန်ရှိသူမည်သူမဆိုဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်းခိုင်လုံသောအထောက်အထား မှုရင်းများဖြင့်ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်နွယ်နွယ်ရီ၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးသန်းဆွေ (LL,B)ဥပဒေအကျိုးဆောင်ရှေ့နေ(စဉ်-၂၁၅၁၂)
အမှတ်(ရ၃/က)၊ ဗိုလ်ဗလလမ်း၊ (၁၆ရ)ရပ်ကွက်၊
ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း – ၀၉၄၂၀၁၀၂၅၁၂

**ရွှေပေါက်ကံမြို့သစ်၊ (၁၇/၃) ရပ်ကွက်၊ စံပယ်လမ်းရှိ မြေ နေအိမ်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း**

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇/၃)ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၆၇၆) နေ ကျွန်ုပ်၏အသိမိတ်ဆွေ ဒေါ်ခက်ဝေမျိုး [၁၂/ဥကမ(နိုင်)၁၈၀၃၅၉]၏ဖခင် ဦးသက်ဝေ (ကွယ်လွန်) နိုင်ငံခြားသင်္ဘောသားကျန်ရစ်ခဲ့သည့် လက်ထက်ပွား ပစ္စည်းဖြစ်သော မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇/၃)ရပ်ကွက်၊ စံပယ်လမ်း၊ မြေကွက်အမှတ်(၃၆)၊ အကျယ်အဝန်း ပေ(၄၀×၆၀)နှင့် ယင်းမြေပေါ်ရှိ နေအိမ်ကို အမွေဆိုင်ရာ ခံစားခွင့်ရှိသူ ဒေါ်ခက်ဝေမျိုးအား တရားဝင်အကြောင်းကြား အသိပေးဆောင်ရွက်ခြင်းမရှိဘဲ တစ်ပါးသူသို့ လွှဲပြောင်းရောင်းချခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်း မပြုရန်နှင့် အကယ်၍ ထိုသို့လွှဲပြောင်းရောင်းချခြင်း တစ်ရပ်ရပ်ပြုလုပ်မည်ဆိုပါက တရားဝင် ဆောင်ရွက်ခြင်းမဟုတ်သဖြင့် ဒေါ်ခက်ဝေမျိုး၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ခက်ဝေမျိုး[၁၂/ဥကမ(နိုင်)၁၈၀၃၅၉]

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှ
B.A.,H.G.P.,R.L.,D.B.L (Advocate)
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၀၁၁)
အမှတ်(၁၈၀)၊ မြရတနာ(၆)လမ်း၊ (ခ) ရပ်ကွက်။
မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၅၀၈၄၃၃၉

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7D/8647 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၅၂၆)၊ မြေကွက်တည်နေရာအမှတ်(၅၂၆)၊ ဇေယျာ(၁၈)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်သန်းညွန့်၊ ဦးကျန်မြ၊ ဦးလှရင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်သန်းညွန့်နှင့် ခင်ပွန်း ဦးကြိုင်(ကွယ်လွန်)သဖြင့် ၎င်းအစုကို သားသမီးများဖြစ်ကြသည့် ဦးထိန်ဝင်း(ခ)ဦးသိန်းဝင်း[၁၂/ဥကတ(နိုင်)၀၁၇၆၅၁)၊ ဒေါ်စန်းစန်းဝင်း [၁၂/ဥကတ (နိုင်) ၁၉၉၀၁၈]၊ ဒေါ်နန်းနန်းဝင်း [၁၂/ဥကတ (နိုင်) ၀၈၈၁၀၂]တို့မှလည်းကောင်း၊ အမည်ပေါက် ဦးကျန်မြ (ကွယ်လွန်)သဖြင့် ၎င်းအစုကို တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်စိန်လှိုင် [၁၂/ဥကတ(နိုင်) ၀၁၇၅၇၈] မှ လည်းကောင်း၊ ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ ဦးလှရင် (KPU-၀၇၃၇၀၅)နှင့် ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂Z၂၊ မြေကွက်အမှတ် V ၁၂၆၊ ၁၂၆A မြေကွက်တည်နေရာအမှတ် ၁၁၃/၁၁၅၊ (၁၄)လမ်း၊ လမ်းမတော်မြို့နယ်၊ ဦးကျင်ရွှေ (ခ) ဦးဘပု[၁၂/လမတ(နိုင်)၀၀၄၁၉၀] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျင်ရွှေ(ခ) ဦးဘပုသည် ၅-၁-၂၀၁၀ရက်တွင် လည်းကောင်း၊ ၎င်း၏ဇနီး ဒေါ်မမလေး(CA-၀၃၆၁၉၅) သည် ၂၅-၁၁-၁၉၈၀ရက်တွင် လည်းကောင်း၊ ၎င်းတို့တွင် သားသမီး(၂)ဦး ရှိသည့်အနက် သားတစ်ဦးဖြစ်သူ ဦးသိန်းဟံ(ခ) ဘဒ္ဒန္တ သီလာစာရသည် အိမ်ထောင်မရှိ ရဟန်းဘဝဖြင့် ၂၃-၈-၂၀၁၄ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားသဖြင့် သမီးဖြစ်သူ ဒေါ်တင်တင်ရွှေ[၁၂/အစန(နိုင်)၀၉၉၉၅၃] မှ ကျမ်းကျိန်လွှာများ၊ သေစာရင်းများ၊ ၎င်း၏ အိမ်ထောင်စုစာရင်း၊ မြေဂရန်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက မြေပုံကူး လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဘုရင့်နောင်၊ မြေကွက်အမှတ်(ဆ/၂၉)၊ မြေကွက်တည်နေရာအမှတ်(ဆ/၂၉)၊ စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ (ဦးတင်မောင်၊ ဦးကျော်မြင့်၊ ဦးမြင့်ဆွေ) အမည် ပေါက် (၂၅)နှစ်မြေငှားစာချုပ်မြေအား အမည် ပေါက် (၃)ဦးအနက် ဦးကျော်မြင့်မှာ ၁၉-၉-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ဇနီးဖြစ်သူ တန်စောဟွာ(ခ)ကျင်ကျင်နွယ် [၁၂/လမတ(ဧည့်)၀၀၀၃၄၃]နှင့် ကျန်အမည်ပေါက် (၂)ဦးဖြစ်သည့် ဦးတင်မောင်(ခ) အွန်ဝှက်လျှောင်[၁၂/လမတ(နိုင်)၁၂၈၄၉၅] ဦးမြင့်ဆွေ(ခ) စီပေါင်[၁၂/ကမတ(နိုင်)၀၅၂၂၇၅] တို့နှင့်ပူးတွဲလျက် တန်စောဟွာ(ခ) ကျင်ကျင်နွယ်မှာ ဦးကျော်မြင့်၏ တစ်ဦးတည်းသော ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ (၂၅)နှစ်ဂရန်တို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**အတွေးအမြင်ဆောင်းပါး**

# မြင်းခင်းသဘင်လပြာသိုတွင်

**à a&Wbt/G**

ပြာသိုလသည် မြန်မာသက္ကရာဇ် လရာသီတွင် (၁၀)လမြောက် ရာသီအခါသမယ ဆောင်းဝင်စ လရာသီ၊ အလွန်မှအေးချမ်းလှပါပေသည်။ ဤရာသီအခါသမယမှာဖြင့် ကောင်းကင်ဝယ် လစန္ဒာနှင့်အပြိုင် ဖုဿျှနက္ခတ်တာရာတို့ပြိုင်ကာပေါ်ထွန်းသော မကာရရာသီတွင် ခွာညိုပန်းတို့ကလည်း ဆောင်းလေအေးမြမြနှင့်အတူ လှိုင်လှိုင်ကာ သင်းကြူမွှေးလျက် အလွန်ပင်ပန်ရလှပါပေသည်။

ထိုသို့ အလွန်ချမ်းအေးသောလ ဆောင်းကာလတွင် ရှေးရှေးဘုရင်မင်းများလက်ထက်ကတည်းက မြန်မာတို့၏ဇွဲသတ္တိ၊ ဗျတ္တိ၊ လက်ရုံးရည်၊ နှလုံးရည်တို့ဖြင့် ပြည့်စုံသူတို့အား နန်းရင်ပြင်သို့ခေါ်ဆောင်ကာ ဓားရေး၊ လှံရေး၊ အထိုးအခုတ်၊ အသတ်အပုတ်၊ ဆင်စီး၊ မြင်းစီး၊ မြင်းရေးစွမ်းရည်တို့အား ပြသစေကာ ပွဲသဘင်ခင်းလျက် ချီးမြှောက်ပစားသောဓလေ့ မြင်းခင်းသဘင်တို့အား မြန်မာတို့မမေ့ကောင်းသည်ကို လေးစားဖွယ် လေ့လာမှတ်သားကြရပါပေမည်။

ပြာသိုလ၏ လှပဆန်းကြယ်ပုံကလေးကို စာဆိုရှင်ဖိုးသူတော်ဦးမင်းက ဤကဲ့သို့ဖွဲ့နွဲ့ထားသည်ကို လက်ဆင့်ကမ်းဖော်ပြရမည်ဆိုပါလျှင် “ငွေသော်တာစန္ဒနှင့် ဖုဿျှလမ်းဆုံ၊ တိမ်လွှာမှာရောင်ဝါကျင်းလို့၊ နှစ်မင်းတူပြိုင်ပ၊ မြန်းကြွခိုက်ကြုံ၊ ဘရဂုဏ်မြိုင်စုံမြနန်း၊ နုစိမ်းစိုစိုနှင့် ပန်းခွာညိုငုံတံထူးတယ်၊ ဖူးပွင့်ချက်ဆန်း” ဟူ၍ ဖွဲ့ဆိုထားမှုမှာ အလွန်ကိုမှ နှစ်ထောင်းအားရဖြစ်မိရပါလေသည်။

မြန်မာတို့သည် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးနှင့် ကိုယ့်ဘာသာတရားတော်တို့အား လေးစားယုံကြည်မှုတို့ကြောင့် တွန်းလှန်တိုက်ခိုက်မှုများသည် ရှေးခေတ်ကပင် ရှိနေခဲ့သည်ကို လေ့လာတွေ့ရှိရပါလေသည်။ သို့ပါ၍ ကာယစွမ်းရည်၊ လက်ရုံးရည်ပြိုင်ပွဲပြပွဲများကို ပြုလုပ်ခဲ့လေသည်။ ထို့ကြောင့် ရှေးဘုရင်များ လက်ထက်တော်ကတည်းက မြန်မာတိုင်းပြည်၌ တာဝန်ထမ်းဆောင်သော စစ်သည်ရဲမက်တို့အား ပြာသိုလ အခါသမယဝယ် ချီးမြှောက်သူကောင်းပြုသော ပွဲတော်တစ်ရပ်အား အကြီးအကျယ် ခမ်းနားစွာ ဆင်ယင်ကျင်းပခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ရာသီမှာ အလွန်ချမ်းအေးပြီး စိမ့်နေအောင် အေးမြသောကာလဝယ် လူစွမ်းကောင်းတို့သည် ချွေးတလုံးလုံးဖြင့် မမောမပန်း၊ အားကြိုးမာန်တက် လေ့ကျင့်စွမ်းဆောင်နေကြသည်ကို မျှော်မှန်းကာ အလွန်မှ အားရတက်ကြွမိပါလေသည်။ မြန်မာတို့၏ မျိုးဇာတိဂုဏ်ကို ကြွားကြွားဝံ့ဝံ့ ဖော်ဆောင်ပေးခဲ့ကြခြင်းကိုလည်း သာဓကများစွာဖြင့် တွေ့ကြုံခဲ့သည်။

ရှေးဘုရင်တို့ ဤလရာသီမှာ သဘင်ကျင်းပပုံကို ရှေးစာဆိုရှင်အတော်များများက ရေးဖွဲ့သီကုံးထားခဲ့ပါလေသည်။ မဟာအတုလမင်းကြီး ရေးသားသီကုံးခဲ့သည့် ဆယ့်နှစ်လရာသီလွမ်းချင်းများထဲမှ ပြာသိုလ မကာရရာသီ၏သရုပ်ကို ပေါ်လွင်အောင် ဖော်ဆောင်ထားသည့် လွမ်းချင်းကလေးက ဤသို့ဆိုထားပါလေသည်။ “တိမ်ခြေငယ်ရှင်းပါလို့ မြူနှင်းငယ်စိုစို၊ လပြာသိုမှာ၊ နွယ်ခွာညိုမြိုင်မြိုင်နှင့် လှိုင်လှိုင်သင်းတဲ့ လကိုလေး”။ “ရောင်သိင်္ဂီငယ်ကြယ်ဖုဿျှ၊ မကာရမို့ ရွှေဝဥကင်၊ နန်းရင်ပြင်မှာ၊ လှံလျှင်မြင်းခင်း၊ သဘင် ကျင်းလို့၊ ရာမင်းထွတ်စံ၊ ဗိုလ်ညီလာခံသောအခါ၊ ဆဒ္ဒန်ပိုင့်ပြောင်မှန်မှာ၊ အောင်တံခွန် တေဇာမြူးလို့၊ ထူးလှတယ်လေး” ဟူ၍ ဆိုထားပါသည်။

အတုလမင်းကြီးရဲ့ သည်ကဗျာလွမ်းချင်းက မြန်မာတို့ဟာ ဘယ်လောက်အထိ အစွမ်းအစသတ္တိ၊ ဇွဲရှိသည်ကို ဖော်ညွှန်းထားဘိသကဲ့သို့၊ ဗိုလ်ပါစုံလင်စွာဖြင့် မြင်းခင်း၊ ဆင်ခင်း၊ ဓားရေး၊ လှံရေး အတတ်ပညာတို့အား ယှဉ်ပြိုင်သည့်ပွဲသဘင်များကိုကျင်းပပြီး မြန်မာလူမျိုးတို့၏စွမ်းပကား ဇာတိမာန် သရုပ်တို့ကို ပုံဖော်ကာ ရဲရင့်ခြင်း ဝီရိယကို ပေးဆောင်ထားပါလေသည်။ ထို့အတူ လက်ရှိမျက်မှောက်ခေတ် မျိုးဆက်သစ်လူငယ်တို့ကလည်း ရှေးစဉ်လာမပျက် စောင့်ထိန်းသွားကြဖို့လိုပေမည်ဟု မျှော်လင့်ရပါလေသည်။

ရှေးဘုရင်တို့ကလည်း ပြာသိုလရောက်ပြီဆိုလျှင် ဤကဲ့သို့သောပွဲလမ်းသဘင်ကို စိတ်ဝင်တစား ကျင်းပခဲ့ကြပုံကိုလည်း ကဗျာက ညွှန်းထားပါလေ၏။ ထိုလကို သူရဲကောင်းများ ဂုဏ်ပြုသည့်လဟူ၍လည်း လေ့လာမှတ်သားတွေ့ရှိရပါလေသည်။ အမျိုးသားရေးအမြင်၊ ဇွဲသတ္တိတို့အား ပေးစွမ်းသောလ ဖြစ်ပေသည်ဟု တွေးမြင်မိပါလေသည်။

ဤသည်ကိုထောက်ရှု၍ ယနေ့လူငယ်လူရွယ်တို့ကလည်း မြန်မာမှုဓလေ့ထုံးတမ်း အမျိုးသား ဇာတိမာန် စိတ်ဓာတ်ရင့်သန်စွာဖြင့် စဉ်ဆက်မပြတ် ထိန်းသိမ်းကြိုးပမ်းစွမ်းဆောင်သွားကြဖို့မှာ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်ကို ခံယူထားကြဖို့လိုပေမည်ဟု ခံစားမိရပါလေသည်။ လူငယ်တို့ကလည်း စွမ်းဆောင်ကြပေလိမ့်မည်ဟုလည်း ယုံကြည်မျှော်လင့်ရပါလေသည်။ အတိတ်က သမိုင်းတွေကို ခြေရာကောက်ပြီး အနာဂတ်ကာလသမိုင်းကိုလည်း လှပတောက်ပြောင်အောင် စွမ်းဆောင်ပေးကြရမည့်သူများမှာ ယနေ့လူငယ်ကလေးများပင် ဖြစ်ပါပေသည်။

အမရပူရမြို့ ကုန်းဘောင်မင်းလက်ထက်က စာဆိုရှင်လူဦးမင်းရေးသားခဲ့သော ရာသီဘွဲ့လေးချိုးကြီးကလည်း ပြာသိုလ၏အလှသရုပ်၊ ဇာတိမာန်ကို ပုံဖော်ကျူးထားသည်မှာ ကောက်နုတ်တင်ပြရလျှင် “ခါသဘင်မှာ ရာဇဉ်မှန်ပုံနတ်သမူလည်း ဗိုလ်ထုငယ်လေးအင်၊ စစ်ရေးဆင်လို့၊ သေနင်္ဗျူဟာ၊ ယတြာနှင့်” ဟူသော အပိုဒ်ကို ထောက်ရှုခြင်းဖြင့် ရာဇာမင်းတို့သည် ပျော်ပွဲသဘင်သဖွယ် စစ်ရေး၊ စစ်တက်၊ ဆင်ခင်း၊ မြင်းခင်း စသည့်အတတ်ပညာတို့အား ပွဲလမ်းသဘင်ခံကာကျင်းပပုံကို ဖော်ဆောင်ထားပါလေသည်။

ပြာသိုလ၏အလှကို ဖွဲ့နွဲ့ထားပုံနောက်တစ်ပိုဒ်မှာဆိုထားသည်ကား “ခွါဝါနွယ်ဖွဲ့၊ ပြာညိုလွဲနှင့် နွဲ့နွဲ့ငုံတံ၊ စိန်ချယ်ရံလို့၊ ဝတ်စံငွေပျော်၊ သည်ပန်းတော်ကို၊ ညာမော်နန်းသူ၊ ဆွတ်ခွေယူလျက်”ဟူသော အဖွဲ့အနွဲ့လေးက ပြာသိုလကို ချစ်မြတ်နိုးတွယ်တာသည့် သိဂီရရသကို ဖော်ဆောင်ထားပေသည်။

အချုပ်ဆိုရပါလျှင် မြန်မာတို့၏ပြာသိုလသည် စစ်ဗျူဟာ၊ စစ်ထိုးစစ်တက်၊ ဓားခုတ်၊ လှံထိုး၊ ဆင်စီး၊ မြင်းစီးစသော စစ်အင်္ဂါအဖွဲ့တို့၌ ကျွမ်းကျင်ကြသူတို့အားပြိုင်ပွဲများကျင်းပကာ ဂုဏ်ပြုပေးသောလမှာ ပြာသိုလပင်ဖြစ်ပြီး ရှေးအစဉ်အဆက် ကျင်းပမြဲဖြစ်သည်။ ဗိုလ်ပါသဘင် ဆင်ယင်ကျင်းပသောလပင်ဖြစ်ကြောင်း ရှေးစာဆိုကျော်တို့၏ ရေးသားဖွဲ့ဆိုထားမှုတို့အားထောက်ရှုကာ မြန်မာမှုဓလေ့စဉ်လာ မယွင်း၊ မြန်မာပီသစွာ သရုပ်ဖော်ဆောင်နိုင်မည့် မြန်မာ့ဂုဏ်ဆောင်သောပြာသိုလသည် စာဆိုရှိသည့် အတိုင်း ပြာသိုလသို့ရောက်လေတိုင်း ဆင်ယင်ကျင်းပမြဲအစဉ်အလာကြီးအား မမှိတ်မသုံ အောက်မေ့ တသကာ ကျင်းပသွားနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ရေးသားတင်ပြလိုက်ရပါတော့သတည်း။ ။

> ရှေးဘုရင်တို့သည် ဤလရာသီမှာ သဘင်ကျင်းပပုံကို ရှေးစာဆိုတော်များက ရေးဖွဲ့သီကုံးထားခဲ့ပါလေသည် . . .



# တောင်ဇလပ်ပန်းပင်များ ရှားပါးလာ၍ ထိန်းသိမ်းသင့်ကြောင်း ဒေသခံများပြော

**ဖလမ်း၊ ဒီဇင်ဘာ ၁၀**

ချင်းပြည်နယ်အတွင်း ပေါက်ရောက်နေသည့် တောင်ဇလပ်ပင်များ ရှားပါးလာ၍ အပင်နည်းလာပြီး အပွင့်ကျဲလာပြီဖြစ်သော တော်ဝင်ပန်းတောင်ဇလပ်ပင်များ ရေရှည်ရှင်သန်နိုင်ရေးအတွက် တောင်ပေါ်နေ ချင်းတိုင်းရင်းသားအားလုံးက ထိန်းသိမ်းကာကွယ်စောင့်ရှောက်သင့်ကြောင်း ဒေသခံများက ပြောသည်။

ယခင်က ချင်းပြည်နယ်၏ သင်္ကေတဖြစ်သော တော်ဝင်ပန်း တောင်ဇလပ်ပန်းများနေရာအနှံ့ ဝေဝေဆာဆာဖူးပွင့်လျက်ရှိပြီး ယခုအချိန်တွင် အပင်နည်းပါးကြောင်း သဘာဝပတ်ဝန်းကျင် လေ့လာသူများက ပြောသည်။

ချင်းပြည်နယ်၏ တော်ဝင်ပန်းများဖြစ်သော ချယ်ရီပန်းသည် ဆောင်းဦးရာသီမှစ၍ ချင်းပြည်နယ်တစ်ခွင်လုံး ဝေဝေဆာဆာ ဖူးပွင့်ကြပြီးနောက် နွေဦးရာသီအရောက်တွင် တောင်ဇလပ်ပန်းများဖြင့် အစားထိုးကာ ကလေးမြို့မှ မိုင် ၃၀ ခန့်ဖာလုံ အကွာရှိ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ပေ ၆၂၅၀ မြင့်သော သိုင်းငင်းကျေးရွာတောင်ကုန်းများပေါ်၌ တောင်ဇလပ်ပင်များသည် အုံ့ဆိုင်းနေပြီး အပင်အားလုံးနီးပါး အနီရောင်တောင်ဇလပ်ပန်းပွင့်များဖြင့် ဝေဝေဆာဆာဖူးပွင့်နေကြသည်။

တောင်ဇလပ်ပင်သည် ချင်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် အတွေ့ရများပြီး မြောက်ပိုင်းတွင်ပေါက်သည့် အပင်များတွင် အပွင့်အနီရောင်ပွင့်ကာ တောင်ပိုင်းတွင်ပေါက်သည့်အပင်များတွင် အပွင့်အဖြူရောင်ပွင့်သည်။ တောင်ဇလပ်ပန်းကို ဖလမ်းချင်းလူမျိုးများက ချော့လှယ်ပါရ် ဟုခေါ်ကြပြီး ရုက္ခဗေဒအခေါ်အားဖြင့် ရိုက်ရှားတိုမင်တိုစားဟုခေါ်ကြောင်း သိရသည်။

တောင်ဇလပ်ပင်သည် အမြင့်ပေ ၄၀ ထိ ကြီးထွားနိုင်ပြီး လုံးပတ် ၃ ပေမှ ၄ ပေထိ ရှိနိုင်ကာ တောင်ဇလပ်အရွက်သည် မဲနယ်ရောင်ဆိုးဆေးတစ်မျိုးထွက်ပြီး အစေ့ကိုစားနိုင်သည်။

တောင်ဇလပ်ပန်းသည် ဝတ်ရည်ချိုပြီး ဝတ်ရည်သောက်လျှင် အားပြည့်သည်ဟု ချင်းလူမျိုးများက အယူအဆရှိပြီး အခေါက်နှင့် အမြစ်သည် အဆိပ်ရှိသောသတ္တဝါများကိုက်လျှင် အဆိပ်ဖြေဆေးအဖြစ် အသုံးပြုကြကာ အပွင့်သည်လည်း ဆေးဖက်ဝင်သည်ဟုဆိုသည်။

ချင်းတောင်၏ အထိမ်းအမှတ် သင်္ကေတ တော်ဝင်ပန်းဖြစ်သည့် တောင်ဇလပ်ပန်းသည် ဒီဇင်ဘာလဆန်းပိုင်းမှ စတင်ဖူးပွင့်လာပြီး ဖေဖော်ဝါရီလတွင် တစ်ပင်လုံး နီနီရဲရဲ အပြိုင်အဆိုင် ဝေဝေဆာဆာ ဖူးပွင့်လျက် မတ်လကုန်ခါနီးလောက်တွင် အပွင့်များ ညှိုးရော်လာကြောင်း သိရသည်။

ထို့ကြောင့် ဆေးဖက်ဝင်ပြီး အထိမ်းအမှတ်သင်္ကေတတစ်ခုဖြစ်သော ချင်းပြည်နယ်၏ တောင်ဇလပ်ပင်များအား ထိန်းသိမ်းသင့်ကြောင်း ဒေသခံများက ပြောသည်။

**ဂျူနိုင်း**

ဆရာချမ်းဇော်ထက် စီစဉ်သည့် No. 15, December
EVER ENGLISH ထွက်ပြီ
Audio-Video CD ပါရှိသည့် 5 Skills မဂ္ဂဇင်း
အသံဖိုင်နှင့် ရုပ်သံဖိုင်ပေါင်း (၃၀)ကျော် ပါရှိသဖြင့်
နားထောင်စွမ်းရည်ကို တဝကြီး လေ့ကျင့်နိုင်ပါသည်
CD အပါ (၁၅၀၀)ကျပ် | ချမ်းဇော်ထက်စာပေ ၀၉ ၇၃၁၀၉၄၄၆

## လက်ထပ်ပြီးစီးပါကြောင်းကြေညာခြင်း

ကျွန်တော် မောင်အောင်မျိုးထွန်း[၁၂/ဒပန(နိုင်)၀၄၆၂၄၂]နှင့် ကျွန်မ မခင်ချယ်ရီသွင်[၁၂/သဃက(နိုင်)၁၆၃၀၈၈]တို့သည် ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သော မိဘဆွေမျိုးများ၏ရှေ့မှောက်တွင် အကြင်လင်မယားအဖြစ် လက်ထပ်ထိမ်းမြားပြီးစီးပါကြောင်း ကြေညာအပ်ပါသည်။

မောင်အောင်မျိုးထွန်း-မခင်ချယ်ရီသွင်

## ကြော်ငြာစာ

